မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၀၈]

မိဘအမွေ

* မိခင်ဆိုဆုံးမမှုကောင်းလျှင် သားသမီးများ နှုတ်အမူအရာ ယဉ်ကျေး၏။
* ဖခင်ဆိုဆုံးမမှုကောင်းလျှင် သားသမီးများ ကိုယ်အမူအရာ ယဉ်ကျေး၏။
* မိခင် ဖခင်နှစ်ဦးလုံး ဆိုဆုံးမမှုကောင်းလျှင် သားသမီးများ နှုတ်အမူအရာ ကိုယ်အမူအရာ နှစ်ပါးလုံးယဉ်ကျေးကြ၏။

(လောကနီတိ)

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားကျင်းပ

သဘာဝအလှအပကို ပိုင်ဆိုင်ထားသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်

လဟယ် ဇန်နဝါရီ ၁၅

၂၀၁၆ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လဟယ်မြို့ ရွှေပြည်သာ အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဦးရဲမြင့်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစ်ကြူးနှင့်အဖွဲ့ဝင်များ၊ ဒေသခံ နာဂတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

နာဂရိုးရာ နှစ်သစ်ကူးပွဲ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် နှုတ်ခွန်းဆက် စကားပြောကြားစဉ်။

(သတင်းစဉ်)

နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံတိုင်းရင်းသူများကို တွေ့ရစဉ်။

(သတင်းစဉ်)

လျှောင်လုပ်ခဲ့သည်ရှိသော်

မည်သည့်သဘာဝဘေးမဆို ကြိုတင်ကာကွယ်နိုင်ခြင်းသည် ဘေးအန္တရာယ်မှလျော့ပါးသက်သာအောင် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ဘေးအန္တရာယ်မဖြစ်ပွားအောင် ကြိုတင်ပြင်ဆင်ထားခြင်း၊ ဘေးအန္တရာယ်ကျရောက်သည့်အခါ လုပ်နည်းလုပ်ဟန်နှင့်လိုက်နာရန် စည်းကမ်းများသိရှိထားခြင်းတို့ကြောင့် ဘေးအန္တရာယ်မှ လျော့ပါးသက်သာစေနိုင်ပါသည်။

လွန်ခဲ့သည့်ရက်ပိုင်းအတွင်း ရန်ကုန်မြစ်ဝကိုဗဟိုပြုကာ အင်အားအသင့်အတင့်ရှိသော ငလျင်သုံးကြိမ် လှုပ်ခဲ့ကြောင်း ကြားသိရသည်။ ဇန်နဝါရီ ၁၂ ရက် ည ၉ နာရီခန့်က အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ မြေငလျင်တစ်ခု ရန်ကုန်တိုင်းဒေသကြီး လက်ခုပ်ကုန်းအနီး ရန်ကုန်မြစ်ဝကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ပြီးနောက် ငလျင်ငယ်များ ဆက်တိုက်လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ငလျင်ပညာရှင်တို့၏ အဆိုအရ အင်အားကြီးငလျင်မလှုပ်ခတ်မီ အကြိုငလျင်ငယ်များ လှုပ်လေ့ရှိသည်ဟု ဆိုပါသည်။ ၁၉၇၀ ပြည့်နှစ်က ရန်ကုန်မြို့၌ ရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အားပြင်းငလျင်မလှုပ်မီ အကြိုငလျင် ၁၀ ကြိမ်ခန့် လှုပ်ခတ်သွားကြောင်း ငလျင်မှတ်တမ်းများအရသိရသည်။ ဤသည်ကို ထောက်ရှုလျက် ကျွန်ုပ်တို့အနေဖြင့် ငလျင်အတွက်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပြီဖြစ်ကြောင်း အသိပေးလိုက်ခြင်းဖြစ်ပါသည်။ မည်သည့် သဘာဝဘေးမဆို မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သို့ဖြစ်မည်ကို တပ်အပ်ပြောနိုင်ခြင်းမရှိ၍ ကြိုတင်ပြင်ဆင်ထားခြင်းသည် အကောင်းဆုံးသော ကာကွယ်မှုတစ်ခုဖြစ်ပါသည်။

ငလျင်နှင့်ပတ်သက်၍ ပြည်သူအသိပညာပေးလုပ်ငန်းများ မြှင့်တင်သွားရန် လိုအပ်လာပြီဖြစ်ပါသည်။ ငလျင်မကြာခဏ လှုပ်သောနိုင်ငံများတွင် မူလတန်းအရွယ် ကလေးများမှစ၍ ကျောင်းစာသင်ခန်းများ၌ပင် ငလျင်နှင့်ပတ်သက်သော ဆောင်ရန်ရှောင်ရန်အသိပညာများ ဖြန့်ဝေပေးလျက်ရှိပါသည်။ ရုတ်တရက် ငလျင်လှုပ်ချိန်တွင် စာသင်ခုံ၊ စားပွဲ၊ ကုလားထိုင်၊ ခုတင်စသည့် အမာခံရှိသောအရာဝတ္ထုများအောက်တွင် ဝင်ရောက်နေထိုင်ခြင်းဖြင့် ငလျင်ကြောင့် ပြိုကျပျက်စီးနိုင်သည့်အရာများ ကျရောက်မှုမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

အင်အားအတန်အသင့်ရှိသော ငလျင်များလှုပ်ချိန် လူတိုင်း ငလျင်လှုပ်သည်ကို မသိနိုင်သော်လည်း အများစုမှာ သိနိုင်သည့် အနေအထားရှိပါသည်။ သို့သော် ပြင်းထန်သော ငလျင်လှုပ်မှုကိုမူ လူတိုင်းသိရှိနိုင်ပါသည်။ ငလျင်လှုပ်မှုကို သိရှိလိုက်ချိန်တွင် အချို့သောသူများမှာ အလွန်ပင်စိုးရိမ်ကြောက်လန့်နေတတ်ကြပါသည်။ အမှန်မှာ အလွန်အကြောက်လွန်စရာလိုမည် မဟုတ်ပါ။ ငလျင်အတွက် ကြိုတင်ပြင်ဆင်မှုများကို လိုက်နာဆောင်ရွက်လိုက်ခြင်းဖြင့် အန္တရာယ်မှကင်းဝေးနိုင်မည်ဖြစ်ပါသည်။

ငလျင်လှုပ်ချိန်တွင် အိမ်ဘေးကွက်လပ်နေရာများ၌ ဆင်း၍ ရှောင်ကွင်းနိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ သို့သော် အထပ်မြင့်နေအိမ်များ၌ စားပွဲ၊ ကုလားထိုင်၊ ခုတင်အစရှိသော အမာခံများအောက်တွင် ခိုအောင်းနေခြင်းသည် အန္တရာယ်မှလွတ်ကင်းသက်သာနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ မိုးကားမပြို၊ ပြိုခဲ့သည်ရှိသော်ဆိုသည့် စကားအတိုင်း မည်သည့်သဘာဝဘေးမဆို ကြိုတင်ကာကွယ်ထားခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

အမျိုးသားသွေးဌာနမှ အခကြေးငွေမယူဘဲ လုံလောက်စွာ သွေးကူညီထောက်ပံ့

ရန်ကုန် ဇန်နဝါရီ ၁၅

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားသွေးဌာန (ရန်ကုန်) နှင့် ဂျပန်နိုင်ငံ National Center for Global Health and Medicine တို့ ပူးပေါင်းဆောင်ရွက်သော Education Symposium on Blood Transfusion နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်ခဲ့ရာ မြန်မာနိုင်ငံတွင် ၁၉၃၅ ခုနှစ်ခန့်ကပင် သွေးသွင်းကုသခြင်းကို စတင်ဆောင်ရွက်ခဲ့သည်ဟု သိရှိရပါကြောင်း၊ ၁၉၆၂ ခုနှစ်တွင် ဗဟိုအမျိုးသား သွေးလှူဘဏ်ကော်မတီဖွဲ့စည်းခဲ့သည်မှ အစပြုကာ စေတနာသွေးလှူရှင်များ ထောက်ပံ့သော သွေးလှူဘဏ်စနစ်ကို အစပျိုးခဲ့သည်ဟု သိရှိရပါကြောင်း။

၂၀၀၃ ခုနှစ်တွင် သွေးနှင့်သွေးပစ္စည်းဆိုင်ရာ ဥပဒေကို ထုတ်ပြန်နိုင်ခဲ့ပြီး ခေတ်နှင့်အညီ ပေါ်ပေါက်လာသော သွေးသွင်းကုသမှု၏ နောက်ဆက်တွဲ ဆိုးကျိုးများကို ကာကွယ်ရန် ကြိုးပမ်းခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အမျိုးသားသွေးဌာနမှ သွေးယူနစ်ပေါင်း ၁၁၂၁၀၇ ယူနစ် ဖြန့်ဖြူးခဲ့ရာ စေတနာသွေးလှူရှင် ၉၇ ရာခိုင်နှုန်းက ထောက်ပံ့ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်၏ထောက်ပံ့မှု၊ ဆေးပညာကျွမ်းကျင်သူများ၏ဆောင်ရွက်မှု၊ စေတနာသွေးလှူရှင်များ၏ လှူဒါန်းမှု၊ သွေးလှူဘဏ်များ၏ ထောက်ပံ့မှုများမှာ လူနာများအတွက် အမှန်တကယ်ထိရောက်မှုရှိသည်ဟု သိရှိရပါကြောင်း။

လူနာများအတွက် ပြီးပြည့်စုံသော ကုသမှုရရှိရန်မှာ ထောက်ပံ့သည့် သွေးလှူဘဏ်လုပ်ငန်းများနှင့် ကုသမှုကို တာဝန်ယူရသော ပညာရှင်များ အတူတကွ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သဖြင့် ဆေးကုသမှု နယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များ ယခုကဲ့သို့ လာရောက်ဆွေးနွေးကြခြင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ယင်းနောက် NCGM မှ Dr Ikuma Nozaki က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အခမ်းအနားသို့ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံကြီးများမှ ရောဂါဗေဒ ဆရာဝန်ကြီးများ၊ အထူးကု ဆရာဝန်များ၊ ဂျပန်၊ စင်ကာပူ၊ ဟောင်ကောင်၊ USA၊ လူဇင်ဘတ်နိုင်ငံတို့မှ ပညာရှင်များ တက်ရောက်ကြသည်။

ယခုအခါ နိုင်ငံတော်မှ ကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေများ တိုးမြှင့်ချထားပေးသဖြင့် လူနာများအတွက် အန္တရာယ်ကင်းသော သွေးနှင့်သွေးပစ္စည်းများကို အခကြေးငွေမယူဘဲ လုံလောက်စွာ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ - အိန္ဒိယစီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ထုတ်ကုန်ပြပွဲ မုံရွာတွင် ကျင်းပမည်

မုံရွာ ဇန်နဝါရီ ၁၅

မြန်မာ- အိန္ဒိယနှစ်နိုင်ငံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ယဉ်ကျေးမှုများ နှီးနှောဖလှယ်ခြင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး (မန္တလေး)တို့ ပူးပေါင်း၍ ဒေသတွင်း စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ထုတ်ကုန်ပြပွဲကို မုံရွာမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဒေသတွင်း စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ထုတ်ကုန်ပြပွဲ ကျင်းပမည့်အခြေအနေနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက "ကုန်စည်ပြပွဲကို မြို့တော်ခန်းမမှာ ဇန်နဝါရီ ၁၈ ရက်ကနေစပြီး အိန္ဒိယနိုင်ငံ မဏိပူ၊ အာသံ၊ နာဂလန်းနဲ့ မီဇိုရမ်ပြည်နယ်တို့က ကုန်သည်ကြီးတွေက စိုက်ပျိုးရေးနဲ့ သက်ဆိုင်တဲ့ ပစ္စည်းတွေ၊ အထည်အလိပ်၊ ဆေးဝါးနဲ့ လူသုံးကုန်ပစ္စည်းတွေ၊ မြန်မာနိုင်ငံက လယ်ယာထွက်ကုန်၊ သစ်အခြေခံထုတ်ကုန်၊ လက်မှုပစ္စည်းများ၊ ဒေသထွက်ကုန်စတဲ့ ပစ္စည်းတွေ ပြသရောင်းချသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ မြန်မာ - အိန္ဒိယနှစ်နိုင်ငံဒေသတွင်း စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ထုတ်ကုန်ပြပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ရာ ပြည်တွင်းမှ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ဖိုးချမ်း(မုံရွာ)

သောက်သုံးရေကန်များ ရေဖြည့်တင်းခြင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၅

မိုးရေနှင့် ချောင်းရေ(ရေချို)တို့ကိုသာ အားထားရသော ဆိပ်ကြီးခနောင်တိုမြို့နယ်၌ နွေရာသီကာလအတွင်း သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေးအတွက် ရေနှင့်ရေသန့်ဌာနမှ မြို့အတွင်းရှိ သောက်သုံးရေကန်များအား ချောင်းရေမှတစ်ဆင့် ရေချိုဖြည့်သွင်းခြင်းကို ဇန်နဝါရီ ၈ ရက်မှစတင်၍ ရေစုပ်စက်များဖြင့် ဖြည့်တင်းလျက်ရှိကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

တောင်သာမြို့လယ် အမှိုက်ပုံကြီး ရှင်းလင်းပေးစေလို

ထင်သာမြင်သာပြုပြင်စရာ

တောင်သာမြို့၏ အချက်အချာ နေရာဖြစ်သည့် ခန်းမနှင့်နာရီစင်၏ အရှေ့ဘက်တွင် ဘဏ်နှင့် ရုံးများတည်ရှိနေပြီး စာတိုက်လမ်းသွယ်ရှိ ရုံးများ ဝင်ပေါက်လမ်းမပေါ်၌ စွန့်ပစ်အမှိုက်ပုံကြီးမှာ အချိန်ကာလကြာမြင့်နေပြီဖြစ်သည်။

အဆိုပါ လမ်းသွယ်တစ်လျှောက်သည် ပြည်သူများ နေ့စဉ်သွားလာလျက်ရှိရာ အဆိုပါ စွန့်ပစ်အမှိုက်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် အနံ့ဆိုးများကို ခံစားနေရပြီး မြို့အင်္ဂါရပ်နှင့် မတင့်တယ်သည့်အတွက် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၁-၂၀၁၆

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၅၂၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၀၈၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၅၄၅၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

ဒီဇယ်	၅၇၀ / ၆၁၀ ကျပ်
အောက်တိန်း ၉၂	၆၁၀ / ၆၃၀ ကျပ်
အောက်တိန်း ၉၅	၇၁၀ / ၇၃၀ ကျပ်
ပရီမီယံဒီဇယ်	၆၁၀ / ၆၆၀ ကျပ်

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

ဒီဇယ်	၆၅၀ / ၆၆၀ ကျပ်
အောက်တိန်း ၉၂	၆၉၀ / ၇၁၀ ကျပ်
အောက်တိန်း ၉၅	၈၂၀ / ၉၀၀ ကျပ်
ပရီမီယံဒီဇယ်	၇၀၀ / ၇၁၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀	- ၇၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀	- ၆၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀	- ၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀	- ၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀	- ၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀	- ၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀	- ၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀	- ၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀	- ၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀	- ၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀	- ၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀	- ၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၉၉
ဥရောပ	တစ်ယူရို	၁၄၁၄.၆
စင်ကာပူ	တစ်ဒေါ်လာ	၉၀၃.၁၆
ထိုင်း	တစ်ဘတ်	၃၅.၉၇
အိန္ဒိယ	တစ်ရူပီး	၁၉.၄၀
တရုတ်	တစ်ယွမ်	၁၉၇.၅၆
မလေးရှား	တစ်ရင်းဂစ်	၂၉၅.၀၉

ခင်ရတနာ-စုစည်းသည်။

✻ *ကျော်ဖုံးမှ*

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ၂၀၁၆ ခုနှစ် (၆၄)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှ ၂၀၁၆ ခုနှစ် (၆၄)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ကယားပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးတောရယ်က ဖတ်ကြားသည်။

ယင်းနောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက (၆၄) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် ကယားပြည်နယ်သည် မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ကရင်ပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါကြောင်း၊ အကျယ်အဝန်း ဧရိယာစတုရန်းမိုင်ပေါင်း ၄၅၃၀ ခန့်ရှိပြီး လူဦးရေစုစုပေါင်း ၂၉၀၆၈၇ ဦးအနက် ကယားတိုင်းရင်းသားဦးရေသည် ၅၆ ရာခိုင်နှုန်းခန့် အများဆုံး ပါဝင်လျက်ရှိပါကြောင်း။

ကယားပြည်နယ်တွင် ကယားလူမျိုးစုများဖြစ်ကြသည့် ကယား၊ ကယန်း(ပဒေါင်)၊ ဂေခို၊ ဂေဘား၊ ကယန်း(လထ)(ခေါ်) ဇယိမ်း၊ ကယော၊ ယင်းဘော်၊ ယင်းတလဲ၊ မနုမနော တိုင်းရင်းသားများအပြင် ပအိုဝ်း၊ အင်း၊ ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် အခြားတိုင်းရင်းသားမျိုးစုံ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လျက်ရှိကြပါကြောင်း၊ စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ပြည်နယ်ကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက် စည်ပင်ဝပြောလာအောင် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "နိုင်ငံရေးအင်အားဆိုတာကတော့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပဲဖြစ်ပါတယ်။ လူမျိုးစုပေါင်း ၁၀၀ ကျော်နဲ့ စုစည်းနေထိုင်ကြတဲ့ ကျွန်တော်တို့နိုင်ငံအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အလွန်အရေးကြီးပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရင် နိုင်ငံတော်ကြီးလည်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးသွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အထူးအလေးထားပြီး တည်ဆောက်သွားမှာဖြစ်တယ်" ဟု မိန့်ကြားခဲ့ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့် ကယားပြည်နယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြရာတွင် ပြည်နယ်အတွင်း၌ ရှိကြသည့် ဌာနဆိုင်ရာအသီးသီးမှ အရာထမ်း၊ အမှုထမ်းအားလုံးသာမက ဒေသခံတိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမအားလုံးတွင်လည်း တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲပါဝင်ကြရန် အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကယားပြည်နယ်နေ့အထိမ်းအမှတ် စပါးထောင်းပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတသည် (၆၄) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကယားပြည်နယ်နေ့ ပွဲတော်ကွင်း၌ ကျင်းပပြုလုပ်သည့် ကယားရိုးရာနပန်းပြိုင်ပွဲ (ကယား + ကယန်း)၊ စပါးထောင်းပြိုင်ပွဲ၊ ကရာတေးဒိုပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး အမျိုးသားတံခွန်စိုက်ဆု၊ အမျိုးသမီးတံခွန်စိုက်ဆု၊ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် ဂုဏ်ပြုဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကယားပြည်နယ်အထိမ်းအမှတ်ဥယျာဉ်သို့ သွားရောက်လေ့လာရာ ကယားပြည်နယ်ဝန်ကြီးချုပ်က လိုက်လံရှင်းလင်းပြသသည်။

ပထမဦးဆုံးသော ကယားပြည်နယ်နေ့အခမ်းအနားကို ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကယားပြည်နယ်၏ နာမကရဏသဘင်အဖြစ် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၆၄)နှစ်မြောက်ခဲ့ပြီ ဖြစ်သည်။

၁၉၄၉ ခုနှစ် ဩဂုတ် ၁၀ ရက်တွင်ကျင်းပသည့် ကရင်နီပြည်နယ်ကောင်စီ ဒုတိယညီလာခံနှင့် ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပသည့် တိုင်းပြုပြည်ပြုလွှတ်တော်(ပါလီမန်)တို့၌ "ကရင်နီပြည်နယ်" အစား **"ကယားပြည်နယ်"** ဆိုသည့် အမည်ကို ပြောင်းလဲခေါ်ဆိုနိုင်ရန် အဆိုတင်သွင်းခဲ့ကြသည်။ ပြည်နယ်ခေါင်းဆောင်များ၏ ကြိုးပမ်းမှုများကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "ကရင်နီ" ဆိုသည့် စကားရပ်ပါရှိသည့် နေရာတိုင်း၌ "ကယား" ဆိုသည့် စကားရပ်ကို ပြောင်းလဲသုံးစွဲရန် ပြဋ္ဌာန်းခဲ့သည်။

ကယားအမျိုးသားခေါင်းဆောင်များနှင့်တကွ စောဖျာများ၊ ပြည်နယ်သူ ပြည်နယ်သားများ၏ဆန္ဒအရ မိမိတို့ပြည်နယ်ကို "ကယားပြည်နယ်" ဟု ခေါ်ဆိုခွင့်ရခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ကယားအမျိုးသားခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းအောင်မြင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်ကို "ကယားပြည်နယ်နေ့" အဖြစ် သတ်မှတ်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်ရှိ တောင်ကွဲစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကိုပူဇော်ကာ အလှူငွေများ လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လွိုင်ကော်မြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ပြန်လည်ထွက်ခွာရာ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၆ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

လူဦးရေက တစ်နေ့တခြားတိုးပွားလာသည်။ အထူးသဖြင့် လူမှုဘဝ နေထိုင်မှုပုံစံပြောင်းလဲလာသည့် ယနေ့ခေတ်တွင် အိမ်ရာအဆောက် အအုံများ လိုအပ်ချက်မြင့်မားလာသည်။ မိသားစုတစ်စုချင်းအတွက် လိုအပ်သောနေအိမ် အဆောက်အအုံများကို တစ်နေရာတည်း စိတ်တိုင်းကျ လေ့လာရွေးချယ်နိုင်သည့် စတုတ္ထအကြိမ် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၆ ဖွင့်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီကကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဝန်ကြီးများ၊ Summer Breeze Trading Co., Ltd .(HSG Myanmar) မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းတစ်ကျော်၊ MKT Construction Co., Ltd. မှ Chairman & CEO ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

ပြပွဲတွင် ကုမ္ပဏီ ၆၀ က ပြခန်းပေါင်း ၁၀၀ ကို ခင်းကျင်းကာ ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပေးသွားမည်ဖြစ်သည်။ ပြခန်းများ၌ အိမ်ရာအဆောက် အအုံများ၊ တိုက်ခန်းများ၊ လုံးချင်းအိမ်များ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ခေတ်မီပရိဘောဂပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ ကြမ်းခင်းပစ္စည်းအမျိုးမျိုးနှင့် ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုးတို့ကို စုံလင်စွာ ပြသထားသည်။

ပြပွဲကာလအတွင်း ပြည်သူများအနေဖြင့် အိပ်ခန်း၊ တိုက်ခန်းများကို အထူး ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ပြီး စိတ်တိုင်းကျ လေ့လာရွေးချယ်နိုင်မည်ဖြစ်သည်။ လုပ်ငန်းရှင်များအနေဖြင့်လည်း ပြည်သူများနှင့်တိုက်ရိုက်ထိတွေ့ကာ မိမိတို့၏ထုတ်ကုန်ပစ္စည်းများကို တိုက်ရိုက်ဖြန့်ဖြူးနိုင်သကဲ့သို့ အားသာချက်၊ အားနည်းချက်များကို သိရှိနိုင်မည်ဖြစ်သည်။

ပြပွဲရက်များအတွင်း လာရောက်လေ့လာသူပြည်သူများအား အသိပညာဗဟုသုတများရရှိစေရန် ဒေါက်တာမောင်အောင်၊ ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ဦးမျိုးမြတ်သူတို့က ၂၀၁၅ ခုနှစ်အလွန်အိမ်ခြံမြေဈေးကွက်အလားအလာနှင့် စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၅ ရက်တွင် လည်းကောင်း၊ ဦးစိုင်းခွန်နောင်က အမွေအိမ်ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၆ ရက်တွင်လည်းကောင်း၊ ဦးဝင်းဇော် (CHD Bank)၊ ဒေါက်တာ မောင်မောင်စိုး(ဘောဂဗေဒ)၊ ဦးမျိုးမြင့် (MKT Construction) နှင့် ဦးကျော်စည်သူ (Success Property Consultant) တို့က အိမ်ရာလိုအပ်ချက်နှင့် အိမ်ရာချေးငွေခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၇ ရက်တွင် လည်းကောင်း ဆွေးနွေးကြမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာနိုင်ပြီး နေ့စဉ် မိုဘိုင်းဖုန်းဟန်းဆက်သုံးလုံးနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

အမျိုးသားစာပေဆုရ ကဗျာဆရာ မောင်လင်းကြည်အား ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

ပြည် ဇန်နဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်း၏ နာယကတစ်ဦးဖြစ်သော အငြိမ်းစားပါမောက္ခချုပ် ဆရာကြီးဦးမြဝင်း(မြဝင်း-ဒဿန) သည် မောင်လင်းကြည် ကလောင်အမည်ဖြင့် မိုးဦး လေဦး ကဗျာများစာအုပ် ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဆု(ကဗျာပေါင်းချုပ်ဆု)ရရှိသဖြင့် ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့်ယဉ်ကျေးမှုပြတိုက်အသင်းကြီးက ဇန်နဝါရီ ၁၅ ရက် နံနက် ၇ နာရီတွင် အသင်းတိုက်၌ ဂုဏ်ပြုပွဲကျင်းပရာ ပြည်မြို့နယ်စာရေးဆရာအသင်း စာရင်းစစ်/စည်းရုံးရေးမှူး ဒေါ်နန်းနန်း(စာရေးဆရာမနန်းမုန်ဝေ)က ဂါရဝပြုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

မြေအောက်ရေတူးဖော်ရန် မြေနေရာလှူဒါန်း

မြိုင် ဇန်နဝါရီ ၁၅

မကွေးတိုင်းဒေသကြီး မြိုင်မြို့ (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွက် လိုအပ်နေသော သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်သည့်မြေအောက်ရေတူးဖော်ရန်အတွက် ဆေးရုံနှင့် ပေ ၃၀၀၀ နီးပါး အကွာအဝေးရှိ မြေအောက်ရေထွက်ရှိသည့် မြိုင်မြို့ပတ်လမ်းရိပ်သာအနီး မြေနေရာကို ဇန်နဝါရီ ၁၃ ရက်က အလှူရှင် ဦးသစ်လွင်-ဒေါ်တင်မူက တာဝန်ရှိသူများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

စိန်မြိုင်(မြိုင်)

ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လတ်အား ရုံးထုတ်စစ်ဆေး၊ ပြစ်မှုထင်ရှားက ထောင် ၁၀ နှစ်အထိ ချမှတ်ခံရဖွယ်ရှိ

ဗန်ကောက် ဇန်နဝါရီ ၁၅

ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လတ်ရှင်နာဝပ်ထရာအား အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များဖြင့် သောကြာနေ့က ရုံးထုတ်စစ်ဆေးခဲ့ရာ လက်ရှိအစိုးရက ၎င်းနှင့် ၎င်း၏မိသားစုအား ချုပ်ကိုင်ရန် ကြိုးပမ်းမှုဖြစ်ကြောင်း ရင်လတ်က ထောက်ခံသူများအား ပြောသည်။

၂၀၀၆ ခုနှစ်က ဝန်ကြီးချုပ်အဖြစ်မှ ဖယ်ရှားခံရသော သက်ဆင်ရှင်နာဝပ်၏ ညီမဖြစ်သူ ရင်လတ်အစိုးရကို ၂၀၁၄ ခုနှစ်က ဖယ်ရှားခဲ့သည်။ ရင်လတ်သည် ဆန်စပါးအမြတ်တော်ငွေစီမံကိန်းအပေါ် အလွဲသုံးစားမှုနှင့်ပတ်သက်၍ တရားရုံး၌ အမှုရင်ဆိုင်နေရသည်။

၎င်းအား စစ်ခုံရုံးက လွဲမှားသော စီမံခန့်ခွဲမှုအတွက် အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံရေးလောကမှ ငါးနှစ်ကြာပိတ်ပင်ခဲ့သည်။

ရင်လတ်သည် ပြစ်မှုထင်ရှားစီရင်ခံရလျှင် ဆယ်စုနှစ်တစ်ခုကြာ ထောင်ကျနိုင်သည်ဟု ဆိုသည်။ "ကျွန်မအနေနဲ့ အကောင်းဆုံး ပြင်ဆင်ထားပါတယ်" ဟု ရင်လတ်က တရားရုံးအပြင်ဘက်တွင် သတင်းထောက်များအား ပြောကြားသည်။ **(ရိုက်တာ)**

တရုတ်နိုင်ငံတွင် ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီ ၅၀၀ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်

ပေကျင်း ဇန်နဝါရီ ၁၅

ကမ္ဘာ့ ဒုတိယအကြီးဆုံးစီးပွားရေးအလားအလာရှိသော တရုတ်နိုင်ငံတွင် ဆက်လက်ရင်းနှီးမြှုပ်နှံမှုများကို ပြသသည့်အနေဖြင့် ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီ ၅၀၀ သည် လွန်ခဲ့သောနှစ်က အဆိုပါနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ပြုလုပ်ခဲ့ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြသည်။

နိုင်ငံပေါင်းစုံ ရင်းနှီးမြှုပ်နှံမှုများပါဝင်သော ဂျာမနီနိုင်ငံ၏ အော်ဒီ၊ အီတလီနိုင်ငံ၏ ဖီးယက်၊ တောင်ကိုရီးယားနိုင်ငံ၏ ဆမ်ဆောင်း၊ အမေရိကန်နိုင်ငံမှ အင်တဲလ်အပါအဝင် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီ ၅၀၀ သည် ၂၀၁၅ ခုနှစ်တွင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို တရုတ်နိုင်ငံတွင် တိုးမြှင့်မြှုပ်နှံခဲ့သည်။

ကုမ္ပဏီတစ်ခုချင်းစီက အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ရရှိရေး အပြိုင်အဆိုင်ကြိုးစားခဲ့ကြောင်း ဝန်ကြီးဌာန၏စာရင်းဇယားများက ဖော်ပြသည်။

၂၀၁၅ ခုနှစ်တွင် ဒေသတွင်းရုံးချုပ်များနှင့် သုတေသနဌာနတည်ဆောက်မှုများလည်း တိုးတက်များပြားလာခဲ့ကြောင်း၊ ယခုအချိန်ထိ နိုင်ငံတကာကုမ္ပဏီများက တရုတ်နိုင်ငံတွင် သုတေသနဌာနပေါင်း ၂၄၀၀ ကျော်တည်ဆောက်ခဲ့ကြောင်း ယင်းဝန်ကြီးဌာနက ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

ဂျကာတာတိုက်ခိုက်မှု အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပြင်းထန်စွာ ရှုတ်ချ

ဘန်ဒါဆီရီဘီဂါဝန် ဇန်နဝါရီ ၁၅

အာဆီယံအဖွဲ့ဝင်နိုင်ငံများက အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာတွင် ကြာသပတေးနေ့က တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒဏ်ရာအနာတရ ရရှိမှုဖြစ်ပေါ်စေခဲ့သောကြောင့် ထိုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြင်းထန်စွာရှုတ်ချကြောင်း ဇန်နဝါရီ ၁၅ ရက်က ကြေညာချက် တစ်စောင်ထုတ်ပြန်ခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက်တွင် ဂျကာတာမြို့ တိုက်ခိုက်ခံရခြင်းအတွက် အင်ဒိုနီးရှားအစိုးရသာမက ပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြောင်း၊ အထူးသဖြင့် တိုက်ခိုက်မှုတွင် သေဆုံးသွားသော မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

ဘိုကိုဟာရမ် ပြန်ပေးဆွဲ ကျောင်းသူများကို လွှတ်ပေးရန် မိခင်များတောင်းဆို

အဘူဂျာ ဇန်နဝါရီ ၁၅

လွန်ခဲ့သောနှစ်နှစ်က နိုင်ဂျီးရီးယားနိုင်ငံ ကျောင်းများမှ ပြန်ပေးဆွဲသွားသော ကျောင်းသူများ၏မိသားစုများက ၎င်းတို့၏ ကလေးများပြန်လည်လွတ်မြောက်ရေးအတွက် အရေးယူဆောင်ရွက်မှုများ အလျင်အမြန်ပြုလုပ်ပေးရန် တောင်းဆိုလိုက်ကြသည်။

မိသားစုဝင် ၃၀၀ နီးပါးနှင့် ထောက်ခံဆန္ဒပြသူများသည် နိုင်ဂျီးရီးယားမြို့တော်အဘူဂျာရှိ လမ်းများတစ်လျှောက် ကြာသပတေးနေ့က ချီတက်ဆန္ဒပြခဲ့ကြသည်။ လွန်ခဲ့သော ၂၀၁၄ ခုနှစ် ဧပြီလက ဘိုကိုဟာရမ်စစ်သွေးကြွများသည် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကျောင်းတစ်ကျောင်းကို ဝင်ရောက်စီးနင်းပြီး ကျောင်းသူ ၂၀၀ ကျော်ကို ပြန်ပေးဆွဲသွားခဲ့သည်။ ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က မိန်းကလေးများကို ကျွန်အဖြစ်ရောင်းစားမည်ဟု ခြိမ်းခြောက်ခဲ့မှုကြောင့် ကမ္ဘာကြီးတစ်ခုလုံးဂယက် ရိုက်ခတ်သွားခဲ့သည်။

ထိုအချိန်မှစ၍ ၎င်းမိန်းကလေးများနှင့်ပတ်သက်သော သတင်းဖော်ပြချက် တစ်စုံတစ်ရာ မကြားရတော့ချေ။ ကျောင်းသူများ၏မိခင်များမှာ ဝမ်းနည်းငိုယိုကာ ချီတက်ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သည်။ ဆန္ဒပြသူများက မိန်းကလေးများကို တတ်နိုင်သလောက်ကူညီမှုလုပ်ပေးမည်ဟု ကတိပေးခဲ့သည့် နိုင်ဂျီးရီးယားသမ္မတ ဘူဟာရီနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်ကုန်ပိုင်းကတည်းက ဘူဟာရီသည် ဘိုကိုဟာရမ်စစ်သွေးကြွများကို အမြစ်ပြတ်နှိမ်နင်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ယင်းစစ်သွေးကြွအဖွဲ့မှာ တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

ဒရုန်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွခေါင်းဆောင်သေဆုံး

ကဘူးလ် ဇန်နဝါရီ ၁၅

အာဖဂန်နစ္စတန် အရှေ့ဘက်တွင် မောင်းသူမဲ့ယာဉ် (ဒရုန်း) တိုက်ခိုက်မှုကြောင့် အိုင်အက်စ် အကြမ်းဖက် စစ်သွေးကြွ ခေါင်းဆောင်တစ်ဦးနှင့်အတူ အဖွဲ့ဝင် တိုက်ခိုက်ရေးသမား ၁၀ ဦး သေဆုံးခဲ့ကြောင်း ပြည်တွင်းရုပ်သံက ဇန်နဝါရီ ၁၅ ရက်တွင် ဖော်ပြခဲ့သည်။

နန်ဂါဟာပြည်နယ် တောင်ကုန်းထူထပ်ရာ အချင်ဒေသ ဇဝါရာနယ်မြေတွင် လေကြောင်းချီ တိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အိုင်အက်စ်ခေါင်းဆောင် ဟာဖစ်ဇအစ်နှင့်အတူ အခြားအကြမ်းဖက်သမား ၁၀ ဦး ကျဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းရုပ်သံတိုလိုက ဖော်ပြခဲ့သည်။ သို့သော်လည်း လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည့် ရက်အတိအကျကို ဖော်ပြထားခြင်းမရှိပေ။ ဟာဖစ်ဇအစ်သည် လွန်ခဲ့သောနှစ်က အိုင်အက်စ်သစ္စာတော်မခံခင် တာရစ်ခ်အက်တာလီဘန်ပါကစ္စတန် (တီတီပီ) တပ်တွင် တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

သတင်းထုတ်လွှင့် ဖော်ပြချက်များအပေါ် သက်ဆိုင်ရာ အာဏာပိုင်များက မှတ်ချက်တစ်စုံတစ်ရာ မပြုသေးပေ။ နန်ဂါဟာပြည်နယ်မြို့တော်ဖြစ်သော ဂျာလာလာဘတ်တွင် လွန်ခဲ့သော ဗုဒ္ဓဟူးနေ့တိုက်ခိုက်မှုတွင် အိုင်အက်စ်သစ္စာတော်ခံ စစ်သွေးကြွများ၏ လက်ချက်ဖြစ်ကြောင်း သိရပြီး ယင်းတိုက်ခိုက်မှုတွင် တိုက် ခိုက်ရေးသမားသုံးဦးအပါအဝင် ၁၀ ဦးသေဆုံးခဲ့ပြီး အခြားတစ်ဒါဇင်နီးပါး ဒဏ်ရာရရှိခဲ့သည်။ **(ဆင်ဟွာ)**

ဂျကာတာမြို့လယ်တွင် တိုက်ခိုက်ခံရပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုကို ဆန့်ကျင်ကန့်ကွက်သည့် ပြည်သူလူထုအား တွေ့ရစဉ်။

ဂျကာတာတိုက်ခိုက်မှု သံသယရှိသူသုံးဦးအား ဖမ်းဆီး

ဂျကာတာ ဇန်နဝါရီ ၁၅

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ၌ အိုင်အက်စ်စစ်သွေးကြွများနှင့် သေနတ်သမားများ အသေခံတိုက်ခိုက် မှုဖြစ်ပွားခဲ့ပြီးတစ်ရက်အကြာ သောကြာနေ့က နိုင်ငံတစ်ဝန်း စီးနင်းရှာဖွေမှုများပြုလုပ်ခဲ့ရာ သံသယရှိ စစ်သွေးကြွသုံးဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲအဖွဲ့က ပြောသည်။

ကြာသပတေးနေ့နံနက်ပိုင်းက ဗုံးဖောက်ခွဲမှုများနှင့် သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ လူစည်ကားရာဈေးအနီး ခုနစ်ဦးသေဆုံးပြီး သေဆုံးသူများတွင် တိုက်ခိုက်ရေးသမားငါးဦးပါဝင်သည်ဟု ဆိုသည်။ အိုင်အက်စ်အဖွဲ့က ကမ္ဘာ့မွတ်စလင်လူဦးရေအများဆုံးနိုင်ငံအား ပထမဆုံးအကြိမ်အဖြစ် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုကြောင့် နိုင်ငံတစ်ဝန်းရှိ ရဲအရာရှိကြီးများကို သတိပေးတပ်လှန့်ထားခဲ့ပြီး ဂျကာတာရှိ သံရုံးအချို့ကိုလည်း ပိတ်ထားရကြောင်းသိရသည်။ ဩစတြေးလျနှင့်အခြားသော အာရှနိုင်ငံများမှ ခရီးသွားများလာရောက်ရာ ဘာလီကျွန်းကိုလည်း တစ်ရက်ကြာပိတ်ထားရသည်။ အကွက်ချတိုက်ခိုက်မှုသံသယရှိသူသုံးဦးအား ဂျကာတာတောင်ပိုင်း ဒီပေါမြို့နေအိမ်၌ ဖမ်းဆီးလိုက်ကြောင်း လုံခြုံရေးဝန်ကြီး လူဟွတ်ပန်ဂျက်တန်က ပြောသည်။ **(ရိုက်တာ)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Lee Baek-Soon အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးစံရွှေအောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

၂၅ တန်လျှော့ချ၍ ဖြတ်သန်းခွင့်ပြုခဲ့ခြင်းများကြောင့် ကုန်စည်ဝန်ဆောင်မှု သွင်းကုန် ထုတ်ကုန်လုပ်ငန်းလုပ်ကိုင်သည့် ယာဉ်မောင်းများနှင့် ကုန်သည်လုပ်ငန်းရှင်များ ကုန်စည်ကူးသန်းသယ်ဆောင်ရေးအတွက် အခက်အခဲတွေ့နေရကြောင်း သိရသည်။

ကုန်တင်ယာဉ်ကြီးများဖြင့် ကုန်သယ်ဆောင်ရာတွင် ဂျိုင်းဘက်အခြမ်းရှိ ရိုးမဟာ၌လည်းကောင်း၊ ကျုံဒိုးဘက်ခြမ်းရှိ နွားခြံကုန်း၊ ကော့လွဲကျေးရွာများ၌လည်းကောင်း၊ တန်ချိန်လျှော့ချခြင်း၊ ပြန်လည်တင်ဆောင်ခြင်း၊ ကားချိန်းခြင်းလုပ်ငန်းများဆောင်ရွက်နေကြရသည်ဟု သိရသည်။

ထိုသို့ တန်ချိန်လျှော့ချ၍ ဖြတ်သန်းအသုံးပြုခွင့်ပေးရခြင်းနှင့် ပတ်သက်ပြီး တံတားများကို သက်ဆိုင်ရာတာဝန်ရှိဌာနစစ်ဆေးချက်အရ တန်ချိန်လျှော့ချခဲ့ရခြင်းဖြစ်ကာ ကြိုးတံတားကို ၂၅ တန်ဖြင့် ဖြတ်သန်းခွင့်ပြုထားပြီး ပွန်တွန်းဗောတံတားကို သတ်မှတ်ချက်အရ တန် ၄၀ သာ ဖြတ်သန်းခွင့်ပြုထားခဲ့ကြောင်းသိရသည်။

ပွန်တွန်းဗောတံတားမှာ စတင်တည်ဆောက်သည့်ကာလတွင် ခံနိုင်ဝန်တန်ချိန် ၆၀ ထိ ဖြတ်သန်းအသုံးပြုခဲ့ရာမှ ယခုအခါ တံတားသက်တမ်းမှာ ငါးနှစ်အထိရှိလာ၍ ခံနိုင်ဝန်တန်ချိန် ၄၀ ထိသာ ဖြတ်သန်းခွင့်ပြုနေရခြင်းဖြစ်ကြောင်း၊ အကြီးစားပြင်ဆင်ရန် လိုအပ်ချက်များရှိသော်လည်း ကုန်စည်ကူးသန်းမှုမထိခိုက်စေရေးနှင့် ဘေးန္တရာယ်ကင်းစွာ ဖြတ်သန်းအသုံးပြုနိုင်ရေးအတွက် တန်ချိန်လျှော့ချ၍ ဖြတ်သန်းခွင့်ပြုထားရခြင်းဖြစ်ကြောင်း ပွန်တွန်းဗောတံတားတာဝန်ခံ မန်နေဂျာ ဦးမောင်မောင်လွင်ထံမှ သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

မနုဿဗေဒအခြေခံသဘောတရားနှင့် မြန်မာနိုင်ငံရှိ ပြည်ထောင်စုတိုင်းရင်းသားများ ဆင်းသက်လာပုံသမိုင်းကြောင်း ဆွေးနွေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၅

"မနုဿဗေဒ အခြေခံသဘောတရားနှင့် မြန်မာနိုင်ငံရှိ ပြည်ထောင်စုတိုင်းရင်းသားများ ဆင်းသက်လာပုံသမိုင်းကြောင်းကို မနုဿဗေဒအမြင်ဖြင့်လေ့လာခြင်း" ဆွေးနွေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့၊ ၎င်းတို့ပေါက်ဖွားဆင်းသက်လာပုံများကို မနုဿဗေဒနည်းဖြင့် သုတေသနပြုဖော်ထုတ်ပြီး ပြန့်ပွားအောင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့တိုင်းရင်းသားမျိုးနွယ်စုများ ဆင်းသက်လာမှုကို ပြည်သူလူထုသိရှိပြီး မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများသည် မျိုးနွယ်စုတစ်ခုတည်းမှ ဆင်းသက်လာသော သွေးရင်းသားရင်း ညီအစ်ကိုမောင်နှမများဖြစ်ကြောင်း သိရှိစေရန်နှင့် တိုင်းရင်းသားတို့၏ မူလဇာစ်မြစ်ဆင်းသက်ပေါက်ဖွားလာပုံများကို သုတေသနပြုလုပ်လိုသူ ပိုမိုများပြားလာပြီး ပိုမိုခိုင်မာသော အယူအဆများကိုဖော်ထုတ်ရန်တို့ကို ရည်ရွယ်ပြီး ဆွေးနွေးဟောပြောပွဲ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေး ဟောပြောပွဲတွင် သဘာပတိများအဖြစ် ဦးကျော်ဝင်း(မနုဿ-ကျော်ဝင်း)နှင့် ဒေါက်တာမြမြခင်(ပါမောက္ခဌာနမှူး၊ မနုဿဗေဒ ရန်ကုန်တက္ကသိုလ်) တို့က ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံမနုဿဗေဒအသင်းမှ ဒေါ်မြတ်စန္ဒီအောင်က "လူထဲက မနုဿဗေဒ" ခေါင်းစဉ်၊ ရန်ကုန်တက္ကသိုလ်မနုဿဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမြမြခင်၊ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာလွင်လွင်မွန်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ပါမောက္ခဌာနမှူး ဒေါက်တာသူဇာအောင်၊ တွဲဖက်ပါမောက္ခချုပ် ဒေါက်တာရီရီချိုနှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် မနုဿဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာလှလှကြည်တို့က သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဖတ်ကြားဆွေးနွေးကြပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးမေးမြန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

တာမွေခုံးကျော်တံတား သံပေါင်များတပ်ဆင်မည်၊ ယာဉ်သွားလာမှု ညပိုင်း ပိတ်ထားမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် တာမွေခုံးကျော်တံတားတည်ဆောက်ရေးစီမံကိန်းတွင် တံတားသံပေါင်များ ရောက်ရှိတပ်ဆင်မည်ဖြစ်သည်။

သို့ဖြစ်၍ လုပ်ငန်းလိုအပ်ချက်အရ ပြည်သူများအန္တရာယ်ကင်းရှင်းစွာ သွားလာမှုအဆင်ပြေစေရန်ရည်ရွယ်ကာ တာမွေမြို့နယ် ဗညားဒလလမ်း(မိုးမခလမ်းထိပ်)မှ တာမွေမီးပွိုင့်လမ်းဆုံအထိနှင့် ဦးချစ်မောင်လမ်း(မြလမ်းထိပ်)မှ တာမွေမီးပွိုင့်လမ်းဆုံအထိ လမ်းပိုင်းကို (၁၇-၁-၂၀၁၆) ရက်မှ (၇-၃-၂၀၁၆)ရက်အထိ ည ၁၀ နာရီမှ နံနက် ၅ နာရီအထိ ညစဉ် ယာဉ်သွားလာမှုပိတ်ထားမည်ဖြစ်ကြောင်း ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီမှ သိရသည်။

(သတင်းစဉ်)

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

Asian Tour မှ ကြီးမှူးသည့် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ ရွှေပြည်သာ မင်္ဂလာဒုံ ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ကြီးကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက ပဥ္စမအကြိမ်မြောက် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲကျင်းပမည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို Projector ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ကြည်က Asian Tour Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသောဌာနဆိုင်ရာအသီးသီးမှ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို အသီးသီး တင်ပြကြသည်။

တင်စိုး(မြန်မာ့အလင်း)

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ဟားခါးမြို့၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့ငွေပေးအပ်

ဟားခါး ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက တစ်အိမ်ထောင်လျှင် ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် ဟားခါးမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၁၅၀ အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၃ ရက်က ဟားခါးမြို့ သစ္စာအောင်မြေကုန်းတော်ပေါ်ရှိ ကမ္ဘာလုံးငြိမ်းချမ်းရေးစေတီတော်ရင်ပြင်၌လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက်က ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ၌လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ယင်းငွေကြေးထောက်ပံ့မှု ပေးအပ်ပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အော်ပရေးရှင်းမန်နေဂျာ ဒေါ်အေးအေးသန့်၊ Mr.Bjom Hakan Jesper Fridolf (IFRC)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ကလေးဒေသရေဘေးပြန်လည်ထူထောင်ရေးရုံးခွဲ) မှ မန်နေဂျာ ဦးကျော်ဆန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ချင်းပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင်များဖြစ်ကြသော ဦးစီးမှူး (ပထမတန်း) ဦးဆလိုင်းဆန်ကျုံးနှင့် ဦးစီးမှူး(ဒုတိယတန်း) ဒေါ်ခိုင်ခိုင်လှတို့ ဦးဆောင်သောအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးခံစားခွင့်ရှိသူများ၏ လိုအပ်ချက်အလျောက် အသုံးပြုနိုင်သော ငွေကြေးထောက်ပံ့ပေးအပ်ပွဲတွင် မန်နူးကျေးရွာမှ အိမ်ထောင်စု ၁၄ စု၊ ဖိုင်ဖာကျေးရွာမှ အိမ်ထောင်စု ၄၄ စု၊ လန်ဘိုးကျေးရွာမှ အိမ်ထောင်စု ၂၁ စုနှင့် ချွန်ကျုံးကျေးရွာမှ အိမ်ထောင်စု ၇၁ စု၊ စုစုပေါင်းအိမ်ထောင်စု ၁၅၀ တို့ကို တစ်အိမ်ထောင်လျှင် ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွေးကောက်ပွဲအလွန်ကာလ မြန်မာနိုင်ငံ

(ဇန်နဝါရီ ၁၁ရက်ထုတ် Nikkei Asia Review တွင် ဖော်ပြခဲ့သော ဦးစိုးသိန်း၏ ဆောင်းပါးကို စာရေးသူ၏ခွင့်ပြုချက်အရ ဆီလျော်အောင် ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်)

ကြယ်စင်သာ

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပပြီးစီးခဲ့သော မြန်မာနိုင်ငံ၏ သမိုင်းဝင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရရှိခဲ့ပြီးဖြစ်သည်။ လက်ရှိအစိုးရအဖွဲ့တွင် ၂၀၁၁ ခုနှစ်ကစပြီး တာဝန်ထမ်းဆောင်ခဲ့သော ကျွန်တော်သည် အဆိုပါရွေးကောက်ပွဲ၌ တစ်သီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကာ ရွေးချယ်ခံခဲ့ရသဖြင့် မကြာမီစတင်တော့မည့် လွှတ်တော်အသစ်တွင် အမတ်တစ်နေရာရရှိနေသည်။

ကျင်းပပြီးစီးခဲ့ပြီဖြစ်သော နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲသည် ၂၅ နှစ်တာကာလအတွင်း နိုင်ငံတစ်ဝန်း ပထမဦးဆုံးကျင်းပသည့် ရွေးကောက်ပွဲကြီးဖြစ်ခဲ့ပြီး လွတ်လပ်ပြီးတရားမျှတမှုရှိကြောင်း ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ ထောက်ခံကြိုဆိုခဲ့ကြသည်။ ထိုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံကြိုဆိုကြခြင်းမှာ ရွေးကောက်ပွဲရလဒ်ကြောင့်လည်း ဖြစ်ပါမည်။ အကယ်၍ လက်ရှိအစိုးရတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသူများ ပါဝင်သည့်ပါတီက အများစုအနိုင်ရခဲ့ပါလျှင် ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံကြိုဆိုမှုမျိုး ရှိချင်မှရှိပေမည်။ မည်သို့ပင်ဆိုစေကာမူ အနိုင်ရရှိသူက မြန်မာနိုင်ငံတော်ကြီးနှင့် ပြည်သူများကို ခေတ်သစ်တစ်ခုသို့ ဦးဆောင်သွားရမည်သာ ဖြစ်သည်။ လက်ရှိအစိုးရအဖွဲ့အနေဖြင့် သမိုင်းပေးတာဝန်ကို အကောင်းဆုံးထမ်းဆောင်နိုင်ခဲ့ကြောင်း သမ္မတဦးသိန်းစိန် အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ကြီးတစ်ဦးအနေဖြင့် ယုံကြည်မိပါသည်။

သို့သော်လည်း အစိုးရသစ်အဖွဲ့တွင် ပါဝင်ကြမည့်ပုဂ္ဂိုလ်များအနေဖြင့် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည့်အချက်မှာလည်း ကြီးမားသည့်ပြဿနာဟု ရှုမြင်မိသည်။ ယင်းပြဿနာနှင့် ပတ်သက်ပြီး စင်ကာပူနိုင်ငံ၏ဖခင်ဟု ခေါ်ဆိုကြသော ပထမဦးဆုံး ဝန်ကြီးချုပ် လီကွမ်ယု၏ စကားအချို့ကို သတိရနေမိသည်။ လီကွမ်ယုက နိုင်ငံများစွာရှိ ကိုလိုနီဆန့်ကျင်ရေးသမားများနှင့် သူရဲကောင်းများအနေဖြင့် လွတ်လပ်ရေးကို ရယူပေးခဲ့ကြပြီး နိုင်ငံ၏အချုပ်အခြာအာဏာကို ရရှိခဲ့ကြသော်လည်း နိုင်ငံတော်တည်ဆောက်ရေးတွင်မူ အောင်မြင်မှုမရရှိခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မတူညီသော လူတန်းစားများအကြား စည်းလုံးညီညွတ်မှုထူထောင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏ ဘဝမြင့်မားလာစေရေးဟူသော ကြိုးပမ်းမှုနှင့် လွတ်လပ်ရေးအတွက် ပြည်သူ့အားကိုစုစည်းခြင်း၊ တိုက်ပွဲဝင်ခြင်းနှင့် အစိုးရတစ်ရပ်ကိုဖြုတ်ချခြင်းဟူသော ကြိုးပမ်းမှုတို့မှာ လုံးဝကွာခြားနေခြင်းကြောင့်ဖြစ်ကြောင်း မိန့်ဆိုခဲ့သည်။

ထိုကဲ့သို့ လီကွမ်ယု၏စကားအချို့ကို ကိုးကားရခြင်းမှာ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးအတွက် လိုအပ်သည့်အရည်အချင်းမှာ ပြောင်မြောက်သော အတိုက်အခံအဖွဲ့တစ်ဖွဲ့အတွက် လိုအပ်လျက်ရှိသော အရည်အချင်းနှင့် အလွန်ပင်ကွာခြားသည်ဟု ယူဆခြင်းကြောင့် ဖြစ်ပါသည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ ရှုပ်ထွေးသည့်အခြေအနေများတွင် အတိုက်အခံပါတီအနေဖြင့် ၂၀၁၁ ခုနှစ်အထိ ကျယ်ကျယ်ပြန့်ပြန့် မလှုပ်ရှားရခဲ့ခြင်းမှာ အဓိကကိစ္စရပ်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ထူးခြားသော အခြေအနေများစွာရှိသည်အနက် အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။

အထိအရှမခံသောငြိမ်းချမ်းရေး

နိုင်ငံတွင်းရှိ စိန်ခေါ်မှုများနှင့် အချို့သောစိန်ခေါ်မှုများအနက် အထူးအရေးကြီးလှသည့် ပထမဆုံးစိန်ခေါ်မှုမှာ ငြိမ်းချမ်းရေးဖော်ဆောင်မှု အစီအစဉ်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဆယ်စုနှစ် ခုနစ်ခုနီးပါးကြာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းသွားရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများစွာနှင့် ကာလရှည်ကြာ ညှိနှိုင်းဆွေးနွေးခဲ့ရသည်။ စိတ်ရှည်သည်းခံမှုဖြင့် ယုံကြည်မှုကို တည်ဆောက်ခဲ့ရသည်။ သို့သော်လည်း ငြိမ်းချမ်းရေးရရှိရန်အတွက် လုပ်ဆောင်ရန် များစွာကျန်ရှိနေသေးသည်။

ယခုအဆင့်အထိ နိုင်ငံရေးအရွေ့တစ်ခုကို ဖော်ဆောင်နိုင်ခဲ့သော နိုင်ငံတော်သမ္မတကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စေ့စပ်ညှိနှိုင်းသူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပါဝင်ကူညီခဲ့ကြသူများ အပါအဝင် နိုင်ငံရေးနယ်ပယ်မှ ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားခေါင်းဆောင်များကို အထူးလေးစားဂုဏ်ယူမိပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အဓိကပြဿနာမှာ ဖက်ဒရယ်ဝါဒဖြစ်ပေလိမ့်မည်။ မြန်မာနိုင်ငံတွင် သွင်ပြင်လက္ခဏာများ မတူညီကြသည့် တိုင်းရင်းသားအများစုနေထိုင်သော ပြည်နယ်ခုနစ်ပြည်နယ်ရှိပြီး နိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးဒေသများတွင် ပါဝင်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အဓိကဆွေးနွေးသည့်အချက်မှာ ဗဟိုအစိုးရနှင့် ပြည်နယ်များအကြား အာဏာကန့်သတ်ခွဲဝေထားသော ဖက်ဒရယ်အစိုးရဖွဲ့စည်းရေးပင် ဖြစ်သည်။

စိုးရိမ်စရာတစ်ခုမှာ ဖက်ဒရယ်စနစ်ဖြစ်မလာဘဲ မြေရှင်ပဒေသရာဇ်စနစ်ကဲ့သို့ ဘုရင်ငယ်လေးများပေါ်ပေါက်လာပြီး ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအကြား အားပြိုင်မှုဖြစ်လာနိုင်ခြင်းပင်ဖြစ်သည်။ ထိုပြည်နယ်သူပြည်နယ်သားများအနေဖြင့် မိမိတို့မှ အသစ်ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များကို သိရှိကြပါသလား။ အကယ်၍မသိရှိကြသေးပါလျှင် ယင်းကိုယ်စားလှယ်များနှင့် ရင်းနှီးကျွမ်းဝင်အောင် လုပ်ဆောင်ကြပါဟု တိုက်တွန်းလိုပါသည်။

အရည်အချင်းကွာဟချက်

နောက်ထပ်အရေးကြီးသောပြဿနာတစ်ခုမှာ အရည်အချင်းနည်းပါးမှုပင်ဖြစ်သည်။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ဉာဏ်ရည်နည်းပါးခြင်းကြောင့်မဟုတ်ဘဲ ကာလကြာရှည်စွာ ပိတ်ဆို့ခံထားရသည့်အတွက် အတွေ့အကြုံဗဟုသုတနည်းပါးခြင်း၊ သက်ဆိုင်ရာဘာသာရပ်၌ ကျွမ်းကျင်တတ်မြောက်သူ ရှားပါးခြင်းနှင့် အရည်အချင်းရှိသော အလုပ်သမားများ လျော့နည်းသွားခြင်းတို့ဖြစ်သည်။ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရန်အတွက်ဆိုပါလျှင် မျိုးဆက်တစ်ခုအထိ ကြာမြင့်မည်ဖြစ်သည်။ ကျွမ်းကျင်အလုပ်သမားများ မရှိခြင်းသည်လည်း ရှေ့ဆက်သွားမည့် နိုင်ငံတော်အတွက် နာတာရှည်အခက်အခဲပုံစံ ကြုံရဖွယ်ရှိသည်။

ပို၍ဆိုးရွားသော စိန်ခေါ်မှုတစ်ခုရှိပါသေးသည်။ မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးနည်းပညာနှင့် အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြသော ပြည်သူများအနေဖြင့် ဖေ့စ်ဘွတ်ခ်ကဲ့သို့သော လူမှုမီဒီယာကွန်ရက်ကို ပို၍အသုံးပြုလာကြသည်။ သို့သော် ကျန်းမာရေး၊ ပညာရေး

> **စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် အလုပ်အကိုင်များဖန်တီးမှုနှင့် ဝင်ငွေတိုးအောင် ဖော်ဆောင်ပေးမှုများလိုအပ်**
>
> **ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ပို့ကုန် ပိုမိုတင်ပို့နိုင်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်**

နှင့် နေ့စဉ်လူနေမှုဘဝ တိုးတက်ရေးအတွက် အသုံးပြုသူနည်းပါးလျက်ရှိပြီး ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု၊ ပြစ်တင်ဝေဖန်မှု၊ ကောလာဟလထုတ်လွှင့်မှုနှင့် အမုန်းတရား သယ်ဆောင်မှုတို့အတွက် အသုံးများနေကြသည်ကို တွေ့မြင်ရသည်။

ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး ဆန္ဒစောနေသူများက တာဝန်ရှိသူများအပေါ် စိတ်ပျက်ဖွယ် ပြစ်တင်ဝေဖန်မှုများလည်းရှိနေသည်။ တာဝန်ရှိသူများအပေါ် အကောင်းထက်အဆိုးမြင်ကာ ဘာပဲလုပ်လုပ် အပြစ်တင်ဆဲဆိုနေကြသည်။ ဒီမိုကရေစီအစပျိုးလျက်ရှိသော မြန်မာနိုင်ငံရှိ ပြည်သူများမှာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးများ၏လုပ်ငန်းသဘာဝ မတူညီမှုကို သတိပြုနားလည်ပုံမရပေ။ အစိုးရကိုသာ ဦးတည်ပြီး ပြစ်တင်ဝေဖန်လျက်ရှိကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် အမြင်မကြည်လင်မှု၊ စည်ပင်သာယာအပေါ် မကျေလည်မှုနှင့် တရားရေးအပေါ် မကျေနပ်မှုများ ဖြစ်ပေါ်လာပါကလည်း အစိုးရအဖွဲ့ကိုသာ ပြစ်တင်ကြသည်။

ထိုကဲ့သို့သော အဆင်အခြင်မဲ့လုပ်ရပ်များက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်သော ဒီမိုကရေစီပေါ်ပေါက်ရေးအတွက် ဆူးငြောင့်ခလုတ်များပင်ဖြစ်သည်။ ရန်ကုန်မြို့လမ်းမပေါ်ရှိ ယာဉ်ကြောပိတ်ဆို့မှုနှင့် ပတ်သက်၍လည်း အစိုးရကို အပြစ်တင်နေကြသည်။ ပြီးခဲ့သောနှစ်များက ယာဉ်တင်သွင်းမှု ကန့်သတ်ချက်များ ဖြေလျှော့ပေးခဲ့ခြင်းနှင့်အတူ ကားဝယ်ယူအသုံးပြုနိုင်သူအရေအတွက် မြင့်တက်လာခဲ့သော်လည်း လမ်းစည်းကမ်းလိုက်နာမှုအပိုင်းတွင် အားနည်းနေဆဲဖြစ်ရာ လမ်းပိတ်ဆို့မှုများမှာ ပိုမိုဆိုးရွားလာခဲ့သည်။

စီးပွားရေးအခြေအနေ

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် အလုပ်အကိုင်များဖန်တီးမှုနှင့် ဝင်ငွေတိုးအောင် ဖော်ဆောင်ပေးမှုများ လိုအပ်ပေသည်။ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ပို့ကုန်ပိုမိုတင်ပို့နိုင်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပြီး သဘာဝဓာတ်ငွေ့နှင့် ကျောက်မျက်ရတနာတစ်ခုတည်းအပေါ် အားကိုးအားထားမလုပ်သင့်ပေ။ Productivity မြှင့်တင်ရေးမှာ ထင်ထားသည်ထက်ပင် ပို၍ခက်ခဲနေသည်။ အခြေအနေ အချိန်အခါနှင့်မကိုက်ညီဘဲ အနိမ့်ဆုံးလုပ်အားခ သတ်မှတ်ခဲ့မှုကြောင့် နိုင်ငံတွင်း စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် အချိန်များစွာ ကြာမြင့်ပေဦးမည်။ လက်ရှိအနေအထားတွင် ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့်ဆောက်လုပ်ရေးလုပ်ငန်းများသာ ဖွံ့ဖြိုးတိုးတက်မည့်အခြေအနေတွင် ရှိနေသည်။ အစိုးရသစ်အနေဖြင့် လက်ရှိခင်းပြီးသားလမ်းအပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်မည်ဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် အချိန်တိုအတွင်း ရင်ပေါင်တန်းနိုင်ရန်မှာ အလွန်ပင်ခက်ခဲမည်ဖြစ်သည်။

နယ်စပ်ပြဿနာ

သံတမန်ဆက်ဆံရေးတွင် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးမှာ အထူးတလည်အရေးကြီးသော ကိစ္စတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နယ်နိမိတ်ချင်းရှည်လျားစွာ ထိစပ်နေကြသည်ဖြစ်ရာ နှစ်နိုင်ငံအကြားတွင် မဟာဗျူဟာကျသော ပြဿနာများစွာ ရှိနေသည်။ အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကြိုးပမ်းနေစဉ် ကိုးကန့်ဒေသ၌ ပဋိပက္ခဖြစ်ပေါ်ခဲ့သည်။ တရုတ်နိုင်ငံနယ်စပ်တွင် ခြေကုပ်ယူထားသော ကိုးကန့်၊ "ဝ"၊ ပလောင်နှင့် ကချင်အဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးရန် ငြင်းဆန်လျက်ရှိသည်မှာ တိုက်ဆိုင်မှုတစ်ရပ်ဟု ဆိုနိုင်မည်လား။ နိုင်ငံရေးနှင့် စီးပွားရေးပြဿနာများမှာ ဆက်စပ်လျက်ရှိနေသည်။

မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ မြင့်မားလာမှုအပေါ် ကန့်ကွက်ဆန္ဒပြကြရာမှာ တရုတ်တို့ဦးဆောင်သည့် စီမံကိန်းများ ထိခိုက်နစ်နာသွားခဲ့သည်။ လက်ရှိအစိုးရကာလအတွင်း လက်ပံတောင်းတောင်ကိစ္စကို ငါးနှစ်တိုင်ဖြေရှင်းခဲ့ရသော်လည်း မြစ်ဆုံစီမံကိန်းကိုမူ မဖြေရှင်းနိုင်သေးပေ။ အစိုးရသစ်အနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရင်း ဖော်ပြပါစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။

ပြည်နယ်များအရေး

ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးရေးပြဿနာများမှာလည်း ပို၍ပင်အလေးထားရမည့်ကိစ္စဖြစ်ပြီး ဗုဒ္ဓဘာသာနှင့် အစ္စလာမ်ဘာသာဝင်တို့အကြား ယုံကြည်မှုများစွာ တည်ဆောက်ရမည်ဖြစ်သည်။ ယင်းကို အနိုင်ရပါတီတစ်ခုတည်းနှင့် လုပ်ဆောင်၍ရနိုင်မည်မဟုတ်ပေ။ ယုံကြည်မှုတည်ဆောက်ရေးကိစ္စမှာ ခက်ခဲနက်နဲပြီး ထိလွယ်ရှလွယ်သည့်အရာတစ်ခုဖြစ်သည်။

ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်တစ်ဦးချင်း၏ အရည်အချင်း၊ အရည်အသွေးဆိုသည်မှာလည်း ပြည်သူက ရွေးကောက်ခြင်းဖြစ်၍ ပြည်သူနှင့် ထိုက်တန်သော ကိုယ်စားလှယ်များပင်ဖြစ်သည်။ သို့သော်လည်း စီမံခန့်ခွဲမှုကျွမ်းကျင်ရေးတွင် သက်ဆိုင်သည့်အတွေ့အကြုံမှာ မရှိမဖြစ်လိုအပ်ပါသည်။ ဥပဒေပြုလွှတ်တော်တွင် ပြည်သူများအတွက် မှန်ကန်ပြီးတရားမျှတသည့် ဥပဒေများ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်နိုင်ရန် အနည်းဆုံး အတွေ့အကြုံရှိရမည် ဖြစ်ပေသည်။

နိဂုံး

ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများတွင် မည်သည့်ပါတီက အနိုင်ရသည်ဖြစ်စေ ရွေးကောက်ပွဲကို ငါးနှစ်တစ်ကြိမ်ကျင်းပရမည်မှာ ဒီမိုကရေစီ၏ ကျင့်စဉ်ပင်ဖြစ်သည်။ မြန်မာပြည်သူများအနေဖြင့် ပေါ်ထွက်လာမည့် အစိုးရသစ်၏ နိုင်ငံတော်ကို ကောင်းမွန်စွာ ထိန်းကျောင်းမောင်းနှင်မည်ဟူသော မျှော်လင့်ချက်ထားရှိကြသည်ဖြစ်ရာ အစွမ်းအစရှိသော ပုဂ္ဂိုလ်များက အစိုးရနှင့်လွှတ်တော်ကို ထိန်းကျောင်းလိမ့်မည်ဟု မျှော်လင့်ရပေသည်။

(ဦးစိုးသိန်းသည် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တစ်ဦးဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီးတစ်ဦးလည်းဖြစ်သည်။ ကယားပြည်နယ်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် နိုဝင်ဘာလက ရွေးချယ်ခံခဲ့ရသည်။)

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အခွင့်အရေးလိုင်စင် လေလံရောင်းချ

နေပြည်တော် ဇန်နဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အခွင့်အရေးလိုင်စင် လေလံရောင်းချခြင်းကို ဇန်နဝါရီ ၁၄ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

လေလံတင်ရောင်းချပွဲ၌ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမြင့်ဝေက ရောင်းချရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး လိုင်စင်အရေအတွက် ၂၀ ကို ကြမ်းခင်းဈေး ၁၆၈၀၆၄၁၀၀ ဖြင့်ရောင်းချရာ လိုင်စင်ကိုးခုအတွက် အများပြည်သူရှေ့၌ ပွင့်လင်းမြင်သာစွာရောင်းချခဲ့ကြောင်းနှင့် ရောင်းချရရှိသည့်လိုင်စင်ကြေး စုစုပေါင်းမှာ ငွေကျပ် ၃၈၇၇၄၅၀၀ ဖြစ်ကြောင်း သိရသည်။

ကိုကိုရှုပ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

စွမ်းအင်တိုးတက်မှုနှုန်းရရှိစေရေး ဦးဆောင်ဦးရွက်ပေးနိုင်မည့် စွမ်းအင်ကော်မရှင်တစ်ရပ် ဖွဲ့စည်းသင့်

နေပြည်တော် ဇန်နဝါရီ ၁၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ(ယာပုံ) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ် ၂၂ ဦးတို့က ဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ချမှတ်ထားသော မူဝါဒရည်ညွှန်းချက် သုံးရပ်နှင့် လုပ်ငန်းစဉ်(၁၂)ရပ်တို့သည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေရေးအတွက် အမှန်တကယ် လိုအပ်ချက်များကို ချမှတ်ထားခြင်းဖြစ်သည့်အတွက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

မရမ်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာ မေဝင်းမြင့်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ ကယ်ဆယ်ရေး ဦးစီးဌာနအနေဖြင့် လွန်ခဲ့သောနှစ်များတွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များအတွက် အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများ အသုံးပြုခဲ့ပြီးဖြစ်၍ ထပ်မံဖြည့်ဆည်းရန် တောင်းခံခဲ့သော်လည်း ဖြည့်စွက်ခွင့်ပြုမိန့် မရရှိခဲ့ပါကြောင်း၊ ပြောင်းလဲလာသော ကမ္ဘာ့ရာသီဥတုကြောင့် မြေပြိုခြင်း၊ မိုးခေါင်ခြင်း၊ တောင်ပြိုခြင်း စသည့် သဘာဝဘေး အန္တရာယ်များဖြစ်ပွားနိုင်သောကြောင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံဖြည့်ဆည်းရန် ဘဏ္ဍာငွေများခွင့်ပြုပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက စက်မှုဝန်ကြီးဌာနအောက်တွင် အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း စက်ရုံကိုးရုံရှိရာ ရန်ကုန်၊ ထုံးဘိုနှင့် မကွေးစက်ရုံများကို ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းတွင် စက်ရုံ ၁၃ ရုံရှိသည့်အနက် စက်ရုံကိုးရုံသည် ထုတ်လုပ်မှုကုန်ကျစရိတ် များပြားပြီး စက်စွမ်းအားပြည့် လည်ပတ်နိုင်ခြင်း မရှိကြောင်း၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းတွင် စက်ရုံ ၁၁ ရုံရှိပြီး စက်ရုံများ ထုတ်လုပ်မှုစရိတ်မြင့်မားနေသည့်အတွက် စရိတ်ကာမိခြင်း မရှိကြောင်း။

စက်မှုဝန်ကြီးဌာန အောက်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်းသည် အမြတ်ဖော်ပြနိုင်သော်လည်း ဝင်ငွေနှင့် သုံးငွေ တန်းတူဖြစ်နေမည်ဆိုပါက ပြန်လည် သုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

ချောက်မဲဆန္ဒနယ်မှ ဦးသန်းလွင်က စွမ်းအင်မူဝါဒရေးရာကို အဓိကတာဝန်ယူ ဆောင်ရွက်နေသည့် စွမ်းအင်စီမံကိန်း ဦးစီးဌာနကို ဖျက်သိမ်းပြီးသည့်နောက် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍ၊ စက်မှုကဏ္ဍ၊ သိပ္ပံနည်းပညာကဏ္ဍနှင့် အခြား NGO၊ INGO အဖွဲ့အစည်းများကို အမြဲပေါင်းစပ်ညှိနှိုင်းပြီး ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်နေသည့် စွမ်းအင်မူဝါဒများကို တစိုက်မတ်မတ် အချိန်ပြည့်လေ့လာနေပြီး ရည်မှန်းထားသည့် GDP နှုန်းကို ရရှိစေရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် စွမ်းအင်တိုးတက်မှုနှုန်းရရှိစေရေးတို့ကို ဦးဆောင်ဦးရွက်ပေးနိုင်မည့် စွမ်းအင်ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက မိမိနိုင်ငံ ဘဏ္ဍာရေးကို မိမိတို့လွှတ်တော်က ၂၄ လမှတစ်ခါ အမှန်စာရင်းသိရလျှင် မိမိတို့စီမံကိန်းများအပေါ် ကြီးကြပ်ကွပ်ကဲရန်နှင့် အကျပ်အတည်း ဖြစ်လာလျှင် မည်သို့ ကာကွယ်ကုစားနိုင်မည်ကို တာဝန်ရှိသူများက စဉ်းစားဆုံးဖြတ်နိုင်ရန် တင်ပြလိုပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က စီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ(၂)ပါ စီမံကိန်းလုပ်ငန်းများအနက်မှ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်းနှင့် လျှော့၍ခွင့်ပြုခြင်း အဆိုပြုချက်များကို ဇန်နဝါရီ ၁၃ ရက်က ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသည့် ဘဏ္ဍာငွေလျာ့ချမှုဇယားတွင် ပါရှိသည့် ငွေလုံးငွေရင်း စာရင်းများနှင့် ယနေ့ဆွေးနွေးချက်များတွင် ထပ်မံပါရှိလာမည့် စီမံကိန်းလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက သာမန်အသုံးစရိတ်အပါအဝင် ပြန်လည် ရှင်းလင်းဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းအပေါ် အဆုံးအဖြတ်ရယူခြင်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် စတင်ဆောင်ရွက်ရန် လျာထားပါကြောင်း အသိပေးကြေညာသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်နှင့် အသက်(၉၀)နှင့် (၁၀၀)ကြား အဘိုးအဘွားများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၅

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဇန်နဝါရီ ၈ ရက်တွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့်အတူ မြစ်ကြီးနားမြို့နယ် ငွေပျော်စံပြကျေးရွာသို့သွားရောက်၍ ဝန်ကြီးဌာနမှ ငွေကျပ် သိန်း ၅၀၀ ဖြင့် ဆောက်လုပ် လှူဒါန်းထားသည့် သဘာဝဘေးဖြစ်ပွားပါက ခိုလှုံရန် နေရာအဖြစ် အသုံးပြုရန် ငွေပျော်စံပြကျေးရွာ မူလတန်းကြိုကျောင်းကိုကြည့်ရှုစစ်ဆေးခဲ့သည်။

ဇန်နဝါရီ ၉ ရက်တွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပြည်နယ်အတွင်းရှိ ဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ထောက်ပံ့ငွေ၊ အသက်(၉၀)နှင့် (၁၀၀)ကြား အဘိုးအဘွားများနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေများ ပေးအပ်ပွဲသို့ တက်ရောက်သည်။

ယင်းနောက် ပြည်နယ်အတွင်း ဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ကြီးဌာနဘတ်ဂျက်မှ ငွေကျပ် သိန်း ၄၀၀၊ အလှူရှင်များမှ ဝန်ကြီးဌာနသို့ လှူဒါန်းငွေများမှ ပြည်နယ်အစိုးရအဖွဲ့သို့ တတိယအကြိမ် လွှဲပြောင်းပေးသော ငွေကျပ် ၄၂၈ ဒသမ ၃၄ သိန်း၊ မြစ်ကြီးနားမြို့နယ်၌ နေထိုင်သော အဘိုး ဦးဆိုင်ဂမ် အသက်(၁၀၆)နှစ်နှင့် မိုးမောက်မြို့နယ်၌ နေထိုင်သော အဘိုးဦးဇော်ဒေါန် အသက်(၁၀၀)နှစ်တို့အတွက် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုလွှာ၊ ချီးမြှင့်ငွေကျပ် နှစ်သိန်းစီနှင့် အသုံးအဆောင်ပစ္စည်းများ၊ ပြည်နယ်အစိုးရအဖွဲ့မှ ချီးမြှင့်ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ အသက်(၉၀)နှစ်နှင့် (၁၀၀)နှစ်ကြား အဘိုးအဘွားတစ်ဦးလျှင် ဝန်ကြီးဌာနမှ ငွေကျပ် ၁၈၀၀၀ နှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ငွေကျပ် ၁၅၀၀၀ စုစုပေါင်း ငွေကျပ် ၃၃၀၀၀ စီဖြင့် မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ မိုးညှင်း၊ မိုးကောင်း၊ ဗန်းမော်၊ မိုးမောက်၊ ဒေါ့ဖုန်းယန်မြို့နယ်များ အတွင်းရှိ ဘိုးဘွား ၂၅၈ ဦးတို့ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က လွယ်ဂျယ်၊ မံစီ၊ ရွှေကူ၊ ပူတာအို၊ မချမ်းဘော၊ နောင်မွန်၊ ဆွမ်ပရာဘွမ်၊ ခေါင်လန်ဖူးမြို့နယ်များရှိ ဘိုးဘွား ၈၂ ဦးကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က မြစ်ကြီးနားခရိုင်အတွင်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကိုးခု၊ မျက်မမြင်ပရဟိတ ဂေဟာတစ်ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၅ ကျောင်း၊ ဗန်းမော်ခရိုင်အတွင်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ နှစ်ခု၊ ဘိုးဘွားရိပ်သာ တစ်ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခြောက်ကျောင်း၊ မိုးညှင်းခရိုင်အတွင်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ တစ်ခု၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ငါးကျောင်းနှင့် ပူတာအိုခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း လေးကျောင်းတို့ကိုလည်းကောင်း၊ စုစုပေါင်း ငွေကျပ် ၁၄၉၁ ဒသမ ၈၃ သိန်းကို သက်ဆိုင်တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ဇန်နဝါရီ ၁၀ ရက်က ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ (၆၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အားပေးကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ လာရောက်လေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့သို့ မကွေးတိုင်းဒေသကြီး ကံမမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၅၅ ဦးနှင့် ပြည်ထောင်စုလွှတ်တော်ရုံး Learning Centre တွင် ကျင်းပလျက်ရှိသော ဘတ်ဂျက်ရေးဆွဲနည်းသင်တန်းမှ နည်းပြ Mr. Alex Smith တို့သည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောကဏ္ဍဆိုင်ရာ ပညာရေး၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်အား ကိုရီးယားသမ္မတနိုင်ငံ Yeungnam University မှ Vice president Dr. Oe-chool Choi ဦးဆောင်သည့် အဖွဲ့က ယနေ့နံနက် ၁၁ နာရီတွင် သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်ရှိ အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံ ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ကိုရီးယားသမ္မတနိုင်ငံက မြန်မာနိုင်ငံအား ပညာသင်ထောက်ပံ့ဆုများ အဆက်မပြတ် ထောက်ပံ့ရေးကိစ္စ၊ အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိစ္စ၊ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးမှုအစီအစဉ် (Saemaul Undong) ကွန်ရက်တည်ဆောက်ရေး လေ့လာမှုကိစ္စ၊ သစ်တောကဏ္ဍဆိုင်ရာ ပညာရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကိစ္စ၊ ကျေးလက်ဖွံ့ဖြိုးမှုအစီအစဉ်နှင့် သစ်တောကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၅

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၌ ၀ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် ပြင်ဦးလွင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

(မိုး/ဇလ)

ဆေးပညာဆွေးနွေးပွဲ အခမဲ့တက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၅

ဆေးတက္ကသိုလ်(၁)ကျောင်းသား ကျောင်းသူဟောင်းများအသင်းမှ ကြီးမှူးကျင်းပမည့် နဝမအကြိမ်မြောက် စဉ်ဆက်မပြတ် ဆေးပညာနှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဆေးတက္ကသိုလ်(၁) ဇီဝကခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ **ကိုချစ်**

✱ ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်သမ္မတအား ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးက နာဂ ဦးထုပ်၊ အောင်းလုံ၊ ကုတ်အင်္ကျီနှင့် နာဂစောင်တို့ကို ဝတ်ဆင်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် သဘာပတိ နာဂတိုင်းရင်းသား ဦးပေါင်ခုက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခါသမယတွင် မိမိကိုယ်တိုင်တက်ရောက်အားပေးခွင့် ရသည့်အတွက် အတိုင်းထက်အလွန် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

သဘာဝရေမြေ တောတောင် အလှအပတို့ကို ပိုင်ဆိုင်ထားသည့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ဆွဲဆောင်လျက်ရှိသည့်အတွက် နိုင်ငံခြားဧည့်သည်များ စိတ်ပါဝင်စားစွာ လာရောက်လေ့လာခြင်း၊ နှစ်သစ်ကူးပွဲတော်သို့ ဒေသခံများနှင့်အတူ ပါဝင်ဆင်နွှဲခြင်းများကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပါကြောင်း။

နာဂ တိုင်းရင်းသားတို့သည် ပင်ကိုအားဖြင့် ရိုးသားတည်ကြည်ခြင်း၊ သစ္စာရှိခြင်း၊ ရိုင်းပင်းကူညီတတ်သည့် စိတ်ဓာတ်ရှိကြသော လူမျိုးတစ်မျိုးအဖြစ်လည်း ထင်ရှားလျက်ရှိပါကြောင်း၊ နာဂနှစ်သစ်ကူးပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်သည် ကုန်လွန်ခဲ့သည့် နှစ်တစ်နှစ်၏ အတွေ့အကြုံများနှင့် ကြုံတွေ့ရသော အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် အောင်မြင်မှုများကို အခြေပြုပြီး လာမည့်နှစ်သစ်အတွက် အကောင်းဆုံးစီမံချက်များ ကြိုတင်ချမှတ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကာ ပွဲတော်အတွင်း သီးနှံများတိုးတက်ဖြစ်ထွန်းပြီး ရာသီဥတုကောင်းမွန်စေရန် အိမ်မွေးတိရစ္ဆာန်များ ရောဂါဘယကင်းဝေးစေရန် ဆုမွန်ကောင်းများ တောင်းကြသော ပွဲတော်တစ်ခုလည်းဖြစ်သည့်အတွက် ကောင်းမြတ်တဲ့ အစဉ်အလာဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ပြည်သူတို့၏ ဆန္ဒနှစ်ခုဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများလည်း ရရှိခဲ့ပါကြောင်း။

အရေးကြီးဆုံးမှာ ရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းထားပြီး မြင်သာသောအသွင်ကူးပြောင်းမှုများကို ဆက်လုပ်နိုင်ရန်အတွက် အားလုံးကအမြင်ကျယ်ကျယ် ဉာဏ်ပညာရှိရှိ ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း။

၂၀၁၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးအခြေအနေ တည်တည်ငြိမ်ငြိမ်နှင့် ကျော်လွှားဖြတ်သန်းနိုင်လျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်လာမည်ဖြစ်ပါကြောင်း။

ပြည်သူအားလုံး၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီး၊ သန့်ရှင်းသော သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစသည့်ကဏ္ဍများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများကလည်း ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုကြီး အတွင်း ထာဝစဉ်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်သော သန္နိဋ္ဌာန်စိတ်ဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအချင်းချင်း အပြန်အလှန်လေးစားမှုများရှိနေသမျှ ကာလပတ်လုံး ပြည်ထောင်စုကြီး အမြဲထာဝရတည်တံ့ခိုင်မြဲနေမည်ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် တိုင်းရင်းသားရိုးရာအကအဖွဲ့များ ဖျော်ဖြေတင်ဆက်စဉ်။ (သတင်းစဉ်)

ယခုကဲ့သို့နှစ်သစ်ကူးအခါသမယတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အစဉ်ထာဝရ လက်တွဲလျက် ခေတ်အဆက်ဆက် မျှော်မှန်းတောင့်တခဲ့သည့် အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက နှစ်သစ်ကူး အမှာစကားပြောကြားပြီး ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းပေးပို့သည့် ၂၀၁၆ ခုနှစ် နာဂနှစ်သစ်ကူးပွဲတော် သဝဏ်လွှာကို မှတ်တမ်းတင်သည်။

ထို့နောက် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးက ကျေးဇူးတင်စကားပြောကြားပြီး နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား နှစ်သစ်ကူးလက်ဆောင် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် အခမ်းအနား သဘာပတိက နိဂုံးချုပ်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နာဂရိုးရာ ခေါင်ရည်နှင့် ရိုးရာအစားအစာများကို သုံးဆောင်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ ယင်းနောက် တိုင်းရင်းသားရိုးရာအကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နှစ်သစ်ကူးပွဲတော် အခမ်းအနားကျင်းပသည့် ကွင်းအနီးရှိ နာဂရိုးရာ ပန်းတုံးထုခြင်းကို ပါဝင်ဆင်နွှဲပြီး နာဂရိုးရာ ပန်းပဲဖိုနှင့် နာဂရိုးရာ ဂျပ်ခုတ်စင်တို့ကို လှည့်လည်ကြည့် ရှုကြသည်။

ယင်းနောက် ကွင်းအတွင်း ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနပြခန်းများကို ကြည့်ရှုအားပေးခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လဟယ်မြို့ ဂန္ဓမာလကုန်းတော်ပေါ်ရှိ မြင့်မိုဦး ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပန်းရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး လက်ယာရစ်လှည့်လည်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗဟိုတောင်တန်း သာသနာပြုကျောင်းတိုက်၌ လဟယ်မြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

နာဂရိုးရာနှစ်သစ်ကူးအထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်

လဟယ် ဇန်နဝါရီ ၁၅

နိုင်ငံတော်သမ္မတ၏ နာဂဒေသခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဦးရဲမြင့်တို့သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နာဂရိုးရာနှစ်သစ်ကူးအထိမ်းအမှတ်အားကစား ပြိုင်ပွဲ များကျင်းပသည့် လဟယ်မြို့ ရွှေပြည်သာ အားကစားကွင်းသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

နှစ်သစ်ကူး အထိမ်းအမှတ် အားကစားပြိုင်ပွဲအဖြစ် ကျင်းပသည့် သံလုံးပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ လွန်ဆွဲ၊ ချောတိုင်တက် **(ယာပုံ)**၊ မီနီမာရသွန်ပြိုင်ပွဲများသို့ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူ ၂၅၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးဝင်းထွန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့သည် ကျလေ့ချောင်း အသေးစားရေအားလျှပ်စစ်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် လဟယ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားရောက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာများကို ဝန်ထမ်းများအား မှာကြားပြီး မြို့နယ်လျှပ်စစ်ရုံးတည်ဆောက်ပြီးစီးမှုနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲအခမ်းအနားတက်ရောက်

လဟယ် ဇန်နဝါရီ ၁၅

၂၀၁၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် လဟယ်မြို့ ရွှေပြည်သာ အားကစားကွင်း၌ ကျင်းပရာ **(ယာပုံ)** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူး နှင့် နာဂရိုးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနောင်ခွန်တို့က နာဂရိုးရာ မီးထင်းပုံကို မီးထွန်းညှိပေးကြသည်။

ထို့နောက် လဟယ်မြို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူငယ်အဖွဲ့က စာရာမေရိသက်သေအကနှင့် ဟာရှိုတ်နုတ်ညှိုရိုးရာ ယဉ်ကျေးမှုအကတို့ကိုလည်းကောင်း၊ ယမ်းကြုံး၊ လောနောက်ကုန်းနှင့် ကျွန်းခေါင်ကျေးရွာ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကများဖြင့်လည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ နာဂတိုင်းရင်းသားများ၏ ရိုးရာဝတ်စားဆင်ယင်မှုများကိုလည်းကောင်း၊ ကုန်းလမ်း၊ စံတုံ၊ ကားရော်နောက်ညို၊ ရန်စီ၊ ဆော်လော်၊ ကဲဆန်၊ ပေ့ါကွန်၊ ညှင်ရှောင်ကျေးရွာများနှင့် လဟယ်မြို့ နာဂလူငယ်အဖွဲ့များက ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အထူးအစီအစဉ်အဖြစ် ၂၀၁၆ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာကြသူများနှင့် နာဂတိုင်းရင်းသားညီအစ်ကိုမောင်နှမများက မီးပုံဘေးတွင် ဝိုင်းဖွဲ့၍ အတူတကွ ကကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၆ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အတွက် ငွေကျပ်သိန်း ၅၀ နှင့် နာဂရိုးရာယဉ်ကျေးမှုအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၇၀ တို့ကို တာဝန်ရှိသူများထံ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့များအတွက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ငွေကျပ် ၂၈ သိန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က ငွေကျပ်ခုနစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒေသအသီးသီးမှ နာဂရိုးရာအကအဖွဲ့ဝင်များက ရိုးရာပွဲတော်တို့နွဲပျော်နှင့် လှမ်းခဲ့တော့ လဟယ်မြေသီချင်းများကို သံပြိုင်သီဆိုနှုတ်ဆက်ကပြကြပြီး မီးပုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ချန်ပီယံရန်ကုန်အသင်း၊ အောင်ဆန်းကွင်း၌ ဆောက်သမ်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၁၈ ရက်တွင် အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဖွင့်ရက် သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁)တွင် ဇွဲကပင်၊ မကွေး၊ ရခိုင်၊ ရတနာပုံနှင့် ဇေယျာရွှေမြေအသင်းတို့ နိုင်ပွဲရရှိခဲ့ပြီး လက်ရှိချန်ပီယံရန်ကုန်အသင်းအပါအဝင် ရောဝတီ၊ Horizon၊ ဆောက်သမ်နှင့် ချင်းယူနိုက်တက်အသင်းတို့ ရှုံးပွဲကြုံတွေ့ထားသည်။ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့မှာ ပွဲဦးထွက် သရေကျထားသည်။

ပွဲစဉ်(၁)အပြီးတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ နည်းပြအပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ဘရာဇီးနိုင်ငံသား အီမာဆင်နှင့်လမ်းခွဲကာ ရောဝတီအသင်း နည်းပြဟောင်း မက်ဆီဒိုးနီးယားနိုင်ငံသား မာဂျန်ကို ခန့်အပ်ထားသည်။ နည်းပြသစ်မာဂျန်မှာပွဲဦးထွက်ပွဲအဖြစ် ဟံသာဝတီအသင်းနှင့် ကစားရမည်ဖြစ်ရာရလဒ်ကောင်းရရှိရန် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေပြီး အပြောင်းအလဲများစွာပြုလုပ်ထားသည့် ရှမ်းယူနိုက်တက်အသင်းမှာလည်း နိုင်ပွဲစရရန် ကြိုးပမ်းရမည်ဖြစ်သည်။

ဟံသာဝတီ-ရန်ကုန်

ဟံသာဝတီအသင်းမှာ နာမည်ကြီးကစားသမားများ မပါဝင်သော်လည်း ကစားပုံမာကျောပြီး အသင်းကြီးနှင့် တွေ့ဆုံလျှင် ကစားပုံပိုကောင်းတတ်သည်။ အဖွင့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းကို အဝေးကွင်းတွင် သရေ ကစားထားသောကြောင့် နည်းပြအပြောင်းအလဲနှင့် ကစားပုံမတည်ငြိမ်ဖြစ်နေသည့် ရန်ကုန်အသင်း အခက်တွေ့ဖွယ်ရှိနေသည်။ ပွဲဦးထွက်ရှုံးထားသည့် ရန်ကုန်အသင်းကို နည်းပြသစ် မာဂျန် အပြောင်းအလဲ လုပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

မကွေး-ရောဝတီ

ကစားသမား အပြောင်းအလဲများထားသည့် ရောဝတီအသင်း အထိုင်ကျရန် ရှန်းကန်နေရဆဲဖြစ်ပြီး မကွေးအသင်းအတွက် အခွင့်အရေးဖြစ်လာနိုင်သည်။ မကွေးအသင်းမှာ အဖွင့်ပွဲတွင် ရန်ကုန်အသင်းကို အနိုင်ရထား၍ စိတ်ဓာတ်တက်ကြွနေပြီး ရလဒ်ကောင်းထပ်မံရယူနိုင်ဖွယ်ရှိနေသည်။

ကော့သောင်းမြို့၌ အားဖြည့်အချိုရည်သောက်သုံးမိသည့် ကျောင်းသား ကျောင်းသူတချို့ အစာအဆိပ်သင့်မှုဖြစ်ပွား

ကော့သောင်း ဇန်နဝါရီ ၁၅

ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ Ranger Energy Drink **(ယာပုံ)** အားဖြည့်အချိုရည်ဝယ်ယူသောက်သုံးမိသည့် ကျောင်းသား ကျောင်းသူတချို့ အစာအဆိပ်သင့်မှုဖြစ်စဉ်တစ်ခု ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ကျောင်းမုန့်ဈေးဆိုင်တချို့မှ အစားအသောက်များ ဝယ်ယူစားသုံးမိသည့် ကျောင်းသား ကျောင်းသူတချို့ မူးဝေအော့အန်မှုများ ဖြစ်ပွားရာ ကျောင်းအကျိုးတော်ဆောင် တာဝန်ရှိသူများက ကျန်းမာရေးဦးစီးဌာနသို့ အကြောင်းကြားသဖြင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာနေလင်းနှင့် ကျန်းမာရေးဝန်ထမ်းများက နဦးစစ်ဆေးချက်အရ အစာအဆိပ်သင့်၍ ဖြစ်ရကြောင်း စစ်ဆေးတွေ့ရှိချက်အရ ကျောင်းတာဝန်ရှိသူ ဆရာ ဆရာမများနှင့် အစားအသောက်များရောင်းချသည့် မုန့်ဆိုင်များကို လိုက်လံစစ်ဆေးရာသံဘူးခွံတွင် Mfg. Date နှင့် Exp. Date များမပါရှိသည့် Ranger Energy Drink အားဖြည့်အချိုရည်တစ်မျိုးကို တွေ့ရှိရပြီး ယင်းသို့ အစာအဆိပ်သင့်မှု ဖြစ်ပွားသည့် ကလေးငယ်များအားလုံးသည် အဆိုပါအချိုရည်ကို ဝယ်ယူသောက်သုံးခဲ့မိသူများဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ဖြင့် ပင်ရင်းရောင်းချသည့်ဆိုင်များကို ကွင်းဆက်လိုက်စုံစမ်းဖော်ထုတ်ခြင်း၊ မြို့နယ်အတွင်း ရပ်ကွက်အလိုက် ကျောင်းများနှင့် ဈေးဆိုင်များကို အဆိုပါအမျိုးအစား အချိုရည် ရောင်းချခြင်း၊ သောက်သုံးခြင်းမပြုရန် အသိပေးနှိုးဆော်ခြင်း၊ ခရိုင်အတွင်းရှိ အခြားမြို့နယ်များအထိ ကျယ်ပြန့်စွာအသိပေးတားမြစ်ခြင်းများ ဆောလျင်စွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ပြန်/ဆက်)

အများပြည်သူသို့ အသိပေးပန်ကြား

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်တို့အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဇန်နဝါရီ ၁၆ ရက်တွင် ရန်ကင်း၊ သင်္ဃန်းကျွန်း၊ တာမွေ၊ ဗဟန်း၊ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ ရပ်ကွက်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် ယင်းနေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ဓာတ်အား ယာယီပြတ်တောက်နေမည်ဖြစ်ပါသည်။

ယင်းသို့ ဓာတ်အားခေတ္တပိတ်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားစနစ် ပိုမိုစိတ်ချရမှုရှိစေရန် စသည်တို့အတွက် မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ်ဖြစ်ပါသောကြောင့် ဓာတ်အားခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် မီးသုံးစွဲသူပြည်သူများအတွက် အခက်အခဲများစွာ ဖြစ်ပေါ်လာနိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်လမ်းမကြီး နမ့်ဖက်ကာကျေးရွာနှင့် နမ့်မွေးကျေးရွာကြား၌ ဇန်နဝါရီ ၁၃ ရက် ည ၁၁ နာရီခန့်က တိမ်းမှောက်မှုဖြစ်ပွားခဲ့သည့် ကုန်ပစ္စည်းများတင်ထားသော တွဲကားကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက တွေ့ရစဉ်။

(အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားသော်လည်း ကွတ်ခိုင်-မူဆယ် တောင်ပေါ်ကားလမ်းတွင် ကားများရှောင်တိမ်း၍ သွားလာနိုင်ခဲ့ကြောင်း သိရသည်။)

သန့်ဇင်(၁၀၅ မိုင်)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတုတ္ထနေ့ကျင်းပ၊ ကဏ္ဍအလိုက်ဆွေးနွေးမှုများ ဆက်လက်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတုတ္ထနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပလျက်ရှိရာ ယမန်နေ့က ဆွေးနွေးရန်ကျန်ရှိသည့် နိုင်ငံရေး **(ယာပုံ)**၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍအလိုက် ဆွေးနွေးမှုများကို အစုအဖွဲ့ခုနစ်ဖွဲ့တွင် ပါဝင်သူများက ဆက်လက်ဆွေးနွေးကြသည်။

ရှေးဦးစွာ ဆွေးနွေးမှုကဏ္ဍအလိုက် ပါဝင်သည့် သဘာပတိများက အမှာစကားပြောကြားကြပြီး ညီလာခံ တတိယနေ့က မေးမြန်းခဲ့ကြသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားခြင်း၊ အလှည့်ကျပြန်လည်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေးပါတီအစုအဖွဲ့၊ တိုင်းရင်းသားအစုအဖွဲ့နှင့် ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့တို့၏ အဆိုပြုဆွေးနွေးချက်များကို အကျိုးဆောင်အဖွဲ့က တင်ပြခြင်း၊ အစုအဖွဲ့အလိုက် ပြန်လည်ဆွေးနွေးခြင်း၊ ညီလာခံနောက်ဆုံးနေ့၌ တင်သွင်းမည့်စာတမ်းများ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံစုံညီအစည်းအဝေး နောက်ဆုံးနေ့တွင် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြချက်များကို ကဏ္ဍတစ်ခုလျှင် ကိုယ်စားလှယ်သုံးဦးစီဖြင့် ဖတ်ကြားသွားမည်ဖြစ်ပြီး အစိုးရအစုအဖွဲ့မှ နှစ်ဦး၊ လွှတ်တော်အစုအဖွဲ့မှ နှစ်ဦး၊ တပ်မတော်အစုအဖွဲ့မှ သုံးဦး၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ သုံးဦး၊ တိုင်းရင်းသားအစုအဖွဲ့မှ တစ်ဦး၊ တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့မှ သုံးဦး၊ ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့မှ တစ်ဦး ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမှာ စစ်ဘေးဒုက္ခမရှိသင့်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပ၍ အလွန်ဝမ်းသာ

သတင်းအဖွဲ့

ဦးမာခါး

လိုင်လှေလ်ပါရ်

ဒေါ်တူးတူး

ဦးတင်မောင်

ဦးမျိုးညွန့်

ဒေါ်သင်းသင်းဆွေ

ရန်ကုန် ဇန်နဝါရီ ၁၅

အနာဂတ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး အတွက် အဓိကသော့ချက်တစ်ခု ဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC-2)၌ ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိသည်။

မြန်မာ့ငြိမ်းချမ်းရေး သမိုင်းတစ်လျှောက်တွင် တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ခဲ့ဖူးသည့် သမိုင်း၏ အလှည့်အပြောင်း တစ်ရပ်ဖြစ်၍ မြန်မာပြည်သူအပေါင်း သာမက တစ်ကမ္ဘာလုံးကပါ အာရုံစူးစိုက်စောင့်ကြည့်လေ့လာလျက်ရှိသည်။

သို့ဖြင့် ကမ္ဘာပေါ်တွင် ကာလရှည်ကြာဆုံး ပြည်တွင်းစစ်၏ နိဂုံးကမ္ပတ်ချုပ်ငြိမ်းမှုကို ဆောင်ကြဉ်းပေးမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးအပေါ် ပြည်သူအချို့၏ သဘောထားအမြင်များအား ကောက်နုတ်စုစည်း ဖော်ပြအပ်ပါသည်။

ဦးမာခါး
(ကချင်တိုင်းရင်းသား၊ မြစ်ကြီးနား)

ငြိမ်းချမ်းရေး ညီလာခံဟာ ကစားလို့ရတဲ့ ပုံစံရှိတယ်။ အဖွင့်စဖွင့်တဲ့အခြေအနေမှာပဲ ရှိတယ်လို့မြင်တယ်။ ငြိမ်းချမ်းရေးညီလာခံမှာ တိတိကျကျဆုံးဖြတ်တာမရှိသေးဘူး။ အားလုံးသဘောတူထားတဲ့ အဆင့်မရောက်သေးဘူး။ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ ညီလာခံဖြစ်ဖို့ တိုင်းရင်းသားလက်နက်ကိုင်အားလုံး ပါဝင်မှုရမယ်။ ညီလာခံလို့ ပြောတဲ့အချိန်မှာ အားလုံးပါဝင်အောင် ဖိတ်ခေါ်သင့်တယ်။ နိုင်ငံရေးဆွေးနွေးပွဲမူဘောင် ဘယ်လိုချမှတ်မလဲပေါ့။ မူဘောင်ကောင်းမှ ဆွေးနွေးပွဲရလဒ်ကလည်း ကောင်းမယ်။

လိုင်လှေလ်ပါရ် (ချင်းတိုင်းရင်းသူ၊ ကလေးမြို့)

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲကြမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။ ငြိမ်းချမ်းမှ တိုင်းရင်းသားတွေ အလုပ်လုပ်ရတာ အဆင်ပြေမယ်။ စစ်ပွဲတွေဖြစ်နေတာ မလိုလားဘူး။ စစ်ဖြစ်တယ်ဆိုရင် အားလုံးအငြိမ်မနေရဘူး။ စစ်ဖြစ်ရင် အဓိကပြည်သူတွေ ဒုက္ခရောက်တာပေါ့။ မြန်မာနိုင်ငံမှာ စစ်ဘေးဒုက္ခဆိုတာ မရှိသင့်တော့ဘူး။ ကိုယ်တိုင်က စစ်ဘေးဒုက္ခကို မခံစားရပေမယ့် ကိုယ်ချင်းစာတယ်။ အခု နေပြည်တော်မှာ အဖွဲ့အစည်းပေါင်းစုံပါဝင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီး ကျင်းပနေတယ်ဆိုတော့ အလွန်ဝမ်းသာပါတယ်။

ဒေါ်တူးတူး (အထက်တန်းပြ၊ ကျောင်းဆရာမ၊ မန္တလေးဒေသခံ)

ငြိမ်းချမ်းရေးအတွက် စာရွက်ပေါ်မှာ လက်မှတ်ထိုးရုံတင်မဟုတ်ဘဲ အပြင်မှာလည်း တကယ်ငြိမ်းချမ်းရေးဖြစ်စေချင်ပြီ။ တချို့နေရာတွေမှာ တိုက်ပွဲတွေဖြစ်နေတော့ စစ်ဘေးရှောင်ဒုက္ခသည်တွေအတွက် စိတ်မကောင်းဖြစ်မိတယ်။ စစ်ပွဲတွေ အမြန်ရပ်ပြီး သူတို့ကို နေရပ်ပြန်စေချင်ပြီ။ ကလေးတွေလည်း ကျောင်းတက်စေချင်တယ်။ ပြည်တွင်းစစ်ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးတယ်။ ငြိမ်းချမ်းရေးအတွက် အချိန်ယူပြီးလုပ်ရမယ်လို့ ထင်တယ်။ ရိုးသားမှုကို အဓိကထားပြီး လုပ်မယ်ဆိုရင် အောင်မြင်မှာပါ။

ဦးခင်ဇော်(ဒုတိယရဲမှူး-ငြိမ်း)

ငြိမ်းချမ်းရေးက တိုင်းပြည်မှာ မရှိမဖြစ်လိုအပ်တဲ့ အရာတစ်ခုပါ။ ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံရေး ဘက်စုံဘာကိုပဲလုပ်လုပ် ငြိမ်းချမ်းရေး မရရှိရင် မဖြစ်နိုင်ပါဘူး။ ငြိမ်းချမ်းရေးဟာ ပြည်သူ့အတွက် အသက်သွေးကြောဖြစ်တယ်။ ဒီလိုဆောင်ရွက်မှုတွေကို ပြည်သူတစ်ယောက်အနေနဲ့ အပြည့်အဝအားပေးနေပါတယ်။

ဦးတင်အေး (စစ်မှုထမ်းဟောင်း အငြိမ်းစား) ထုံးဘို၊ ပြည်ခရိုင်

ငြိမ်းချမ်းရေးရပြီဆိုရင် အတိုင်းထက်အလွန်ပေါ့။ ဒေသတွေအေးချမ်းတည်ငြိမ်လာမယ်။ မငြိမ်းချမ်းတဲ့ ဒေသတွေမှာ ငြိမ်းချမ်းလာပြီဆိုရင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးစသဖြင့် တိုးတက်လာမယ်။ တိုက်ပွဲတွေဖြစ်နေတဲ့အတွက် ကြားထဲကပြည်သူတွေ ဒုက္ခမျိုးစုံခံစားရတယ်။ ငြိမ်းချမ်းရေးရရင် အဲဒီဒေသက ပြည်သူတွေ ဒီဒုက္ခမျိုးစုံက လွတ်မြောက်ပြီး ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်စားသောက်နိုင်မှာပါ။ လယ်ယာလုပ်တဲ့သူက လယ်ယာကို အေးအေးချမ်းချမ်း လုပ်နိုင်မှာပါ။ တိုင်းပြည်လည်း တိုးတက်လာမယ်။

ဦးကျော်စိုး(စည်ပင်)

တစ်နိုင်ငံလုံး ငြိမ်းချမ်းရေး ရမယ်ဆိုရင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတွေကောင်းမွန်ပြီး ဒေသတွေ တိုးတက်လာမယ်။ ဒေသတွေ တိုးတက်လာရင် တိုင်းပြည်လည်း တိုးတက်လာမယ်။ အဲဒီဒေသမှာရှိတဲ့ ကလေးတွေလည်း ပညာကောင်းကောင်းမွန်မွန် သင်ရမယ်။ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေလည်း စစ်ဘေးဒုက္ခမျိုးစုံက လွတ်မြောက်မယ်။ အဘက်ဘက်က တိုးတက်လာမယ်လို့မြင်ပါတယ်။

ဦးတင်မောင် (အမှတ် ၁၀ ရပ်ကွက်၊ ပုဗ္ဗန်တောင်မြို့နယ်)

နေပြည်တော်မှာ လုပ်နေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲက အမြင်ပြောရရင် ကောင်းပါတယ်။ အားလုံး ငြိမ်းချမ်းသင့်ပြီ။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမအရ လောဘ၊ ဒေါသတွေ ချုပ်ငြိမ်းပြီး အငြိုးအတေးတွေမရှိသင့်တော့ဘူး။ ဒါမှ တိုင်းပြည်မှာ မှီခိုနေတဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ ပြည်သူတွေ၊ ကုန်သည်တွေ စိတ်အေးချမ်းသာစွာနဲ့ လုပ်ကိုင်စားသောက် ရှာဖွေနိုင်ပြီး တိုင်းပြည်သာယာလာမှာ။ အဲဒီသာယာမှုကို မေ့ပျောက်နေကြတယ်။ အခု တိုင်းပြည်မှာ ငြိမ်းချမ်းရေးလုပ်နေပေမယ့် ကျန်တဲ့အဖွဲ့တွေရှိသေးတယ်။ အဲဒါတွေကြောင့် ပြည်သူက ပေါက်ဖွားလာတဲ့ သားကောင်း သမီးကောင်းတွေဆုံးရှုံးတယ်။ ဘာအကျိုးအမြတ်မှ မရဘူး။ တိုင်းသူပြည်သားအားလုံး စိတ်ချမ်းသာမှုမရှိဘူး။ တွေ့ဆုံညှိနှိုင်းပွဲလုပ်ပြီး ပြုပြင်သင့်တာတွေ ပြုပြင်ပြီး ဆွေးနွေးကြရင်အကောင်းဆုံးပါ။ စေတနာပါပါနဲ့ ဆွေးနွေးကြရင် အနာဂတ်ခရီး ဖြောင့်ဖြူးသာယာမှာပါ။

ဦးမျိုးညွန့်(ကုန်သည်)

နေပြည်တော်မှာ လုပ်နေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောထားအမြင်က ကောင်းပါတယ်။ တိုင်းရင်းသားတွေ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေထိုင်ကြရင် စီးပွားရေးလုပ်နိုင်မယ်။ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးလာမယ်။ ကမ္ဘာ့နိုင်ငံတွေနဲ့လည်း စီးပွားရေးလုပ်နိုင်မယ်။ တိုင်းပြည်အနာဂတ် ကောင်းလာမယ်။ အဲဒီလိုငြိမ်းချမ်းရေးတွေ ဖြစ်ဖို့ စောင့်နေတာ နှစ်ပေါင်းကြာခဲ့ပါပြီ။ တကယ်လို့ သင့်မြတ်သွားပြီး စည်းစည်းလုံးလုံးဖြစ်သွားရင် အင်မတန် ပျော်ရွှင်ရမယ့်အချိန်ဖြစ်ပါတယ်။ အနာဂတ်မှာ စည်းလုံးညီညွတ်မှုတွေပြိုကွဲနေရင် စိတ်ချမ်းသာမှု မရှိဘူး။ တိုင်းရင်းသားညီအစ်ကိုတွေ စုစုစည်းစည်းဖြစ်သွားရင် သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ကျေးဇူးအထူးတင်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုတွေ တစ်ယောက်နဲ့တစ်ယောက် တိုက်နေမယ့်အစား တိုက်ပွဲမှာကုန်ကျမယ့် ငွေကြေး လူအင်အားတွေကို တစ်နိုင်ငံလုံး တိုးတက်မယ့်အခွင့်အလမ်းတွေမှာ ဖော်ထုတ်ပေးကြဖို့ လက်ရှိ အစိုးရရော၊ အစိုးရသစ်ကိုရော တာဝန်ရှိပါတယ်လို့ ပြောချင်ပါတယ်။

ဒေါ်သင်းသင်းဆွေ (အထက - ၄၊ ပုဗ္ဗန်တောင်)

ခုလို ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလုပ်ပေးတာ ဆရာမတစ်ယောက်အနေနဲ့ ဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ ညီအစ်ကိုမောင်နှမအချင်းချင်း တိုက်ပွဲတွေဖြစ်တော့ သက်ကြီးရွယ်အိုတွေ အပါအဝင် ကျောင်းသားအရွယ်ကလေးငယ်တွေ စစ်ဘေးကို ပြေးရှောင်နေရတယ်။ ကျောင်းမတက်နိုင်တော့ အနာဂတ်မျိုးဆက်သစ်တွေအတွက် အများကြီးနစ်နာတယ်။ ပညာတတ်လည်း နည်းသွားမယ်။ ကျောင်းသားမိဘတွေ စိတ်မချမ်းသာဘူး။ ငြိမ်းချမ်းသွားရင် စစ်ဘေးရှောင်သူတွေ နေရပ်ပြန်လာနိုင်မယ်။ ကျောင်းသားတွေလည်း အေးချမ်းစွာပညာသင်ကြားနိုင်မယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ငြိမ်းချမ်းရေး၊ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမယ်။ ဒီဆွေးနွေးပွဲ အောင်မြင်ရင် ပြည်သူတွေအနာဂတ် အခွင့်အလမ်းတွေ ပိုပြီးကောင်းမွန်သွားမယ်လို့မြင်ပါတယ်။

ဦးခင်မောင်ဇော် (ခေတ်ဉာဏ်သစ် ကိုယ်ပိုင်စာသင်ကျောင်း၊ မကွေးမြို့)

ငြိမ်းချမ်းရေး အစစ်အမှန်ကို တစ်နိုင်ငံလုံးက လိုလားနေပါတယ်။ တိုင်းရင်းသားတွေ အချင်းချင်း ခိုက်ရန် ဆက်လက်ဖြစ်ပွားနေတာ ကျွန်တော်တို့ မလိုလားပါဘူး။ အခုလို ငြိမ်းချမ်းရေးကို တည်ဆောက်မှုတွေက နောင်လာမယ့်အနာဂတ်မှာ နိုင်ငံတော်ကိုတိုးတက်စေမယ့် ခိုင်မာတဲ့ အုတ်မြစ်ကောင်းတစ်ခုဖြစ်တယ်ဆိုတာ ယုံကြည်ပါတယ်။

ဦးမျိုးသီဟ(ရန်ကုန်)

အခုအစိုးရ လက်ထက်မှာ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီး ကျင်းပနိုင်တဲ့အတွက် အစိုးရအနေနဲ့ အခြေခံကိုတည်ဆောက်အကောင်အထည်ဖော်ပေးတာပါပဲ။ နောင်လာမယ့် အစိုးရလက်ထက်မှာဆိုရင် အပြီးတိုင်ငြိမ်းချမ်းရေးရရှိမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒီလိုငြိမ်းချမ်းရေးရမှ ကျွန်တော်တို့နိုင်ငံကို နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေလာတဲ့အခါ နောင် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း အရှေ့တောင်အာရှနိုင်ငံ တော်တော်များများနဲ့ ရင်ပေါင်တန်းနိုင်မှာ ဖြစ်တယ်လို့ ယူဆပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့

မဝေးတော့သည့် အနာဂတ်ကာလတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးရောင်နီဦးသည် အလင်းသန်းလျက်ရှိနေပေပြီ။ နှစ်ပေါင်းကြာရှည်စွာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်းအဖြေရှာရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို ထူထောင်ရေးတို့အတွက် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းဖြစ်သည်။

သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွေး

စောသမိန်ထွန်း

ဦးခင်ရီ

ဦးသာညွန့်

ဒေါက်တာ မင်းနွယ်စိုး

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် စာချုပ်ကိုအခြေခံပြီး နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်ကို အစပြုအကောင်အထည်ဖော် ဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးကို တည်ငြိမ်အေးချမ်းစွာနှင့် အတူ ပွင့်လင်းလွတ်လပ်စွာဖြင့် ကျင်းပလျက်ရှိသည်။

ယနေ့ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲညီလာခံတွင် ညီလာခံ ပထမနေ့၊ ဒုတိယနေ့နှင့် တတိယနေ့များက အခန်း ခုနစ်ခန်းခွဲ၍ သီးခြားဆွေးနွေးခဲ့ကြသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍငါးခု၏ အကြောင်းအရာများကို အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ လွှတ်တော်မှ ကိုယ်စားလှယ်များ၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ပါဝင်သင့် ပါဝင်ထိုက်သူများ အစုအဖွဲ့မှ ကိုယ်စားလှယ်များက အခန်းငါးခန်းခွဲကာ ဆက်လက်ဆွေးနွေးခြင်း၊ အဆိုပြုချက်များတင်သွင်းခြင်းများ ဆက်လက်ဆောင်ရွက်ကြသည်။

အဆိုပါ ငြိမ်းချမ်းရေးဆွေးနွေးပွဲညီလာခံ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ၎င်းတို့၏ သဘောဆန္ဒများ၊ အယူအဆများနှင့် အကြံပြုချက်များကို ပွင့်လင်းမြင်သာစွာဖြင့် ဆွေးနွေးခြင်း၊ တင်ပြခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်ပြီး ကေအင်န်ယူ အစည်းအရုံး ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးဖြစ်သူ စောသမိန်ထွန်းက "အပစ်အခတ်ရပ်စဲရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်ပြီး နိုင်ငံရေးဆွေးနွေးဖို့ ကိစ္စတွေက ကျွန်တော်တို့ ကေအင်န်ယူ ကရင်အမျိုးသားတွေအတွက် အလားအလာ အများကြီးကောင်းပါတယ်။ ကျွန်တော်တို့ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်တုန်းက ကျွန်တော်တို့ သဘောတူလက်ခံထားတာ အချက်သုံးချက်ရှိတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးဆိုတဲ့ အချက်သုံးချက်က ခွဲမထွက်ဘူးဆိုတာကို အာမခံတဲ့ ကတိပြုချက်ပဲ။

"ဒီကနေ့ ကျွန်တော်တို့ ၂၀၁၅ ကနေ ၂၀၁၆ ကို ကူးပြောင်းတဲ့ အချိန်ကာလမှာ မြန်မာပြည်ရဲ့ ရှေ့ရေးအတွက်ဆိုရင် ငြိမ်းချမ်းရေး ဖော်ဆောင်ဖို့အတွက် အလားအလာတွေ အများကြီးကောင်းပါတယ်။ နောက်ပြီး တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ဖို့အတွက်လည်း အလားအလာတွေ ကောင်းပါတယ်။ အထူးသဖြင့် ကရင်ပြည်နယ်မှာ အရင်နဲ့ မတူတော့ဘူး။ ဂိတ်တွေမှာ စစ်မေးတာတွေ မရှိတော့ဘူး။ ညအချိန်သွားလာလို့လည်းရတယ်။ အဲဒါတွေက ကျွန်တော်တို့အတွက် ငြိမ်းချမ်းရေးရဲ့ အခွင့်အလမ်းတွေပဲ။ စီးပွားရေးအနေနဲ့ကြည့်ရင်လည်း ကော့ကရိတ်နယ်ကဆိုရင် သူတို့ရဲ့ သီးနှံတွေကို မနက်အစောကြီး မြို့ကို သွားရောင်းနေကြပြီ။ အရင်ကဆို သွားလို့မရဘူး။ အခုကတော့ နေ့သွားသွား ညသွားသွား အစစ်အဆေးမရှိဘူးဆိုတော့ သူတို့အတွက်လည်း၊ ပြည်သူ့အတွက်လည်း ပိုပြီးအကျိုးရှိပါတယ်" ဟု ၎င်း၏ အမြင်ကို ပြောသည်။

ယနေ့ဆွေးနွေးသည့် ကဏ္ဍငါးခုအနက် လုံခြုံရေးကဏ္ဍတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေခံသင့်သည့်မူများဆိုသည့် ခေါင်းစဉ်အောက်မှ ဆွေးနွေးခဲ့ကြသည့် ကိုယ်စားလှယ်များအနက် အစိုးရအစုအဖွဲ့ ကိုယ်စားလှယ်မှ ဦးခင်ရီက "ဒီနေ့ ကျွန်တော်တို့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ အခြေခံသင့်သောမူများဆိုတဲ့ ခေါင်းစဉ်ကို ဆွေးနွေးတာပါ။ အဲဒီခေါင်းစဉ်ကို ဆွေးနွေးနိုင်ဖို့အတွက် ပထမအကြိမ် ပြည်တွင်းငြိမ်းချမ်းရေး ညီလာခံမှာ လွန်ခဲ့တဲ့ နှစ်ရက်က တင်ပြဖို့ပဲ။ ကျွန်တော်က အစိုးရအစုအဖွဲ့မှ ကိုယ်စားလှယ်ဖြစ်တော့ အဲဒီအဖွဲ့ထဲမှာချပြီး ဆွေးနွေးတယ်။ စာတမ်းတွေ ပြုစုတယ်။ အဲဒါတွေလုပ်ပြီးတော့ ကျန်တဲ့အစုအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဒီမှာ ဒုတိယနေ့အဖြစ် လာဆွေးနွေးတာပါ။ တက်ရောက်လာတဲ့ ခုနစ်ဖွဲ့စလုံးက ဆွေးနွေးသွားကြတာ တွေ့ရပါတယ်။

"မနေ့က တစ်နေကုန် ကိုယ့်အဖွဲ့ရဲ့ ဆွေးနွေးချက်တွေကို စုစည်းပြီး တင်ပြတယ်။ ဒီနေ့ အဲဒီဆွေးနွေးချက်တွေအပေါ် သုံးသပ်ချက်၊ ဖြည့်စွက်ချက်လုပ်တဲ့သဘော ဖြစ်ပါတယ်။ နောင်အနာဂတ်မှာ နိုင်ငံတော်ရဲ့ ပြောင်းလဲလာမယ့်အခြေအနေအရ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအစီအမံတွေကို ဘယ်လိုချသင့်လဲဆိုတာတွေကို ဒီမှာ သဘောထားမှတ်ချက်ပေးတဲ့ သဘောပါ။ အဓိကကတော့ နောင်အနာဂတ် ကျွန်တော်တို့နိုင်ငံမှာ ဘယ်လိုကာကွယ်ရေးစနစ်တွေကို လုပ်သင့်တယ်။ ဘယ်လိုလုံခြုံရေးစနစ်တွေ လုပ်သင့်တယ်ဆိုတာကို အဖွဲ့ခုနစ်ဖွဲ့လုံးက အခြေခံသင့်တဲ့ အမြင်တွေ ဆွေးနွေးကြတာပါ။ ပြောရရင် တိုင်းရင်းသားလူမျိုးစုတွေ အားလုံးပါဝင်တဲ့ ပြည်ထောင်စုတပ်မတော်ဖွဲ့သင့်တယ်။ တစ်ခုတည်းသော တပ်မတော်ဖြစ်သင့်တယ်။ ဒီလိုတူတာ၊ တူတာတွေ ဆွေးနွေးတာတွေ ရှိသလို တူတဲ့အထဲမှာမှ ထပ်ပြီးတော့ ကွဲပြားနေတာတွေ ရှိတယ်။ ဘယ်လိုဖွဲ့စည်းမလဲ၊ ဖွဲ့စည်းပုံမှာ မတူကြဘူး။ ဘယ်လိုတပ်အင်အားတွေ ဖြည့်တင်းမလဲ။ ဘယ်လိုကွပ်ကဲမလဲ စသဖြင့် ဒါတွေက မတူကြဘူး။ မတူခြားနားတဲ့အမြင်တွေလည်း တွေ့တယ်။ တချို့ဆွေးနွေးတာတွေက နိုင်ငံတော်လုံခြုံရေးစနစ်(National Security Policy)ကို ပြည့်ပြည့်စုံစုံချရမယ်။ အဲဒီအောက်မှာ ကာကွယ်ရေးဆိုင်ရာ ပြောင်းလဲမှု၊ တရားဥပဒေစိုးမိုးရေး၊ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲမှု၊ လဝက ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဒါတွေကို အကုန်လုံး Standard ဖြစ်သွားအောင် လုပ်သင့်တယ်ဆိုတာတွေ ဆွေးနွေးကြပါတယ်။

"အဲဒါတွေကို ဇန်နဝါရီ ၁၆ ရက်နေ့ စုံညီအစည်းအဝေးမှာ ပေါင်းပြီးဆွေးနွေးကြမှာ ဖြစ်ပါတယ်။ အဲဒီကျတော့မှ အဖြေတစ်ခုပေါ်လာမယ်။ နိုင်ငံတော်လုံခြုံရေးမှာ ခြုံငုံပြောတာပါသလို အနောက်ဘက် မျက်နှာစာလုံခြုံရေး၊ အရှေ့ဘက်မျက်နှာစာလုံခြုံရေး အဲလိုသီးခြားဆွေးနွေးတာတွေလည်း ရှိပါတယ်။ ဒါကိုလည်း တပ်မတော်အစုအဖွဲ့ကနေ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ အကြောင်းအရာကို ထပ်ပြီးရှင်းပြတာတွေလည်း ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်တစ်ခုလုံးရဲ့ လုံခြုံရေးနဲ့ ကာကွယ်ရေးစနစ်ကို ဆွေးနွေးတဲ့အခါမှာ ဒါပထမအချက်က မပြီးသေးဘူး။ ဖြည့်စွက်ဆွေးနွေးရမယ်။ ဆက်လက်ဆွေးနွေးရဦးမယ်။ တပ်မတော်ကတော့ လက်ရှိမှာ နတ်မြစ်ဝကနေ ဒီဘက်အဆုံးထိ လုံခြုံရေးတွေ လုပ်ထားပါတယ်။ တပ်မတော်ရဲ့ တပ်ဖြန့်မှုတွေ၊ ရဲတပ်ဖွဲ့ရဲ့ တပ်ဖြန့်မှုတွေ၊ တပ်မတော်(ရေ)ရဲ့ တပ်ဖြန့်မှုတွေ၊ ပိတ်ဆို့ဆွေးနွေးရေး အတွက် ဆောင်ရွက်နေတာတွေ ပြောတယ်။ ကျွန်တော်က လဝကမှာ လုပ်ခဲ့တာဆိုတော့ လဝကကနေ အထဲရောက်နေတဲ့လူတွေကို ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနဲ့ စစ်ထုတ်တာတွေ ၊ ထပ်ပြီးမဝင်နိုင်အောင် ကာကွယ်တာတွေ ဒါတွေကလည်း လက်ရှိလုပ်ဆဲပါ။ ဒါတွေနဲ့ ပြည့်စုံလားဆိုရင် မပြည့်စုံသေးပါဘူး။ ဆက်လုပ်မယ့်ဟာတွေကို လာအကြံပြုနေကြတာပါ။

"တစ်စနှင့်တစ်စ ဝင်ရောက်မှုနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ နယ်နိမိတ်ကို ကာတဲ့အခါမှာ အတော်စကားပြောပါတယ်။ နယ်နိမိတ်ကလည်း ရှည်တယ်။ လူချင်းလက်ချိတ်ထားမယ်ဆိုရင်တောင်မှ မလွယ်ဘူးပေါ့။ ခိုးဝင်ချင်နေတဲ့သူကတော့ အပေါက်ရှာဝင်ရင် ဖြစ်နေမှာပေါ့။ ဒီနေ့အကြံအစည်ရှိလို့ ဆုံးဖြတ်လိုက်ရင် နောက်နေ့ဆုံးဖြတ်ချက်ချတာမျိုးတော့ မဟုတ်ဘူး။ ရေရှည်မှာတော့ ကျွန်တော်တို့ နိုင်ငံလုံခြုံရေးအတွက် ပြီးပြည့်စုံတဲ့ စနစ်တစ်ခုရမယ်လို့ ကျွန်တော်မြင်ပါတယ်"ဟု ဆွေးနွေးချက်များအပေါ် ၎င်း၏ အမြင်များကို ပြောသည်။

ဆက်လက်ပြီး လုံခြုံရေးကဏ္ဍနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသာညွန့်က "နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ အခြေခံသင့်တဲ့မူများကို အစုအဖွဲ့အလိုက် ကြီးကြီးမားမား ဆွေးနွေးချက်တွေ အင်မတန်မှ အနှစ်သာရပြည့်ဝပြီး ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားကြတဲ့အတွက် အလွန်ပဲဝမ်းသာအားရ ကျေနပ်မိပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်ရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး အနည်းငယ် ဖြည့်စွက်ဆွေးနွေးခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ အရေးပေါ်လုံခြုံရေးအခြေအနေတွေ အတွက် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအခြေခံသင့်တဲ့မူမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေရဲ့ လုပ်ပိုင်ခွင့်အာဏာ Power Sharing မှာ ၂၀၀၈ ဖွဲ့စည်းပုံမှာ တိတိကျကျ ဖြည့်စွက်ထည့်သွင်းရေးဆွဲဖို့ လိုအပ်တဲ့အကြောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်" ဟု ပြောသည်။

နိုင်ငံရေးပါတီအစုအဖွဲ့မှ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက အထွေထွေအတွင်းရေးမှူး ဒေါက်တာ မင်းနွယ်စိုးက "ဒီညီလာခံကနေ ငြိမ်းချမ်းရေးတွေပဲ ရလာစေချင်တယ်။ ထာဝရငြိမ်းချမ်းရေးလည်း ဖြစ်စေချင်တယ်။ အခုလို ရက်တိုတိုနဲ့ ဆွေးနွေးရတဲ့ အနေအထားမှာ အဖွဲ့ကွဲနေတာလေးတွေ ရှိတယ်။ ဒါပေမယ့် အားလုံးကတော့ ငြိမ်းချမ်းရေးကို လိုချင်ကြပါတယ်။ ဒီနေရာမှာ ကျွန်တော့်ရဲ့အမြင်ကတော့ အတ္တလေးတွေ နည်းနည်းရှိနေကြတာ တွေ့ရပါတယ်။ ဒီအချက်လေးကို စျေးဝယ်သလို အလျှော့အတင်းလုပ်နိုင်ရင် ငြိမ်းချမ်းရေးကတော့ ရမှာပဲ။ ဒီလိုအလျှော့အတင်းကို အားလုံးက သဘောထားကြီးကြီးနဲ့ ပေးဖို့တော့ လိုမယ်ထင်ပါတယ်" ဟု နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်ပြီး ဆွေးနွေးချက်များအပေါ် ၎င်း၏ အမြင်ကို ပြောသည်။

မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးမှတ်တိုင်သစ်အဖြစ် စိုက်ထူမည့် ပထမဆုံးအကြိမ် ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိရာ ယနေ့ဆိုလျှင် စတုတ္ထနေ့အထိ ပြီးမြောက်ခဲ့ပြီဖြစ်သည်။

နောက်ဆုံး ပဉ္စမနေ့ကို ဇန်နဝါရီ ၁၆ ရက် **(ယနေ့)**တွင် ကျင်းပမည်ဖြစ်ပြီး သက်ဆိုင်ရာအစုအဖွဲ့များအတွင်း ဆွေးနွေးခြင်း၊ ညီလာခံကျင်းပခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အဆိုပြုချက်များတင်သွင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရေတာရှည်မြို့ ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် ယာဉ်သုံးစီးတိုက်မှုဖြစ်ပွား

ရေတာရှည် ဇန်နဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ ရန်ကုန်-မန္တလေး ကားလမ်းပေါ်တွင် ဇန်နဝါရီ ၁၄ ရက် ည ၁၀ နာရီခွဲခန့်က ယာဉ်သုံးစီးတိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့ အမှတ်(၄)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း၌ တောင်မှ မြောက်သို့ သန်းစိုး(၅၅ နှစ်) ကျောက်ပန်းတောင်းမြို့နေသူ မောင်းနှင်လာသည့် 8J/---- နီဆန်း ၁၂ ဘီး ကုန်တင်ယာဉ်သည် မိုင်တိုင် ၁၉၀/၁ နှင့် ၂ ကြား အရောက်တွင် ရှေ့မှသွားနေသော ယာဉ်က လမ်း၏ အရှေ့ဘက်သို့ ချိုးကွေ့သည်ကို တွေ့လိုက်၍ အရှိန်လျှော့ ဘရိတ်အုပ်လိုက်စဉ် နောက်မှ သန့်ဇင်(၃၆ နှစ်) (၂)ရပ်ကွက် အောင်ပန်းမြို့နေသူ မောင်းနှင်လာသည့် ၂၈/---- ၂၂ ဘီး ကုန်တင်ယာဉ်က နောက်မှ ဝင်ရောက်တိုက်မိခဲ့သည်။

ထိုသို့ နောက်မှဝင်တိုက်လိုက်သဖြင့် 8J/---- နီဆန်း ၁၂ ဘီးကုန်တင်ယာဉ်သည် ကားလမ်းအရှေ့ဘက်၌ ရပ်တန့်ထားသည့် 5H/---- ခြောက်ဘီးကြံတင်ယာဉ်၏ ဝဲဘက်ခြမ်းကို ထပ်မံတိုက်မိခဲ့ခြင်းဖြစ်သည်။ ရှေ့မှသွားနေသော ယာဉ်မှာ နောက်ပိုင်း အနည်းငယ်သာပျက်စီးခဲ့ပြီး နောက်ဘက်မှဝင်တိုက်သည့် ၂၂ ဘီးကုန်တင်ယာဉ်မှာ ရှေ့ခေါင်းတစ်ခုလုံး ပျက်စီးသွားခဲ့ကာ ခြောက်ဘီး ကြံတင်ယာဉ်၏ ဝဲဘက်ခြမ်း အနည်းငယ်ပျက်စီးသွားခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

လျှပ်စစ်ရထားပြေးဆွဲမှု တစ်နေ့ခရီးသည် ပျမ်းမျှ ၁၈၀ ဝန်းကျင် လိုက်ပါစီးနင်း ပြည်သူများ စိတ်ဝင်စားမှုရှိသော်လည်း လိုက်ပါစီးနင်းသူ နည်းပါးနေသေး

သတင်းမြင်ကွင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မိုးမခ

ရန်ကုန် ဇန်နဝါရီ ၁၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ပြည်သူများခရီးသွားလာမှုအဆင်ပြေစေရန်နှင့် ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက် လျော့နည်းစေရန်ရည်ရွယ်၍ ယခု ဇန်နဝါရီ ၁၀ ရက်မှ စတင်ကာ ကမ်းနားမြို့ပတ်လမ်းပိုင်းတွင် လျှပ်စစ်ရထားကို စတင်ဖွင့်လှစ်ပြေးဆွဲခဲ့ရာ တစ်နေ့ ခရီးသည်ပျမ်းမျှ ၁၈၀ ဝန်းကျင်သာ လိုက်ပါစီးနင်းလျက်ရှိသည်။ အဆိုပါလျှပ်စစ်ရထားပြေးဆွဲမှုအပေါ် ပြည်သူများ စိတ်ဝင်စားမှုရှိသော်လည်း လိုက်ပါစီးနင်းသည့် ခရီးသည်မှာ အတော်အသင့်သာရှိနေသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ ဒီလျှပ်စစ်ရထားကို အရင် မြို့ပတ် RBE နေရာမှာ ၁၀ ရက်နေ့ နံနက်ပိုင်းကဖွင့်ပြီးတော့ ၁၁ ရက်နေ့က စတင်ပြေးဆွဲခဲ့ပါတယ်။ ဒီနေ့ဆို သုံးရက်မြောက်နေ့ပါ။ လက်ရှိကတော့ လိုက်ပါစီးနင်းတဲ့သူ နည်းနေသေးတာ တွေ့ရတယ်။ ဒီသုံးတွဲစလုံးမှာ လိုက်ပါစီးနင်းသူခရီးသည် တစ်နေ့ပျမ်းမျှ အယောက် ၁၈၀ ဝန်းကျင်လောက်တော့ရှိမယ်။ အခုလိုက်ပါစီးနင်းတဲ့သူတွေထဲမှာ ခရီးသည်အနည်းစုသာပါပြီး အပျော်လိုက်စီးတဲ့သူတွေက များတယ်"ဟု အဆိုပါလျှပ်စစ်ရထားပေါ်တွင် ရထားထိန်း တာဝန်အဖြစ် ထမ်းဆောင်နေသူ ကိုဝင်းလှိုင် (လက်ထောက်ကြီးကြပ်ရေးမှူး၊ မြန်မာ့မီးရထား) က ပြောသည်။

ယခုမြန်မာ့မီးရထားအနေဖြင့် လျှပ်စစ်ရထားပြေးဆွဲနေသည့် ယခင် RBE လမ်းကြောင်း ဝါးတန်း-လင်းစဒေါင်း လမ်းပိုင်းသည် အရှည် ၃ ဒသမ ၅ မိုင်သာရှိပြီး လိုက်ပါစီးနင်းသူ ခရီးသည်အများစုမှာ ခရီးသွားခြင်းထက် အပျော်တမ်းလိုက်ပါစီးနင်းခြင်း များသည်ကို တွေ့ရ သည်။ အဆိုပါလမ်းကြောင်းကို ယခင် RBE ပြေးဆွဲစဉ်က တစ်နေ့ပျမ်းမျှ ခရီးသည် ၁၂၀ ဝန်းကျင်သာ လိုက်ပါစီးနင်းခဲ့သော်လည်း ယခုအခါ တစ်နေ့ပျမ်းမျှ ခရီးသည် ၁၈၀ ဝန်းကျင်အထိ လိုက်ပါစီးနင်းကြောင်း အဆိုပါရထားပေါ်မှ လက်မှတ်ရောင်းတာဝန်ခံက ဆိုသည်။

"ကျွန်တော်က ဒီပန်းဆိုးတန်းကနေ လင်းစဒေါင်းဘက်ကို အပျော်တမ်းလိုက်စီးတာပါ။ တစ်ခါမှ မစီးဖူးလို့။ အခုကျွန်တော်အသက် အသက် ၆၁ နှစ်ရှိပါပြီ။ ဒီရထားအပေါ် ကျွန်တော့်အမြင်ပြောရရင် ပြည်သူတွေစည်းကမ်းလိုက်နာမှု အားနည်းသေးတယ်လို့ မြင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ပန်းဆိုးတန်းမှတ်တိုင်မှာ ဒီရထားကို စောင့်နေတဲ့အချိန် ၁၀ ဘီးကားကြီး ရုတ်တရက်ဖြတ်ဝင်သွားတာတွေ့တယ်။ အခြားအငှားကားတွေ၊ ပြည်သူတွေလည်း ဒီရထားလမ်းပေါ်အတိုင်း အတော်များများဖြတ်သွားနေတာကို တွေ့ရတယ်။ စည်းကမ်းပိုင်းကတော့ ပြည်သူတွေ လိုက်နာဖို့ အများကြီးလိုတယ်လို့ မြင်တယ်။ ပြီးတော့ ဒီရထားကို အားကိုးပြီးစီးတဲ့ခရီးသည် နည်းမယ်ဗျ။ ဘာကြောင့်လဲဆိုတော့ ရှင်းရှင်းပြောရရင် ခရီးကြောင်းက တိုလွန်းတယ်။ ဒီထက်လမ်းကြောင်း ပိုရှည်ရှည် ဆွဲနိုင်ရင်တော့ ပြည်သူတွေအတွက် ပိုအဆင်ပြေမှာပါ"ဟု ပန်းဆိုးတန်းဂိတ်မှ လင်းစဒေါင်းသို့ အပျော်တမ်း လိုက်ပါစီးနင်းသည့် ဦးထွန်းမြင့်(ရွှေနေ)က ဆိုသည်။

အဆိုပါလျှပ်စစ်ရထားသည် နံနက် ၈ နာရီတွင် ဝါးတန်းမှတ်တိုင်မှ အစပြုပြေးဆွဲကာ မော်တင်၊ စဉ့်အိုးတန်း၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဆိုးတန်း၊ ဗိုလ်တထောင်၊ လင်းစဒေါင်းမှတ်တိုင်၌ ၈ နာရီခွဲတွင် ဂိတ်ဆုံးပြီး အဆိုပါမှတ်တိုင်တွင် ၁၅ မိနစ်နားကာ ဝါးတန်းသို့ ပြန်လည်ထွက်ခွာသည်။ ထိုသို့ နေ့စဉ် မွန်းလွဲ ၁ နာရီအတွင်း ခြောက်ခေါက်နှုန်းဖြင့် ခရီးသည်တစ်ဦး ငွေကျပ် တစ်ရာနှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိသည်။ လမ်းကြောင်းတစ်လျှောက်တွင် ကပ်တုံးအချို့တွေ့သော်လည်း ကပ်တုံးချထားကာရံမှုမှာ နည်းနေသေးသဖြင့် ချိန်ဆမောင်းနှင်နေရကြောင်း အဆိုပါလျှပ်စစ်ရထားမောင်းသူက ပြောသည်။

ခရီးသည်အချို့ထံမှ ဝေဖန်မှုများမှာ လမ်းကွေ့လမ်းချိုးများတွင် ကပ်တုံးချထားမှုမပြုဘဲ ကျန်လမ်းပိုင်းတစ်လျှောက်တွင် ကပ်တုံးများချထားပေးပါက ရထားမောင်းသူအနေဖြင့် ဘေးရန်ကင်းစွာ မောင်းနှင်နိုင်ပြီး ယခုထက် ပိုမိုလျင်မြန်မည်ဖြစ်ကြောင်း ပြောဆိုသံအချို့ကိုလည်း ကြားသိခဲ့ရသည်။

လျှပ်စစ်ရထားပေါ်တွင် လိုက်ပါစီးနင်းသည့် ခရီးသည်များကိုတွေ့ရစဉ်။

"ကျွန်တော်က ဝါးတန်းလမ်းက စီးလာတာ။ ပန်းဆိုးတန်းမှာ ဆင်းမယ်။ စီးရတာအဆင်ပြေပါတယ်။ နိုင်ငံတကာအဆင့်မီတယ်။ ဖြစ်နိုင်ရင် ညပိုင်းဆွဲပေးရင် ပိုတောင်ကောင်းမယ်။ ခရီးသည်တွေအတွက်ကတော့ လုံခြုံစိတ်ချမှုရှိပါတယ်။ တံခါးကလည်း အော်တိုဆိုတော့ ဒီထက် လမ်းကြောင်းရှည်ဆွဲပေးရင် ပိုကောင်းမှာပါ။ ခရီးသည်တွေကလည်း စည်းကမ်းရှိရှိ စီးဖို့လိုပါတယ်။ စည်းကမ်းမလိုက်နာရင် တိတိကျကျ အရေးယူပေးဖို့နဲ့ ရထားသူ့အချိန်လေးနဲ့သူ ပုံမှန်ဆွဲပေးရင် ဒီထက်စီးတဲ့ခရီးသည် ပိုများလာမယ်လို့ မြင်ပါတယ်"ဟု ပန်းဘဲတန်းမြို့နယ် ၂၆ လမ်းတွင် နေထိုင်သူ ဦးအေးလွင်က ဆိုသည်။

ယခုအခါ အဆိုပါ လျှပ်စစ်ရထားကို စက်ခေါင်းမောင်း တစ်ဦး၊ မီးထိုးတစ်ဦး၊ စက်မှုစက်ပြင်တစ်ဦး၊ လျှပ်စစ် စက်ပြင်တစ်ဦး၊ ရထားထိန်းတစ်ဦး၊ လက်မှတ်ရောင်း တစ်ဦးနှင့် ခရီးသည်လုံခြုံရေးအတွက် ရဲနှစ်ဦးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ယင်းလျှပ်စစ်ရထားစတင်ပြေးဆွဲသည့် ဇန်နဝါရီ ၁၁ ရက်တွင် ခရီးသည် ၁၉၅ ဦး၊ ဇန်နဝါရီ ၁၂ ရက် ဒုတိယနေ့တွင် ခရီးသည် ၁၆၆ ဦးတို့ လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

အထက(၁) ဗိုလ်တထောင် နဝမတန်းတွင် ပညာသင်ကြားနေသည့် မဖွေးစုမွန်သူက "သမီးအခုစီးတာ ပထမဆုံးအကြိမ်ပါပဲ။ အခုလင်းစဒေါင်းကနေ ဗိုလ်တထောင်ကို စီးမှာပါ။ ဒီရထားစီးရတာ ကားတွေနဲ့စာရင် ပိုအဆင်ပြေပါတယ်။ သက်သောင့်သက်သာလည်းရှိတယ်။ ကျောင်းဆင်းတာကလည်း ၁၂ နာရီ ၁၅ မိနစ်ဆိုတော့ ကျောင်းအပြန် ဒီရထားစီးရတာ အဆင်ပြေတယ်။ ကားလောက်တော့ မမြန်ပေမယ့် အဲကွန်းလည်းပါတော့ အဆင်ပြေပါတယ်" ဟု သူမ၏အမြင်ကို ပြောသည်။

(မြန်မာ့အလင်း)

တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးဟောပြော

မုဒုံ ဇန်နဝါရီ ၁၅

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အထောက်အကူဖြစ်စေရန်အတွက် ဘာသာရပ်အလိုက် ဆွေးနွေးဟောပြောပွဲများကို မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်မှုဖြင့် မုဒုံမြို့ အထက (၁)၊ အထက (၂)နှင့် ကမာဝက်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇန်နဝါရီ ၁၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမများက ဇန်နဝါရီလဆန်းပိုင်းမှစ၍ လကုန်အထိ ပြည်နယ်အတွင်း ၁၀ မြို့သို့သွားရောက်၍ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်အလိုက် စာမေးပွဲအထောက်အကူပြု ဖြေဆိုနည်းများကို ဟောပြောမည်ဖြစ်ကြောင်း မော်လမြိုင်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ကထိက ဒေါ်လှချိုက ပြောသည်။ ဘာသာရပ်ဆိုင်ရာဟောပြောပွဲတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စာမေးပွဲစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အမှတ်ရရှိနိုင်မည့်အချက်တွေ၊ သတိထားဖြေဆိုရမည့်မေးခွန်းတွေ ဦးစားပေးဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ မုဒုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရှင်အရဟံခန်းမ၌ ကျင်းပခဲ့သည့် ဘာသာစုံဆွေးနွေးပွဲသို့ မုဒုံမြို့နယ်အတွင်းရှိ အထက(၁) အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ညောင်ကုန်းအခြေခံပညာ အထက်တန်းကျောင်း(ခွဲ) သုံးကျောင်းမှ ကျောင်းသား ကျောင်းသူ ၇၅၀ ကျော် တက်ရောက်ခဲ့ပြီး အခြေခံ ပညာအထက်တန်းကျောင်း၊ အထက(၂)ခန်းမ၌ အခြေခံပညာအထက်တန်းကျောင်းကွေ့ဝမ်း၊ အခြေခံပညာအထက်တန်းကျောင်း ကော့ခပုံနှင့် ကော့ပရံအခြေခံပညာအထက်တန်းကျောင်း(ခွဲ) လေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် တက်ရောက်ခဲ့ပြီး ကမာဝက်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကလော့သော့ အခြေခံပညာအထက်တန်းကျောင်း၊ နီးပဒေါအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကွမ်လှာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ငါးကျောင်းနှင့် သဟာရကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် တက်ရောက်လေ့လာခဲ့ကြကာ မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမ ရှစ်ဦးတို့က သက်ဆိုင်ရာဘာသာရပ်အလိုက် ဟောပြောခဲ့သည်။

မုဒုံမောင်မောင်

" စတော့ရှယ်ယာတွင် ဝယ်ယူရင်းနှီးမြှုပ်နှံနည်း "

(How to invest in Stock Shares)

" ရန်ကုန်စတော့အိတ်ချိန်း" တွင် မှတ်ပုံတင်၍ အစုရှယ်ယာ ထုတ်ရောင်းချခွင့်ရရှိသည့် ကုမ္ပဏီများ၏စတော့ရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံမှုနည်းလမ်းများကို အောက်ပါအစီအစဉ်အတိုင်းဆွေးနွေးဟောပြောမည် ဖြစ်ပါသည်။

ဆွေးနွေးမည့်ပုဂ္ဂိုလ်	- ဒေါက်တာ မောင်မောင်သိမ်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ဥက္ကဋ္ဌ)
ကျင်းပမည့်နေ့ရက်	- ၂၄.၁.၂၀၁၆ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	- နံနက် ၁၀း၀၀ နာရီ မှ ၁၂း၀၀ နာရီအထိ
ကျင်းပမည့်နေရာ	- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ (ပထမထပ်)၊ အစည်းအဝေးခန်းမ။

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီကြီးများ၊ စိတ်ပါဝင်စားသူများအားလုံး မည်သူမဆို အခမဲ့တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

Diamond Sponsored :

KBZSC HOR KHAM

Organized by :

W.E.S Group
09 30087636

ဖခင်အမည်မှန်

ကျောက်တန်း အထက(၂) (သော်ကကျောင်း) နဝမတန်း(ဂ)မှ မစန္ဒာဝင်း (၃၄၂/၁၅)၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၁၂/ကတန(နိုင်) ၀၃၇၆၈၅ ဖြစ်ပါကြောင်း။

ဦးထွန်းနိုင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၈၄၆၊ ဧရိယာ ၀ဒသမ၀၅၅ဧကေရှိ နှစ် ၆၀ဂရန်မြေအမျိုးအစား မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းဝင်း ၁၂/တမန(နိုင်)၀၄၈၂၆၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါ၍ ယခုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မမ
(တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၇၁၃)
အမှတ် ၅၀၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၁၉၉၉၀၇

မိုင်းပန်မြို့နယ်၌ ဘိန်းစိမ်း ၄၅ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက်က မိုင်းပန်-မိုင်းတုံသွားကားလမ်းတာဆန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ မိုင်းပန်မှ မိုင်းတုံဘက်သို့ နော်ခမ်း မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ စိုင်းငွေ၊ စိုင်းခမ်းအောင်၊ မနန်းပန်း၊ မနန်းလင်း၊ မနန်းနွမ်း၊ မနန်းစံခမ်း၊ မနန်းနန်းတို့၏ ခရီးဆောင်အိတ်များအတွင်းမှ ဘိန်းစိမ်း အထုပ် ၃၀၊ စုစုပေါင်း ဘိန်းစိမ်း ၄၅ ကီလိုကို လည်းကောင်း၊ အလားတူ ဇန်နဝါရီ ၁၁ ရက်က မိုင်းပန်မှ မိုင်းတုံဘက်သို့ စိုင်းလှရွှေ မောင်းနှင်လာသည့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ မနန်းအေးနန်း၊ မနန်းဆာ၊ မပါပေါက်၊ နန်းပန်း၊ မနန်းနုတို့၏ ခရီးဆောင်အိတ်များအတွင်းမှ ဘိန်း စိမ်း ၂၃ ထုပ် စုစုပေါင်း ဘိန်းစိမ်း ၃၄ ဒသမ ၅ ကီလိုကိုလည်းကောင်း၊ ထို့အတူ ဇန်နဝါရီ ၁၀ ရက်က တောင်ကြီးမှ ဆီဆိုင်မြို့ဘက်သို့ မောင်လှမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ငွေကျပ် ၁၉၉ သိန်းကျော် ပိုမိုထုတ်ယူခဲ့ပြီး ပြန်လည်ပေးသွင်းရန် ပျက်ကွက်သူ ကန်ထရိုက်တာအား အမှုဖွင့်အရေးယူ

ကသာ ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းရှိ ကျောက်ကြီး-မြို့ကုန်းဘူတာကြား ကီလိုမီတာ(၅၉ + ၅၄၀)ရှိ တံတားအမှတ်(၁၇၆) 2/10 Tunnel Shape)တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒုတိယ ခြောက်လပတ်လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးခဲ့ရာ ဒေသန္တုန်းကွာခြားချက်အရ ပိုမိုထုတ်ယူ ငွေကျပ် ၁၉၉၆၆၀၀၀ ကို ပြန်လည်ပေးသွင်းရန် တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး မှုံရှာမှ ကန့်ကွက်ထားသဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ တွေ့ဆုံညှိနှိုင်းချက်အရ ပိုမိုထုတ်ယူငွေများကို ကန်ထရိုက်တာ ဦးမောင်ဇော်က ပြန်လည်ပေးသွင်းရန် အကြောင်းကြားထားသော်လည်း ပေးသွင်းခြင်းမရှိသဖြင့် ဦးဝင်းမင်းဦး ကသာ-ဗန်းမော် မီးရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကသာမြို့နေသူက ဥပဒေအရအရေးယူပေးရန် ဇန်နဝါရီ ၁၄ ရက်က တရားလိုပြုလုပ် အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။

ဦးရဲ(ကသာ)

ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ

ကျောက်တံခါး ဇန်နဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၇/၇)နှင့် (၁၁၇/၀)အကြား သာယာကုန်းကျေးရွာအနီးတွင် ဇန်နဝါရီ ၁၄ ရက် ညနေ ၅ နာရီခန့်က ရန်ကုန်ဘက်မှမန္တလေးဘက်သို့ ရှိုင်းရဝေအောင်(၁၇နှစ်) ကွင်းနောက်ရပ်ကွက် ကျောက်တံခါးမြို့နေသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေထိုင်သော ရှိုင်းဝေယံအောင် (၁၉ နှစ်)အား တင်ဆောင်လာသော ၄၀ယ/ ---- ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသောကားတို့ တိုက်မိပြီးနောက် ကားမှာမောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်စီးလာသူ နှစ်ဦး ဒဏ်ရာများရရှိခဲ့သောကြောင့် ကျောက်တံခါးဆေးရုံသို့ပို့ဆောင်ပေးခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ရှိုင်းရဝေအောင်နှင့် ယာဉ်မောင်းတို့အား ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းခရိုင်တွင် ငါးဖမ်းသင်္ဘောသား ခြောက်ဦး ထူးဆန်းစွာသေဆုံး

ဗန်ကောက် ဇန်နဝါရီ ၁၅

ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းခရိုင် ငါးဖမ်းသင်္ဘောကြီးသုံးစင်းပေါ်မှ ငါးဖမ်းလုပ်သား ခြောက်ဦး သေဆုံးပြီး ငါးဦး နာမကျန်းဖြစ်ခဲ့ကြောင်း ဇန်နဝါရီ ၁၃ ရက်က ထိုင်းနိုင်ငံမှ ထုတ်လွှင့်ခဲ့သည့် သတင်းများအရ သိရသည်။

သေဆုံးရခြင်း အကြောင်းရင်းကို မသိရသေးကြောင်း၊ အဆိုပါ သင်္ဘော သုံးစင်းမှာ အိန္ဒိယသမုဒ္ဒရာအတွင်း ငါးဖမ်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် သင်္ဘောများဖြစ်ပြီး လွန်ခဲ့သည့် ၁၀ ရက်ခန့်က ပင်လယ်အတွင်း ငါးဖမ်းလုပ်ငန်းခွင်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ကမ်းသို့ပြန်လာရန် ဝေးလံလွန်းသဖြင့် သေဆုံးသူများကို သင်္ဘောဝမ်းဗိုက်အောက်ပိုင်းရှိ ရေခဲခန်းအတွင်းထားသိုကာ လုပ်ငန်းများဆက်လက်ဆောင်ရွက်ခဲ့ကြပြီး ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းမှ ရနောင်းမြို့ဆိပ်ကမ်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး သေဆုံးခဲ့သူများနှင့် နာမကျန်းဖြစ်နေသူများကို ရနောင်းခရိုင် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ သေဆုံးရခြင်းအကြောင်းရင်းကို ကျွမ်းကျင်ဆရာဝန်၏ထင်မြင်ယူဆ ပြောကြားချက်အရ ပင်လယ်ထဲတွင် ကိုးလခန့် ငါးဖမ်းနေရသည့်အတွက် အစိမ်းရောင် အာဟာရဖြစ်သည့် ဟင်းသီးဟင်းရွက်များ မစားသုံးရခြင်းကြောင့် ဗီတာမင်ဓာတ်ချို့တဲ့မှု ဖြစ်နိုင်ခြေရှိကြောင်း၊ ငါးဖမ်းသင်္ဘောသားများမှာ ငါးစင်းကောများသာ နေ့စဉ်စားသုံးနေကြရပြီး ငါးအစိမ်းများသည် ဗီတာမင်ဓာတ်အား ဖြိုခွင်းစေသည့်အတွက် ဤကဲ့သို့ နာမကျန်းဖြစ်ကာ သေဆုံးမှုဖြစ်ရခြင်းဖြစ်နိုင်ကြောင်း ထိုင်းနယူးအေဂျင်စီသတင်းဌာန၏ ထုတ်လွှင့်ဖော်ပြချက်အရ သိရသည်။

ကျော်စိုး (ကော့သောင်း)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် ပစ္စည်းလေးပါး ဒါယိကာမ **ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ) ဆုထူးပန် ကျောက်မျက်ကုမ္ပဏီအား သာသနာတော်ဆိုင်ရာ **သုဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်အား ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သာသနာ့အကျိုး ကို ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

ရတနာဒီပံစာသင်တိုက် ဆရာတော်နှင့်သာသနာပြုဒါယကာ၊ ဒါယိကာမများ တာမွေမြို့နယ်၊ ရန်ကုန်မြို့

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် ပစ္စည်းလေးပါး ဒါယိကာမ **ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ) ဆုထူးပန် ကျောက်မျက်ကုမ္ပဏီအား သာသနာတော်ဆိုင်ရာ **သုဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်အား ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သာသနာ့အကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

တိုင်တစ်ရာအရှေ့ကျောင်း မရှိခဏဆရာတော် မြောက်ဒဂုံ၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ရီရီမြင့် ၅/မရန (နိုင်) ဝ၈၃၃၄၉၏ မြန်မာနိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၁၁၁၁၄၄

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ပျော်ဘွယ်စံပြ၊ အထ က (ခွဲ) ဆဋ္ဌမတန်း(ခ)မှ မယမုံဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးဝမ်းထွန်း ၉/မခန (နိုင်) ၁၆၄၄၄၈ ဖြစ်ပါသည်။

ဦးဝမ်းထွန်း

ရောင်းမည်

မြေ ၇၀×၂၅၊ အဆောင်ပါ ၁၂ခန်း၊ ရောင်းဈေး သိန်း ၂၈၀
မြေ ၅၆×၇၀၊ အဆောင်ပါ ၁၀ခန်း၊ ရောင်းဈေး သိန်း ၁၇၀
ကုန်းတလပေါင် မင်္ဂလာဒုံ
သုံးထပ်ခွဲတိုက် RC ရောင်းဈေး သိန်း ၃၈၀၀
မြေ ၂၀×၇၀ ကြွေခင်းကပ်
မျက်နှာကြက်၊ ကျွန်းပါကေးကပ်
AC သုံးလုံး၊ PH ပါ၊ (၆)လမ်းသွား၊ သုဇိတာလမ်းမ မေးတင်

ဖုန်း-၀၉-၅၁၈၃၉၅၁၊ ၀၉-၇၉၁၇၂၉၇၈၇၊ ၀၉-၇၈၂၄၁၃၈၀

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုင်းနေလင်းအောင် ၅/ကလထ(နိုင်)၂၁၈၄၉၉ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၀၅၇၄၉၇

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/3831၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

"CHOICE" အလှပြင်ဆိုင်သစ်အတွက် ဝန်ထမ်းအမြန်အလိုရှိသည်

ကျွမ်းကျင် (မ) ၁ ဦး
ပညာသင် (မ) ၂ ဦး

- ဆက်သွယ်ရန် -

အမှတ် (၅-ဘီ)၊ ဝတ်ကျောင်းလမ်း၊ ရေကျော်ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၄၂၅၂၉၆၅၄၂၊ ၀၉ ၇၈၇၀၀၁၆၃၉။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၇C/၂၄၀၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် FF/4464၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

★ နေမင်းခြင်္သေ့ ★

ရာထူးဝင်သင်တန်းကြီး

★ ကျူတာ
★ J.O,L.O-4 (အကောင်းဆုံးအစုံလင်ဆုံးစာအုပ်ရောင်းပြီ။)
★ အငယ်တန်းအင်ဂျင်နီယာ-၄ (၄၇ နေရာ)
★ ဒုလ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး (၃၁ နေရာ)
★ အငယ်တန်းစာရေး (၈ နေရာ)
❖ ရရှိနိုင်သောစာအုပ်ဆိုင်များ
-(ညီစာပေနှင့်ခေတ်ဓီစာပေ) (မန္တလေး) - (စစ်ငြိမ်းပန်းစာပေ) (လားရှိုး)
-(ကျော်ကျော်စာပေ) (မော်လမြိုင်) - (နေမင်းခြင်္သေ့မိတ္တူဆိုင်) (ပြည်မြို့)
-(ရွှေမင်းသား၊ ရွှေရည်ဝင်းနှင့် လမင်းဝင်းဝင်းစာပေ) (နေပြည်တော်)
➢ မှတ်စုစာအုပ်များကိုလည်း နယ်များအထိ ပို့ပေးသည်။
➢ မှတ်စုမှတ်တမ်းတွင် အားလုံးထက်သာလွန် ပြည့်စုံစေရမည်ဟု အာမခံသည်။

ဝိုင်းခန်းရန် ။ ။ အနော်ရထာအိမ်ရာဝင်းအတွင်း၊ လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက်၊ Ice Berry ရှေ့မျက်နှာချင်းဆိုင်၊လှည်းတန်း၊ကမာရွတ်မြို့နယ်။ ဖုန်း- ၀၉ ၄၂၀ ၅၂၁၀၀၊ ၀၉ ၂၅၃၀ ၃၃၉၂။

အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲအတွက် မြန်မာအသင်း အောင်မြင်မှုများရရှိရန်လေ့ကျင့်

ရန်ကုန် ဇန်နဝါရီ ၁၅

ဇန်နဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပဥ္စမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်ပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရန်အတွက် ကိုရီးယားနိုင်ငံ ကမ္ဘာ့ဆင့်(၁) ဂေါဝန်ဒိုမြားပစ်အသင်းနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားများ ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံမြားပစ် အားကစားပြိုင်ကွင်း၌ ပူးတွဲလေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **(ဓါတ်ပုံ)**

"အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပပေးတဲ့အတွက် မြန်မာ့လက်ရွေးစင်မြားပစ်အသင်းအတွေ့အကြုံကောင်းတွေရရှိပြီး မလေးရှားနိုင်ငံမှာ ကျင်းပမယ့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အောင်မြင်မှုတွေ ရရှိမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ အုပ်ချုပ်ရေးမှူး ဦးသန်းကြိုင်က ပြောသည်။

"ကျွန်တော်တို့ မြားပစ်အသင်းက Recurve နဲ့ Compound ပြိုင်ပွဲနှစ်မျိုးစလုံးကို လက်ရွေးစင်နဲ့ မျိုးဆက်သစ် အားကစားသမားတွေကို ရွေးချယ်ပြီး အားကစားသမား ၁၆ ဦးနဲ့ ယှဉ်ပြိုင်သွားမှာပါ။ လေ့ကျင့်ချိန်က တစ်လကျော်လောက်ပဲရှိတော့ ကိုရီးယားမြားပစ်အသင်းနဲ့ နေ့စဉ် နံနက် တစ်ကြိမ်၊ ညနေတစ်ကြိမ် စနစ်တကျ လေ့ကျင့်နေပါတယ်။ ဆုတံဆိပ်မျှော်မှန်းထားပါတယ်။ လောလောဆယ် မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့က ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ နီပေါနဲ့ စင်ကာပူနိုင်ငံကိုလည်း ဖိတ်ခေါ်ထားပါတယ်" ဟု ဦးသန်းကြိုင်က ပြောသည်။

အဆိုပါ မြားပစ် Recurve ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး တစ်ဦးချင်းမီတာ ၇၀ အမှတ်ပေး၊ တစ်ဦးချင်း ရှုံး/ထွက်၊ အသင်းလိုက်အမှတ်ပေး၊ အသင်းလိုက်ရှုံး/ထွက် Mix Team ပြိုင်ပွဲများကို လည်းကောင်း၊ Compound အမျိုးသား အမျိုးသမီးတစ်ဦးချင်း မီတာ ၅၀၊ တစ်ဦးချင်းရှုံး/ထွက်၊ အသင်းလိုက်အမှတ်ပေး၊ အသင်းလိုက်ရှုံး/ထွက် Mix Team ပြိုင်ပွဲများကို လည်းကောင်း ကျင်းပမည်ဖြစ်ကာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်း-အေးကေလင်း
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

YCDC Cup ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့က ကြီးမှူး၍ Yangon Triple Co., Ltd က အဓိက ကူညီထောက်ပံ့သော YCDC Cup Open Golf Championship 2016 Presented by Yangon Triple ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ငွေသော်တာဂေါက်ကွင်း၌ ကျင်းပရာ နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆုများကို မြန်မာပီဂျီအေအတွင်းရေးမှူး ဦးချမ်းဟန်က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ကော်မတီဝင်(၅) ဦးစိုးစည်က ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ၂၁၈ ချက်ဖြင့် တတိယရသူ ခင်ဇော်ဝင်း၊ ၂၁၈ ချက်ဖြင့် ဒုတိယရသူ ကျော်ဇင်ထွန်း၊ ၂၁၅ ချက်ဖြင့် ပထမရသူ စည်သူရဲရင့်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက Professional အဆင့်တွင် ၂၁၃ ချက်ဖြင့် တတိယရသူ စိုးကျော်နိုင် (HAN Golf Academy)၊ ၂၁၃ ချက်ဖြင့် ဒုတိယရသူ ရန်မျိုးအေး (CEO Group)၊ ၂၀၅ ချက်ဖြင့် ပထမရသူ မျိုးဝင်းအောင် (PRGR) တို့ကို ဆုများ ပေးအပ်ချီးမြှင့်၍ Yangon Triple Co., Ltd Chairman ဦးခွန်နောင်မြင့်ဝေက ပထမဆုရရှိသူ မျိုးဝင်းအောင် (PRGR)ကို ဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ဖိုးသော်ဇင်

YCDC Cup ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဆုရရှိသူများနှင့် တာဝန်ရှိသူများကို တွေ့ရစဉ်။

တနင်္သာရီတိုင်းဒေသကြီး၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၅

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **(မိုး/ဇလ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းချုပ်ဆိုသည့် အခွန်ထမ်းဆောင်ထိုက်သော စာချုပ်စာတမ်းများကို မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တံဆိပ်ခေါင်းခွန်ထမ်းဆောင်စေရန် အသိပေးကြေညာခြင်း

၁။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် ချုပ်ဆိုခဲ့သော လုပ်ငန်းသဘောတူစာချုပ် စာတမ်းအမျိုးမျိုးတို့အနက် တည်ဆဲဥပဒေများနှင့်အညီ ကျသင့်သည့်တံဆိပ်ခေါင်းခွန်ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသော စာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှုမရှိသောစာချုပ်များ၊ စာချုပ်သက်တမ်း ကုန်ဆုံးပြီး စာချုပ်အသစ် ထပ်မံချုပ်ဆိုရာ၌ ယခင်စာချုပ်အဟောင်းတွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားမှုမရှိခြင်း (သို့မဟုတ်)တံဆိပ်ခေါင်း လျော့နည်းထမ်းဆောင်ထားသောစာချုပ်များကို တည်ဆဲတံဆိပ်ခေါင်း အက်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးသော စာချုပ်စာတမ်းများဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တံဆိပ်ခေါင်းခွန်ဒဏ်ကြေးကင်းလွတ်ခွင့်ကာလကို ၃၁-၃-၂၀၁၆ရက်အထိ သတ်မှတ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် လုပ်ငန်းသဘောတူစာချုပ်များချုပ်ဆိုခဲ့သော်လည်း ကျသင့်သည့်တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသောစာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန် ထမ်းဆောင်မှုမရှိသောစာချုပ်များ၊ စာချုပ်သက်တမ်းကုန်ဆုံးပြီး စာချုပ်အသစ်ထပ်မံချုပ်ဆိုရာ၌ ယခင်စာချုပ်အဟောင်းများတွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားမှုမရှိခြင်း(သို့မဟုတ်)တံဆိပ်ခေါင်းခွန် လျော့နည်းထမ်းဆောင်ထားသောစာချုပ်များကို ဒဏ်ကြေးကင်းလွတ်စွာဖြင့် တံဆိပ်ခေါင်းခွန် ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ဆက်သွယ်၍ သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ တံဆိပ်ခေါင်းခွန် ဒဏ်ကြေးကင်းလွတ်ခွင့်သတ်မှတ်ကာလကျော်လွန်ပြီးပါက ထိုက်သင့်သော တံဆိပ်ခေါင်းခွန် ကပ်နှိပ်ထားမှုမရှိခြင်းနှင့် တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသော စာချုပ်စာတမ်းများကို ထိုက်သင့်သော တံဆိပ်ခေါင်းခွန်(သို့မဟုတ်) လျော့နည်းထမ်းဆောင်ထား၍ ထပ်မံထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်အပြင် ၎င်းထိုက်သင့်သော သို့မဟုတ် လျော့နည်း ထမ်းဆောင်သော တံဆိပ်ခေါင်းခွန်၏ (၁၀)ဆကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၅(က)အရ ပေးဆောင်ရမည်ဖြစ်ပါသည်။

၄။ အဆိုပါ ဒဏ်ကြေးကင်းလွတ်ခွင့်ဖြင့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရာတွင် ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ တံဆိပ်ခေါင်းများထုတ်ပေးခြင်းမပြုဘဲ ကျသင့်တံဆိပ်ခေါင်းခွန်ကို ချလန်ဖြင့် ပေးဆောင်စေပြီး မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၄၂(၁)အရ မူရင်းစာချုပ်ပေါ်တွင် (Endorsement) ထပ်ဆင့်ရေးသားပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

ဖခင်အမည်မှန်

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ အထက်တန်းကျောင်း(ဇီးကုန်း) တက္ကသိုလ်ဝင်တန်း(A)မှ မခင်သက်ပိုင်နှင့် မီးကောက်ပင်ရွာ အလယ်တန်းကျောင်း သတ္တမတန်းမှ မောင်အောင်ထူးပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကိုလေး(ခ)ဦးနိုင်ထူး ၇/ဇကန(နိုင်)၀၄၄၄၄၉ ဖြစ်ပါသည်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8021၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

တစ်ဦးတည်း ဖြစ်ပါကြောင်း

ကျောက်တန်းမြို့၊ စံချိန်မီရပ်ကွက်၊ အောင်သုခလမ်းနေ မောင်ဇင်ကိုကို၏ဖခင် ဦးမင်းလွင်(ခ)ဦးမောင်လွင် ၁၂/ကတန(နိုင်)၀၃၃၄၈၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမင်းလွင်(ခ)ဦးမောင်လွင်**

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း၊ သံလျင်မြို့၊ ဘုရားကုန်းကွက်သစ်၊ မြေတိုင်းအဆင့် ၁/၅၄၅၊ ပေ(၄၀ပေ×၆၀ပေ)မြေကွက်ကို ပိုင်ဆိုင်သူ ဦးဗိုလ်ဗိုလ်ဖော် (၁၂/ဥကမ(နိုင်) ၁၇၈၈၄၁) ထံမှ ၁၃-၁-၂၀၁၆ ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက် လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးစန်းငွေ (LL.B) ဗဟိုတရားလွှတ်တော်ရှေ့နေ (စဥ်-၃၀၇၃)
အမှတ်-၁၃၊ သရက်တောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဝါမျိုးသန့်ယှဉ်ပြိုင်စိုက်ကွက် တောင်သူပညာပေးပြသ

ကျောက်ဆည် ဇန်နဝါရီ ၁၅

ကျောက်ဆည်မြို့ လွန်ကျော်ဝါသုတေသနနှင့် မျိုးသန့်ခြံ၌ စိုက်ပျိုးထားသော ရွှေတောင်(၈)၊ ငွေချည် (၆)၊ ငွေချည် (၉) မျိုးကောင်းမျိုးသန့် ဝါစိုက်ခင်းများကို တောင်သူများအား ဇန်နဝါရီ ၁၄ ရက်က ပညာပေးသရုပ်ပြခဲ့ကြောင်း သိရသည်။

မျိုးသန့်ယှဉ်ပြိုင်စိုက်ကွင်း သရုပ်ပြပွဲတွင် ခြံတာဝန်ခံက ရွှေတောင် (၈)၊ ငွေချည်(၆)နှင့် ငွေချည်(၉)ဝါမျိုး တစ်ခုချင်းစီ၏ ဝါထွက်နိုင်စွမ်း၊ ကောင်းမွန်သည့် ဝါဂွမ်းအရည်အသွေး၊ ဝါမျိုးသန့်ပြီး မျိုးကွဲအရောမပါရေး အရေးကြီးပုံ၊ မျိုးသန့်မျိုးကောင်း စိုက်ပျိုးခြင်းဖြင့် ဝါအထွက်နှုန်း မြင့်မားနိုင်ပုံများကို တောင်သူများအား အသေးစိတ်ရှင်းလင်းပြောကြားကာ တောင်သူများအား ဝါစိုက်ခင်းများကို လက်တွေ့ကွင်းဆင်းလေ့လာစေခဲ့ပြီး တောင်သူများ၏ မေးမြန်းမှုများကိုလည်း ခြံဝန်ထမ်းများက ရှင်းလင်းဖြေကြားခဲ့သည်။

လွန်ကျော် ဝါသုတေသနမျိုးသန့်ခြံသည် ဝါစိုက်တောင်သူများအား နည်းပညာလိုအပ်ချက်များ ဖြန့်ဖြူးပေးနိုင်ရန်အတွက် စံပြစိုက်ခင်းများ စိုက်ပျိုးကာ ပညာပေးပြသလျက်ရှိသည့်အပြင် တောင်သူများအတွက် ဝါမျိုးကောင်းမျိုးသန့်များကိုလည်း လိုအပ်သလောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ကျေးရွာချင်းဆက်ကျောက်ချောလမ်း ခင်းကျင်းပြီးစီး

ဗန်းမော် ဇန်နဝါရီ ၁၅

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်းရှိ ညောင်ပင်သာ-စာဝတီး ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ဇန်နဝါရီလအတွင်း ခင်းကျင်းပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့နေပြီဖြစ်ကြောင်း သိရသည်။

အရှည် ၄ မိုင်ရှိ ညောင်ပင်သာ-စာဝတီးကျေးရွာချင်းဆက်လမ်း၌ အကျယ် ၁၂ ပေ ကျောက်ချောခင်းခြင်းကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၃၄၈ သမ ၇၆ သန်းဖြင့် အောင်မြင်အေးချမ်းသာ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ လမ်းပြီးစီးသဖြင့် ဒေသတွင်းမှ ပြည်သူများအနေဖြင့် ယခင်အသုံးပြုနေသော ဗန်းမော်-မန်စီ-မန္တလေးကား လမ်းမကြီးအတိုင်း သွားစရာမလိုတော့ဘဲ ဗန်းမော်မှ ညောင်ပင်သာ၊ ကံသာ(သစ်)၊ စာဝတီး၊ ကောင်းတုံ၊ မြလယ်၊ စင်းခန်းကျေးရွာများသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူနေမှုနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ကျေးလက်လမ်းများ ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများ အဆင့်မြှင့်တင်ခြင်း၊ တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆီမီးခုံ-နန်းရီ

မြစိမ်းရောင်ကျေးရွာစီမံကိန်းများ ကွင်းဆင်းကြည့်ရှု

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများသို့ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်နု၊ မိုးညှင်းမြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် ဝန်ထမ်းများ ဇန်နဝါရီ ၁၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကာ ရန်ပုံငွေစာရင်းများနှင့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

အစားအသောက်နှင့် ဆေးဝါးများ အန္တရာယ်ကင်းရှင်းမှုရှိ/မရှိ စစ်ဆေး

သထုံ ဇန်နဝါရီ ၁၅

မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) နှင့် သထုံမြို့နယ် အစားအသောက်နှင့် ဆေးဝါးစီမံခန့်ခွဲမှုကော်မတီဝင်များပူးပေါင်း၍ သထုံမြို့မဈေးအတွင်း ရောင်းချနေသော အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများကို စားသုံးသူအကာအကွယ်ပေးနိုင်ရေးအတွက် ဇန်နဝါရီ ၁၃ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အများပြည်သူ အန္တရာယ်ကင်းရှင်းစေရေးအတွက် အစားအသောက်များတွင် အန္တရာယ်ရှိ ဆိုးဆေးများ၊ မှိုများပါဝင်ခြင်းရှိ မရှိနှင့် ဘေးအန္တရာယ်သင့်နိုင်သော ဓာတုပစ္စည်းများ ပါဝင်နေမှုရှိ မရှိတို့ကို လိုက်လံစစ်ဆေးခြင်းဖြစ်ကြောင်း ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်က ပြောသည်။

"စားသုံးရန်မသင့်တဲ့ အစားအသောက်တွေကို (FDA)က ထုတ်ပြန်ထားပြီးတော့ မီဒီယာတွေမှာလည်း ကြေညာထားပြီးဖြစ်ပါတယ်။ ဒါတွေကို ရောင်းချခြင်းရှိ မရှိ လိုက်လံစစ်ဆေးတယ်။ ရောင်းချနေတာတွေ့ရင် သိမ်းဆည်းပြီးတော့ မြို့နယ်ကော်မတီက အများရှေ့မှာ ဖျက်ဆီးသွားမှာပါ။ သက်ဆိုင်ရာ အမျိုးသားဆေးဝါးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေတွေနဲ့ အရေးယူဖို့ ကြေညာထားပေမယ့် ဒီကာလမှာတော့ ပြည်သူတွေက အသိနည်းသေးတာကြောင့် ပညာပေးမယ်၊ သိမ်းဆည်းမယ်၊ ဒီလိုအဖွဲ့နဲ့ လိုက်စစ်ဆေးတဲ့အတွက် ပြည်သူတွေကလည်း စိတ်ဝင်စားမှုမြင့်တက်ပြီးတော့ ဒါတွေက တားမြစ်ထားပါလားဆိုတဲ့ အသိမျိုး ရရှိစေမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

သံသယရှိသည့် အစားအသောက်များကိုလည်း နမူနာဝယ်ယူကာ နေပြည်တော်နှင့် ရန်ကုန်သို့ ပေးပို့ဓာတ်ခွဲပြီး ရရှိသည့် စစ်ဆေးချက်အဖြေများကို သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးစီမံခန့်ခွဲမှုကော်မတီထံ အကြောင်းကြား၍ အန္တရာယ်ရှိပစ္စည်းဖြစ်ပါက ဈေးကွက်မှ ရုပ်သိမ်းသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးစီမံခန့်ခွဲမှုကော်မတီဝင်များသည် သထုံမြို့အတွင်းရှိ စည်ပင်သာယာဈေးများမှ ဈေးကော်မတီဝင်များ၊ ဆိုင်ရှင်များနှင့်လည်း ခရိုင်ပြည်သူ့ဆေးရုံအစည်းဝေးခန်းမ၌ တွေ့ဆုံကာ စားသုံးသူကာကွယ်ပေးရေးအတွက် သတ်မှတ်ထားသောအစားအသောက်နှင့် အလှကုန်ပစ္စည်းများကို ရောင်းချနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ ခုအနက် မြို့နယ်ကိုးခုတို့တွင် ယခုကဲ့သို့ စားသုံးသူအကာအကွယ်ပေးရေးစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ သိရသည်။

သက်ဦး (သထုံ)

ငါးသိုင်းချောင်း၌ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

ငါးသိုင်းချောင်း ဇန်နဝါရီ ၁၅

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ အောင်ဆန်းရပ်ကွက်ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ ဇန်နဝါရီ ၁၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်း၊ နယ်မြေမီးသတ်စခန်းတာဝန်ခံနှင့် မီးသတ်ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်ကော်မတီဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် ဈေးသူ ဈေးသားများ စုပေါင်း၍ နယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီးကိုအသုံးပြုကာ မီးငြိမ်းသတ်မှု သရုပ်ပြဆောင်ရွက်ခဲ့ပြီး ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍လည်း တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ငါးသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် ခြောက်ခုရှိ မီးသတ်စက်ရေတွင်း ၃၈ တွင်းနှင့် မီးသတ်ရေလှောင်ကန်များ၌လည်း ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ရေဖြည့်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး လျှပ်စစ်မီးနှင့် မီးသုံးစွဲရာတွင် အထူးဂရုပြုသုံးစွဲကြရန်နှင့် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ် ဆောင်ရွက်သွားကြရန် နယ်မြေမီးသတ်စခန်း တာဝန်ခံ ဦးမြင့်သူက တိုက်တွန်းပြောကြားခဲ့သည်။

စိုးမင်းဦး (ပြန်/ဆက်)

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၇)၊ (၈)နှင့် (၉) ရပ်ကွက်များမှ ရေနုတ်မြောင်းများ ပေါင်းဆုံစီးဆင်းသော အရှည်ပေ ၃၅၀၀ ခန့်ရှိ တံတားကြီးချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ခရိုင် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က စက်ယန္တရားအသုံးပြု၍ ဇန်နဝါရီ ၁၄ ရက်က အမှိုက်သရိုက်များ ဆယ်ယူနေစဉ်။

မြင့်သန်းကြည် (ရွှေပြည်သာ)

ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးများ တိုက်ကျွေး

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ရောဂါအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပညာပေးဟောပြောခြင်းများကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးတိုက်အဖွဲ့များသည် မြို့နယ်အတွင်း နေအိမ်တစ်အိမ်ချင်းစီသို့ ကွင်းဆင်း၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ရောဂါအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပြီး ကာကွယ်ဆေးများ တိုက်ကျွေးခဲ့သည်။

ဆင်ခြေထောက်ရောဂါသည် သွေးထဲတွင်နေသော သံကောင်ကြောင့် ဖြစ်ပွားသော ရောဂါဖြစ်ပြီး ခြင်ကိုက်ခြင်းဖြင့် ကူးစက်နိုင်သော ရောဂါဖြစ်သောကြောင့် ခြင်ပေါက်ပွားမှု မရှိစေရေးအတွက် ရှင်းလင်းဆောင်ရွက်ထားသင့်ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

အမြန်လမ်းပေါ်ရှိ သီးကုန်းအရေးပေါ်ရှေးဦးပြုစုစခန်း အဆောက်အအုံသစ်ဆောက်လုပ်ပြီးစီး

မိတ္ထီလာ ဇန်နဝါရီ ၁၅

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် မိတ္ထီလာမြို့နယ် သီးကုန်း (၂၈၅) မိုင်အနီး၌ အရေးပေါ် ရှေးဦးပြုစုစခန်း အဆောက်အအုံသစ်ကို စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်း၏ လှူဒါန်းငွေကျပ် ၃၅၃ သိန်းကျော်ဖြင့်တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"သီးကုန်း(၂၈၅)မိုင် ယာဉ်ရပ်နားစခန်းအနီးမှာ အရေးပေါ် ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံသစ်ကို စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းရဲ့ လှူဒါန်းငွေကျပ် ၃၅၃ သိန်းကျော်နဲ့ ဆောက်လုပ်တာဖြစ်ပါတယ်။ လက်ရှိ အဆောက်အအုံသစ်ကို သံမဏိ ကိုယ်ထည် (Steel structure)ဖရိန်တွေနဲ့ တည်ဆောက်တာဖြစ်ပြီး ၂၀၁၅ ခုနှစ် မေလအတွင်းက စတင်ဆောက်လုပ်ခဲ့တာပါ။ အခုတော့ အဆောက်အအုံသစ်တည်ဆောက်မှုအားလုံး ပြီးစီးသွားပါပြီ။ ဆေးသုတ်တာကို အချောသတ်ဖို့ နည်းနည်းပဲ ကျန်ပါတော့တယ်။ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စက်ရေတွင်း တူးဖော်တာ၊ ရေအုတ်ကန်တွေလည်း ထည့်သွင်းတည်ဆောက်ထားပေမယ့် အဆောက်အအုံသစ် လုံခြုံရေးအတွက် ခြံစည်းရိုးခတ်ဖို့တော့ လိုသေးတယ်။ အဲဒီအတွက် ပေ ၁၅၀ မြေနေရာအကျယ်အဝန်းကို ခြံစည်းရိုးခတ်ဖို့ ငွေကျပ်သိန်း ၅၀ နီးပါး ကုန်ကျမှာဖြစ်လို့ လှူဒါန်းမယ့် အလှူရှင်ကို ရှာဖွေရဦးမှာဖြစ်ပါတယ်"ဟု မိတ္ထီလာမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးနေဦးက ပြောသည်။

မိတ္ထီလာ သီးကုန်း (၂၈၅) မိုင် အရေးပေါ် ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံသစ် လုံခြုံရေးအတွက် သံကူကွန်ကရစ်တိုင်၊ သံဆန်ခါများဖြင့် ခြံစည်းရိုးခတ်နိုင်ရေး လိုအပ်ငွေများ လှူဒါန်းလိုသူများအနေဖြင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဖုန်း ၀၉-၂၂၀၁၉၆၂ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မိတ္ထီလာ (၂၅၈) မိုင်ယာဉ်ရပ်နားစခန်းအနီးတွင် ယာယီအရေးပေါ် ရှေးဦးပြုခြင်းစခန်းကို ယခင်က ရန်ကုန်မှ မန္တလေးဘက်သို့ သွားရာလမ်းဘေးရှိ အမြန်လမ်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ပိုင်အဆောက်အအုံတစ်ခုတွင် ၂၀၁၃ ခုနှစ် ဇူလိုင် ၂ ရက်က စတင်ဖွင့်လှစ်၍ အရေးပေါ်ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါ စခန်းဟောင်းတွင် ယနေ့အချိန်အထိ အမြန်လမ်းပေါ်တွင်ဖြစ်ပေါ်ခဲ့သည့် ယာဉ်မတော်တဆမှု ၁၂၀ ကျော်မှ ဒဏ်ရာရလူနာများကို အရေးပေါ်ကူညီကယ်ဆယ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

သတင်းတိုများ

ပန်ဝါမြို့နယ်၌ တီဘီရောဂါအခမဲ့ရှာဖွေကုသပေး

ကချင်ပြည်နယ် ပန်ဝါမြို့နယ် မြို့တော်ခန်းမ၌ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား တီဘီရောဂါ ရှာဖွေကုသခြင်းနှင့် အထွေထွေရောဂါစမ်းသပ်ခြင်းတို့ကို မြစ်ကြီးနားခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဦးစီး၍ ဇန်နဝါရီ ၁၂ ရက်က အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားခရိုင် ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်တီဘီရောဂါ ရှာဖွေကုသရေး ဆရာဝန် ဒေါက်တာထက်နိုင်အောင်နှင့် ချီဖွေမြို့နယ် ကျန်းမာရေးဆရာမကြီး ဒေါ်လွမ်းညွှယ်တို့ ဦးဆောင်သော အခမဲ့ နယ်လှည့်တီဘီရောဂါကုသရေးအဖွဲ့က ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တီဘီရောဂါ ရှာဖွေကုသခြင်းနှင့် အထွေထွေရောဂါများ စမ်းသပ် စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လာရောက်ပြသသော ဒေသခံပြည်သူများအား တီဘီရောဂါ ဓာတ်မှန်ရိုက်ကုသမှု ၁၀၃ ဦး၊ အထွေထွေရောဂါစမ်းသပ်ကုသမှု ၄၈ ဦးကို စစ်ဆေးစမ်းသပ်ပေးနိုင်ခဲ့ပြီး အခမဲ့ကုသပေးကာ လိုအပ်သော ဆေးဝါးများလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာအဝင် တံတား ဆောက်လုပ်ပြီးစီး

နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်ငါးပင်(လ)ကျေးရွာအဝင်ရှိ အရှည် ၁၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ရိုးကူးသစ်သားတံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုငွေ ကျပ် ၂၃ သမ ၁ သန်းဖြင့် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောက်လုပ်ခဲ့ရာ ဇန်နဝါရီ ၁၄ ရက်က လုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်ပြီးစီးသဖြင့် ကျေးရွာနေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နေ့စဉ် ဖြတ်သန်းသွားလာရာ၌ လွယ်ကူသွားပြီဖြစ်ကာ ဒေသထွက်ကုန်စည်များ ရောင်းဝယ်ရေးလုပ်ငန်းမှာလည်း ယခင်ကထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်

ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍတိုးတက်ရေးအတွက် မြို့နယ်အသင်း ဖွဲ့စည်း

ကန့်ဘလူ ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မြို့နယ်ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းဖွဲ့စည်းသည့် အခမ်းအနားကို မြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၁၃ ရက်က ပြုလုပ်ခဲ့သည်။

ကန့်ဘလူမြို့နယ်အတွင်း၌ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာအုပ်စုအလိုက်ပဲမျိုးစုံနှင့် ဆီထွက်သီးနှံအဓိကစိုက်ပျိုးသောတောင်သူများစာရင်းကို ကွင်းဆင်းပြုစုခဲ့ပြီး ကျေးရွာအုပ်စု ၂၃ အုပ်စုမှ အစုအဖွဲ့ပေါင်း ၈၅ စုနှင့် အသင်းသားဦးရေ ၈၅၀ ကို အစုအဖွဲ့ ဖွဲ့စည်းခဲ့ပြီးဖြစ်၍ မြို့နယ်အသင်းကို ဆက်လက်ဖွဲ့စည်းခြင်းဖြစ်ကြောင်း ကန့်ဘလူမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာနရုံးခန်းမ၌ ကျင်းပသော အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသောင်းငွေ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များ၊ ပဲကုန်သည်များနှင့်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်တာဝန်ခံနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးလှအောင်က ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ထုတ်လုပ်မှုနှင့် အရည်အသွေး တိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံ ဦးစောမောင်က ပဲမျိုးစုံနှင့်ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်သော တောင်သူ၊ လုပ်ငန်းရှင်နှင့်ကုန်သည်များက ဆီထွက်သီးနှံများ အထွက်နှုန်း ကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ထုတ်ကုန်အရည်အသွေး ကောင်းမွန်ရေးနှင့် ဈေးကွက်ရရှိရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းအဖွဲ့ကို ဆက်လက်ဖွဲ့စည်းခဲ့သည်။ အသင်းအနေဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ NES-National Export Strategy ပါ ဦးစားပေးကဏ္ဍ(၇) ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆီထွက်သီးနှံများ အရည်အသွေးမြင့်မားလာစေရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရရှိစေရေး၊ အပင်များ ပိုးမွှားကင်းရှင်းရေး စသည့်အချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဆီထွက်သီးနှံများ အမှန်တကယ်စိုက်ပျိုးသည့် သီးနှံစိုက်တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များနှင့် ကုန်သည်များကို ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၅ မှ ၂၀၁၈ အထိ သုံးနှစ်တာကာလအတွင်း ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍမှ ပို့ကုန်ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းမှ တာဝန်ခံဦးစောမောင်က ပြောသည်။

ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များနှင့် ကုန်သည်များ တစ်ဦးနှင့်တစ်ဦး အမှီပြုပြီး ပူးပေါင်းဆောင်ရွက်ကြမှသာလျှင် သုံးဦးသုံးဖလှယ် ရေရှည်အကျိုးရှိမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာဈေးကွက်တွင်လည်း တင်ပို့သောပို့ကုန်များ အရည်အသွေးမြင့်မားလာပြီး ဈေးကွက်နေရာရမည်ဖြစ်ကြောင်း ဒေသခံကုန်သည်တစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

အခွန်တိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့ ဆွေးနွေးပွဲပြုလုပ်

မန္တလေး ဇန်နဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီးအတွင်း အခွန်ဘဏ္ဍာငွေ တိုးတက်ရရှိရေးအတွက် ဖွဲ့စည်းထားသော ချမ်းအေးသာစံမြို့နယ် အခွန်ဘဏ္ဍာငွေ တိုးတက်ရရှိရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနရုံး၌ ဇန်နဝါရီ ၁၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့ အဖွဲ့ခေါင်းဆောင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမင်းနွယ် ဦးဆောင်သော အဖွဲ့ဝင်များဖြစ်ကြသည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးထက်ခိုင်မှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့မှ ဒေါ်ခင်လေးမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်အောင်ကိုလတ်၊ မြို့နယ်စည်ပင်မှ ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးသန်းနှင့် မြို့နယ်အခွန်ရုံးဦးစီးအရာရှိ ဦးရဲထွေးတို့က ရပ်ကွက်၊ ကျေးရွာ အခွန်ဘဏ္ဍာငွေတိုးတက်ရေး အထောက်အကူပြု လုပ်ငန်းအဖွဲ့တို့၏ အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ သတင်းအချက်အလက်များ ကွင်းဆင်းကောက်ခံခြင်း၊ ပြန်လည်တင်ပြခြင်းတို့အား ကြီးကြပ်ခြင်း၊ အခွန်ဆိုင်ရာ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး အထောက်အကူပြုလုပ်ငန်းအဖွဲ့သို့ တင်ပြလမ်းညွှန်မှု ခံယူခြင်း၊ လုပ်ငန်းအမျိုးတူလုပ်ငန်းရှင်များအား ခေါ်ယူထိတွေ့၍ အခွန်ဆိုင်ရာ အသိပေးရှင်းလင်းခြင်းနှင့် ရပ်ကွက်ကျေးရွာအဆင့် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များအား အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များ သတင်းအချက်အလက် ကောက်ယူရာတွင် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်တို့အား ရှင်းလင်းအသိပေးခြင်းဆိုင်ရာ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အခွန်ဘဏ္ဍာငွေ ပြည့်ဝစွာ ကောက်ခံရရှိရေးအတွက် အခွန်စည်းကြပ်ကောက်ခံရရှိမှုလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး အခွန်ဘဏ္ဍာငွေ တိုးတက်ရေးအထောက်အကူပြုအဖွဲ့နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်အခွန်ဘဏ္ဍာငွေတိုးတက်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒီဇင်ဘာ ၄ ရက်က ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

ခင်ဦး ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းမှ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာတစ်ရွာဖြစ်သော လယ်သစ်တောကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်းသုံးရာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မို့မို့လွင်နှင့် ဝန်ထမ်းများက ဇန်နဝါရီ ၁၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

လယ်သစ်တောကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး လုပ်ကိုင်သူတစ်ဦး၊ မွေးမြူရေး လုပ်ကိုင်သူ ၁၈၄ ဦး၊ ကုန်ထုတ်(ရက်ကန်း)လုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း ၁၈၇ ဦး ရှိကြောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် စီမံကိန်းဆောင်ရွက်မှု တစ်နှစ်ပြည့်မည်ဖြစ်ပြီး အတိုးငွေများ ရရှိမည်ဖြစ်ကြောင်း၊ ခင်ဦးမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးရွာကိုးရွာသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်းသုံးရာစီ ထုတ်ချေးထားကြောင်း သိရသည်။ ကျေးလက်ဒေသများမှ ပြည်သူများ၏ လူမှုဘဝများမြင့်မားလာစေရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ခင်ဦးစိုးဝေ

ယူနီကုတ်၊ ဇော်ဂျီနှင့် End User အမြင်

သတင်းဆောင်းပါး - သူရဖြိုး

မြန်မာနိုင်ငံတွင် ကွန်ပျူတာများကို စတင်အသုံးပြုခဲ့ချိန်က အင်တာနက်မရှိသေးသဖြင့် စာစီစာရိုက်လုပ်ငန်းများအတွက်သာ အသုံးအများဆုံး ဖြစ်ခဲ့သည်။ ထိုအချိန်တွင် ကွန်ပျူတာသုံး မြန်မာစာအနေဖြင့် ပေါ်ပေါက်ခဲ့သော စာလုံးများမှာ ဝင်းစာလုံး(Win Font)များဖြစ်သည်။ ထိုဝင်းစာလုံးများကို စာစီစာရိုက်လုပ်ငန်းများ၊ ဒီဇိုင်းလုပ်ငန်းများတွင် အဆင်ပြေစွာနှင့် တွင်ကျယ်စွာ အသုံးပြုခဲ့သည်။

ဇော်ဂျီနှင့် ယူနီကုတ်

ထို့နောက် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် အင်တာနက်ကို စတင်အသုံးပြုလာသောအခါတွင်မူ အင်တာနက်တွင် မြန်မာစာအသုံးပြုရန်အတွက် ဝင်းစာလုံးများဖြင့် မရတော့သောကြောင့် အခြားအဆင်ပြေမည့် မြန်မာစာတစ်မျိုးကို မြန်မာကွန်ပျူတာပညာရှင်များ၊ Developer များက တီထွင်ကြံဆလာသည်။ ထို့နောက်တွင် ပေါ်ပေါက်လာခဲ့သော ရလဒ်မှာ ယနေ့အထိ အင်တာနက် အသုံးပြုရာတွင် တွင်ကျယ်စွာ သုံးနေဆဲဖြစ်သော ဇော်ဂျီ(Zawgyi Font) ဖြစ်သည်။

ဇော်ဂျီသည် အင်တာနက်တွင် မြန်မာစာသုံးမရသော အခက်အခဲကို လတ်တလောအားဖြင့် ပြေလည်စေခဲ့သောကြောင့် ပြည်တွင်းမှ အင်တာနက်အသုံးပြုသူတိုင်း သုံးရသည့် စာလုံးစနစ်တစ်ခုဖြစ်လာခဲ့သည်။ သို့သော် ယူနီကုတ်အဖွဲ့အစည်းက မြန်မာစာအတွက် စံနှုန်းသတ်မှတ်ချက်များ သတ်မှတ်ပေးလိုက်သည့်အခါ မကိုက်ညီတော့ခြင်းနှင့် ရေရှည်တွင် မြန်မာစာသာမက တိုင်းရင်းသားဘာသာစကားများအတွက်ပါ ဆောင်ရွက်ရမည့်အခါ အဆင်မပြေမှုများ ရှိလာနိုင်ခြင်းတို့ကြောင့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော စနစ်တစ်ခုဖြစ်သည့် ယူနီကုတ်ကို မြန်မာကွန်ပျူတာရှင်များက ထပ်မံတီထွင်ခဲ့သည်။ ယူနီကုတ်ဆိုသည်မှာ စာလုံး(Font)တစ်ခုတည်းကို ခေါ်ခြင်းမဟုတ်ဘဲ စံသတ်မှတ်ချက်အတိုင်း ကိုက်ညီအောင် လုပ်ထားသော စာလုံးများအားလုံးကို ခေါ်ခြင်းဖြစ်သည်။ ယူနီကုတ်များအနက် လူသိအများဆုံးမှာ Myanmar 2 နှင့် Myanmar 3 တို့ဖြစ်ပြီး အခြားယူနီကုတ် Font များလည်း အမျိုးမျိုးရှိသည်။

ယူနီကုတ်ကို ထုတ်လုပ်လိုက်သော်လည်း

အင်တာနက်အသုံးပြုနေသူများ အနေဖြင့် လက်ရှိအချိန်တွင် အသုံးပြုရ အဆင်ပြေနေသော ဇော်ဂျီအစား ယူနီကုတ်ကို ပြောင်းသုံးရန် စိတ်ဝင်စားမှု နည်းခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကွန်ပျူတာသုံး မြန်မာစာစနစ်တွင် ဇော်ဂျီနှင့် ယူနီကုတ်သည် အပြိုင်အဆိုင်ဖြစ်နေခဲ့ရာမှ စံသတ်မှတ်ချက် တစ်ခုတည်းဖြစ်ရေးအတွက် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ယူနီကုတ်ကို ပြောင်းလဲအသုံးပြုမည် ဖြစ်ကြောင်း ဇန်နဝါရီ ၁၂ ရက်က ပြုလုပ်ခဲ့သော ဆွေးနွေးပွဲတွင် ကြေညာခဲ့ရာ ဇော်ဂျီနှင့် ယူနီကုတ်နှင့် ပတ်သက်၍ နှစ်ဖက် Developer များနှင့် အသုံးပြုနေသူ End User များကြားတွင် ဝေဖန်မှုများ ရှိလာခဲ့သည်။

လက်ရှိအချိန်တွင် ဇော်ဂျီနှင့် ယူနီကုတ် အကြား၌ အသုံးပြုသူများ၏ အမြင်များမှာ အမျိုးမျိုးဖြစ်နေသည်။ အချို့က ရေရှည်တွင် မဖြစ်မနေ ပြောင်းလဲရမည်ဖြစ်သော ယူနီကုတ်ကို ပြောင်းလဲ၍ သုံးသင့်ပြီဟု ဆိုကြသလို အချို့ကလည်း လက်ရှိအချိန်တွင် အဆင်ပြေနေသဖြင့် ပြောင်းလဲရန် မလိုအပ်ဟု ဆိုကြသည်။

မပြောင်းလိုသူနှစ်မျိုး

ဇော်ဂျီမှ ယူနီကုတ်သို့ ပြောင်းမသုံးလိုသူများတွင် အမျိုးအစား နှစ်မျိုးရှိသည်။ တစ်မျိုးမှာ ဇော်ဂျီကို ကာလကြာမြင့်စွာ အသားကျ အသုံးပြုခဲ့သူများအနေဖြင့် ယူနီကုတ်ကို ရုတ်တရက် ပြောင်းလဲသုံးပါက ကွာခြားနေသော စာရိုက်ပုံများအပါအဝင် လက်ကွက်အသစ်များ ထည့်သွင်းရန်၊ လေ့လာရန်တို့ကို ဆန္ဒမရှိသလို နည်းပညာများကိုလည်း မကျွမ်းကျင်၊ မလုပ်ကိုင်တတ်ကြသောကြောင့် ပြောင်းလဲရန် စိတ်မဝင်စားကြသူများဖြစ်သည်။

နောက်တစ်မျိုးမှာ ယူနီကုတ်ပြောင်းလဲအသုံးပြုရမည်ကို လက်ခံကာ ပြောင်းလဲသုံးရန်အတွက် လိုအပ်သော နည်းပညာကို အမီလိုက်နိုင်သူများဖြစ်သော်လည်း အများက မပြောင်းဘဲ တစ်ဦးတည်း ပြောင်းလဲသုံးပါက မိမိရေးသည့်စာလုံး(ယူနီကုတ်)ကို အခြားဇော်ဂျီအသုံးပြုနေသူများ ဖတ်မရတော့ခြင်း၊ အခြားသူများရေးသည့်စာ (ဇော်ဂျီ)ကို မိမိက ဖတ်ရာတွင် မလွယ်တော့ဘဲ တစ်ဆင့်ခံပြောင်းလဲ၍ ဖတ်နေရခြင်းများကြောင့် ပြောင်းလဲ၍ သုံးရမည်ကို သိသည့်တိုင် မပြောင်းလိုကြခြင်းဖြစ်သည်။

End User များဘက်မှ အမြင်

နည်းပညာနယ်ပယ်တွင်သာမက မည်သည့် နယ်ပယ်တွင်မဆို End User များသည် ကျွမ်းကျင်သူများ မဟုတ်ပေ။ End User များသည် ထုတ်ကုန်အမျိုးမျိုးကြားတွင် မိမိတို့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အဆင်အပြေဆုံး ထုတ်ကုန်တစ်ခုကို ရွေးချယ်အသုံးပြုကြသူများသာ ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း End User အများစုအနေဖြင့် မိမိတို့ အဆင်ပြေနေသည့် ဇော်ဂျီကိုသာ သံယောဇဉ်တွယ်နေသူ အများအပြားရှိသည်။

ရေရှည်တွင် ယူနီကုတ်သုံးရမည်ကို နားလည်လက်ခံသည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ End User များအနေဖြင့် လိုလားသည်မှာ အထူးတလည် လေ့လာရန် မလိုဘဲ ပြောင်းလဲသွားခြင်းမျိုး၊ ပြောင်းလဲမှန်းမသိဘဲ ပြောင်းလဲသွားခြင်းမျိုးသာ ဖြစ်သည်။ ဇော်ဂျီကို အသုံးပြုနေသူများအနေဖြင့် ယူနီကုတ်ကို အသုံးပြုရမည်ဆိုပါကလည်း ကွန်ပျူတာပေါ်တွင် လက်ရှိရိုက်နေသော လက်ကွက်အတိုင်းသာ ရိုက်လိုကြသည်။ ကွန်ပျူတာတွင် တစ်စုံတစ်ခု ပြောင်းလဲအသုံးပြုရမည်ဆိုလျှင်လည်း အလွယ်တကူ ပြုလုပ်နိုင်ရန် လိုလားကြသည်။

မိုဘိုင်းလ်ဖုန်းများပေါ်တွင်လည်း လက်ရှိရိုက်နေသော လက်ကွက်များအတိုင်း ရိုက်လိုကြသလို မြန်မာစာထည့်သွင်းရာတွင်လည်း အလွယ်တကူ ထည့်သွင်းလိုကြသည်။ လူသုံးအများဆုံး ဆိုရှယ်နက်ဝပ်ဖြစ်သော Facebook သုံးခြင်းအပါအဝင် အင်တာနက်အသုံးပြုခြင်းများတွင် အခြားသူများရိုက်သော မြန်မာစာများကိုလည်း အလွယ်တကူမြင်လိုကြကာ ကိုယ်ရေးသောစာကိုလည်း လူတိုင်း အလွယ်တကူ ဖတ်စေလိုကြသည်။

ထိုအချက်များသည် End User များဘက်မှ လိုလားချက်များဖြစ်သည်။ လက်ရှိအချိန်တွင် ဇော်ဂျီကို အသုံးပြုနေကြသော End User များတွင် အများစုအနေဖြင့် ဇော်ဂျီ၊ ယူနီကုတ်ဟု အစွဲမကြီးကြသလို နည်းပညာနှင့်အလှမ်းဝေးပြီး ယခု မိုဘိုင်းလ်ဖုန်းများ ပေါ်လာသည့်အချိန်တွင်မှ အင်တာနက်ကို စသုံးဖူးသော End User အချို့မှာ မိမိတို့ဖုန်းတွင် မြင်နေရသော မြန်မာစာမှာ ဇော်ဂျီလား သို့မဟုတ် ယူနီကုတ်လားဆိုသည်ကိုပင်မသိသလို. . . စိတ်လည်းမဝင်စားကြပါ။ မြန်မာစာတစ်ခုကို မှန်မှန်ကန်ကန် ချောချောမွေ့မွေ့ရေးနိုင် ဖတ်နိုင်လျှင် ကျေနပ်ပြီဖြစ်သည်။

ကွန်ပျူတာပညာရှင်များ၊ Developer များအမြင်အရ ယူနီကုတ်ပြောင်းလဲသုံးခြင်းဖြင့် ရေရှည်တွင် အကျိုးရှိစေသည်၊ ယူနီကုတ်များမှာ နောင်အခါတွင် ကွန်ပျူတာများ(ဝင်းဒိုးနှင့် iOS)နှင့် မိုဘိုင်းလ်ပစ္စည်းများ(အန်းဒရွိုက်နှင့် iOS)များတွင် Standard အနေဖြင့် ပါလာမည်မှာ မှန်သော်လည်း အမှန်တကယ် ပြောင်းလဲသုံးရမည့် နည်းပညာမကျွမ်းကျင်သူ လူများစုဖြစ်သော End User များ၏ အမြင်ကိုလည်း ထည့်သွင်းစဉ်းစားကာ အစစ အရာရာ အဆင်ပြေချောမွေ့အောင် ကြံဆောင်ပေးကြစေလိုပါသည်။ ။

အွန်လိုင်းတွင် အခမဲ့ကြော်ငြာတင်ရောင်းချနည်း အိမ်အရောက်လိုက်လံပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၅

အခမဲ့ ကြော်ငြာများတင်ကာ ဈေးရောင်းချနိုင်သည့် ဝန်ဆောင်မှုကို ဆောင်ရွက်ပေးနေသည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော Ads.com.mm က ဝက်ဘ်ဆိုက်တွင် အခမဲ့ကြော်ငြာတင်နည်းနှင့် ရောင်းချနည်းကို သိရှိလိုသူများအား လိုက်လံရှင်းပြပေးသည့် ဝန်ဆောင်မှုကို စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဝက်ဘ်ဆိုက်ကို အသုံးပြုသူတွေနဲ့ ပိုမိုရင်းနှီးအောင် ပြုလုပ်လိုက်တာပါ။ အိမ်မှာအသုံးမပြုဖြစ်တဲ့ပစ္စည်းတွေကို အွန်လိုင်းမှာ ကြော်ငြာ၊ ဝန်ဆောင်ခပေးစရာမလိုဘဲ ရောင်းချလို့ရတဲ့အကြောင်းကို တစ်အိမ်တက်ဆင်းပညာပေးအနေနဲ့ လုပ်နေပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုမျိုး နည်းပညာအနေနဲ့ရော ဝန်ဆောင်မှုအနေနဲ့ရော စိမ်းနေပေမယ့် လေ့လာသင့်တဲ့အရာဖြစ်တယ်လို့ အကြံပေးချင်ပါတယ်။ ကိုယ့်အိမ်မှာ နေရာယူနေတဲ့ အသုံးမပြုတော့တဲ့ ပစ္စည်းကနေတစ်ဆင့် တစ်ဖက်ကနေ ဝင်ငွေလည်း ရရှိနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ အစီအစဉ်ကို စိတ်ဝင်စားတယ်ဆိုရင် မနက် ၉ နာရီကနေ ညနေ ၆ နာရီအတွင်း ဖုန်းဆက်ခေါ်ယူမေးမြန်းနိုင်ပါတယ်"ဟု Ads.com.mm ၏ Country director Mr. Nico Poma က ပြောသည်။

Ads.com.mm သည် နေ့စဉ်ဝင်ရောက်ကြည့်ရှုသူ ၈၀၀၀ ခန့်ရှိနေသော အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်ဖြစ်ကာ ဝက်ဘ်ဆိုက်အသုံးပြုသူများ လွယ်ကူစွာ အသုံးပြုနိုင်စေရန်အတွက် Facebook နှင့် Viber တို့မှ ဆက်သွယ်နိုင်သော ဝန်ဆောင်မှုများကိုလည်း တိုးမြှင့်ထားသည်။

သူရဖြိုး

အော်ရီဒူးဆင်းကတ်များဖြင့် အင်တာနက်သုံးခမကုန်ဘဲကြည့်နိုင်မည့် ဘောလုံးဝက်ဘ်ဆိုက် လွှင့်တင်

ရန်ကုန် ဇန်နဝါရီ ၁၅

အော်ရီဒူးဆင်းကတ်ကို အသုံးပြုနေသူများအနေဖြင့် အင်တာနက်သုံးခမကုန်ဘဲ အခမဲ့ကြည့်ရှုနိုင်မည့် ဘောလုံးဝက်ဘ်ဆိုက်သစ်ကို အော်ရီဒူးမြန်မာက ဇန်နဝါရီ ၈ ရက်က စတင်၍ လွှင့်တင်ထားပြီဖြစ်ကြောင်း သိရသည်။

ဝက်ဘ်ဆိုက်ကို အော်ရီဒူး၏ အင်တာနက်အသုံးပြုသူများ အနေဖြင့် အင်တာနက်သုံးခ ပေးရန်မလိုဘဲ အခမဲ့ကြည့်ရှုနိုင်မည် ဖြစ်ကြောင်း၊ လတ်တလောတွင် မိုဘိုင်းလ်ဖုန်းများ၏ Browser မှသာ အသုံးပြုရမည်ဖြစ်ပြီး မိုဘိုင်းလ်အပလီကေးရှင်း ထုတ်ရန် မသေချာသေးကြောင်း အော်ရီဒူးမြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝက်ဘ်ဆိုက်သစ် လိပ်စာမှာ http://ballone.ooredoo.com.mm ဖြစ်ပြီး ထိုဝက်ဘ်ဆိုက်တွင် EPL နှင့် အခြား ဥရောပဘောလုံးပွဲများ၏ ပွဲစဉ် အချိန်ဇယားများ၊ ဘောလုံးပွဲ highlight များ၊ ကစားသမားများ၏ သတင်းထူးများ၊ ပွဲရလဒ်များနှင့် အခြားစိတ်ဝင်စားဖွယ် ဘောလုံးသတင်းများ စသည်တို့ ပါဝင်ကာ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့် အသုံးပြုနိုင်သည်ကို တွေ့ရသည်။

သူရဖြိုး

ဈေးနှုန်းနဲ့ အရည်အသွေးထိုက်တန်တဲ့ Xiaomi Redmi 2

ရန်ကုန် ဇန်နဝါရီ ၁၅၊ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာ ထွက်ရှိခဲ့တဲ့ စမတ်ဖုန်းတွေထဲမှာ ဈေးနှုန်းနဲ့ အရည်အသွေး အထိုက်တန်ဆုံးလို့ဆိုနိုင်တဲ့ Xiaomi Redmi 2 ဖုန်းကို ဒီတစ်ပတ်မှာ Review အနေနဲ့ ဖော်ပြလိုက်ပါတယ်။

Xiaomi Redmi 2 ဟာ မျက်နှာပြင်အကျယ် ၄ ဒသမ ၇ လက်မရှိပြီး အန်းဒရွိုက်ဗားရှင်းက 4.4.4 Kitkat ဖြစ်ပါတယ်။ CPU အနေနဲ့ Quad-core 1.2 GHz ကို သုံးထားပြီး မင်မိုရီအနေနဲ့ Storage 8 GB နဲ့ RAM 1GB ပါဝင်တဲ့ အမျိုးအစားနဲ့ 16 GB ပါဝင်တဲ့ အမျိုးအစားနဲ့ Storage 16 GB နဲ့ RAM 2GB ပါဝင်တဲ့ အမျိုးအစားနှစ်ခု ထွက်ထားပါတယ်။ မင်မိုရီကတ်ကို 32 GB အထိ ထပ်စိုက်သုံးနိုင်လို့ မင်မိုရီကို လုံလုံလောက်လောက်သုံးနိုင်မှာ ဖြစ်ပါတယ်။

ကင်မရာကလည်း နောက်ကင်မရာက 8 မဂ္ဂါပစ်ဇယ်ပါဝင်သလို Flash မီးလည်း ပါဝင်လို့ တန်းမီတဲ့ကင်မရာဖြစ်ပါတယ်။ ရှေ့ကင်မရာကတော့ 2 မဂ္ဂါပစ်ဇယ်ပဲရှိလို့ အနည်းငယ်အားနည်းပါတယ်။ နက်ဝပ်အနေနဲ့ GSM ဆင်းကတ် နှစ်ကတ်သုံးနိုင်ပြီး အင်တာနက်အသုံးပြုဖို့ကိုလည်း 3G နဲ့ 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။

Xiaomi ဟာ ကမ္ဘာမှာ အချိန်တိုအတွင်း နာမည်ရလာတာနဲ့အညီ ပစ္စည်းအရည်အသွေးပိုင်းမှာလည်း ကောင်းမွန်ပါတယ်။ RAM 1GB မော်ဒယ်ဟာ ပြည်တွင်းဈေးကွက်ကို စတင်ဝင်ရောက်ချိန်မှာ ငွေကျပ် တစ်သိန်းနှစ်သောင်းခန့်ရှိပြီး အခုအချိန်မှာ ငွေကျပ် ၉၈၀၀၀ ခန့်သာရှိတော့တဲ့အတွက် ဈေးနှုန်းနဲ့ အရည်အသွေးအရ ထိုက်တန်တဲ့ဖုန်းတစ်လုံး ဖြစ်ပါတယ်။

သူရဖြိုး

အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပြဌာန်း

(၁၅-၁-၂၀၁၆)ရက်နေ့ထုတ် စာမျက်နှာ ၁၉ မှ အဆက်

(ဃ) အောက်ဖော်ပြပါ အနုညာတခုံရုံးအမိန့်များကို စီရင်ပိုင်ခွင့် အာဏာရတရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်-
(၁) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ)နှင့်(ဂ)တို့တွင် ဖော်ပြထားသည့် လျှောက်ထားချက်ကို လက်ခံသောအမိန့်၊
(၂) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (င) အရ အနုညာတခုံရုံးက ၎င်း၌ စီရင်ပိုင်ခွင့်ရှိကြောင်း သို့မဟုတ် စီရင်ပိုင်ခွင့်မရှိကြောင်း ဆုံးဖြတ်သည့်အမိန့်၊
(၃) ပုဒ်မ ၁၉ အရ ကြားဖြတ်ဆောင်ရွက်ရန် နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့်ပြုသောအမိန့် သို့မဟုတ် ဆောင်ရွက်ရန် ငြင်းပယ်သောအမိန့်။
(င) ဤပုဒ်မအရ တင်သွင်းသည့်အယူခံမှုတွင် ချမှတ်သော အမိန့်တစ်ရပ်ရပ်အပေါ် ဒုတိယအယူခံဝင်ခွင့်မရှိစေရ။

ပြည်တွင်းအနုညာတဆုံးဖြတ်ချက်အပေါ် အယူခံတရားရုံးအမိန့်၏အကျိုးသက်ရောက်မှု

၄၄။ အယူခံတရားရုံးသည် ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)အရ အနုညာတဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရာတွင်-
(က) အနုညာတဆုံးဖြတ်ချက်ကို ပြင်ဆင်၍ဆုံးဖြတ်ပါက အဆိုပါ ပြင်ဆင်ဆုံးဖြတ်ချက်သည် အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်းအဖြစ် အကျိုးသက်ရောက်စေရမည်။
(ခ) အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်လုံးကိုဖြစ်စေ၊ ဆုံးဖြတ်ချက်တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြန်လည်စိစစ်သုံးသပ်ရန်အတွက် တရားရုံးကလွှဲအပ်သော အမိန့်ချမှတ်သည့်အခါ အနုညာတခုံရုံးသည် အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို ပြန်လည်စိစစ်သုံးသပ်၍ ဆုံးဖြတ်ရမည်။
(ဂ) အနုညာတခုံရုံးက ထိုသို့ ပြန်လည်စိစစ်ဆုံးဖြတ်ချက်ကို ချမှတ်ရန် သင့်လျော်သည့် အချိန်ကာလကို သတ်မှတ်ပေးနိုင်သည်။

အခန်း(၁၀)

နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်း

နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ရာတွင် တင်ပြရမည့်အချက်များ

၄၅။ (က) နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်တစ်ရပ်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသူသည် အောက်ပါစာတမ်းအမှတ်အသားများကို တရားရုံးသို့ တင်ပြရမည်-
(၁) ဆုံးဖြတ်ချက် ချမှတ်ရာနိုင်ငံ၏ ဥပဒေအရ သတ်မှတ်ထားသော နည်းလမ်းအတိုင်း စစ်မှန်ကြောင်း နည်းလမ်းတကျ လက်မှတ်ရေးထိုးထားသည့် အနုညာတ ဆုံးဖြတ်ချက်မူရင်း သို့မဟုတ် ဆုံးဖြတ်ချက် တာဝန်ခံမိတ္တူတစ်စောင်၊
(၂) အနုညာတသဘောတူညီချက်မူရင်း သို့မဟုတ် တာဝန်ခံမိတ္တူတစ်စောင်၊
(၃) အနုညာတဆုံးဖြတ်ချက်သည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ဖြစ်ကြောင်း သက်သေထင်ရှားပြသရန် လိုအပ်သည့် သက်သေခံချက်။
(ခ) ပုဒ်မခွဲ (က) အရ တင်ပြရမည့် အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက်ကို နိုင်ငံခြားဘာသာဖြင့် ရေးသားထားလျှင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသူသည် ၎င်းနှင့်သက်ဆိုင်သောနိုင်ငံ၏ သံအရာရှိ သို့မဟုတ် ကောင်စစ်အရာရှိ သို့မဟုတ် တရားဝင်ဘာသာပြန်ဆိုသူ သို့မဟုတ် ကျမ်းသစ္စာပြု၍ ဘာသာပြန်ဆိုသူက မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးထားသော အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို တင်ပြရမည် သို့မဟုတ် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေအရ လိုအပ်သောအချက်များနှင့် ပြည့်စုံမှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးထားသည့် အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို တင်ပြရမည်။

နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်း

၄၆။ (က) ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ(ဂ)တို့အရ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန် ငြင်းပယ်ခြင်းမှတစ်ပါး တရားရုံးသည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို တရားရုံး၏ ဒီကရီဖြစ်သည်ဟုမှတ်ယူ၍ အတည်ပြုဆောင်ရွက်ခြင်းပြုရမည်။
(ခ) နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန် လျှောက်ထားခြင်းခံရသူက အောက်ပါအချက်တစ်ရပ်ရပ်ကို သက်သေပြနိုင်လျှင် တရားရုံးသည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုနိုင်သည်-
(၁) အနုညာတသဘောတူညီချက်တွင် ပါဝင်သူတို့သည် ၎င်းတို့ လိုက်နာရမည့် ဥပဒေအရ ဆောင်ရွက်နိုင်စွမ်းမရှိသော အခြေအနေသို့ရောက်ရှိနေခြင်း၊
(၂) အနုညာတသဘောတူညီချက်သည် ၎င်းတို့လိုက်နာရမည့် ဥပဒေအရ တရားမဝင်ခြင်း သို့မဟုတ် အဆိုပါသဘောတူညီချက်တွင် ၎င်းတို့လိုက်နာရမည့် ဥပဒေကို သတ်မှတ်ဖော်ပြထားခြင်းမရှိသည့်အတွက် အနုညာတဆုံးဖြတ်ချက်ချမှတ်ရာ နိုင်ငံ၏ဥပဒေအရ တရားမဝင်ခြင်း၊
(၃) ခုံသမာဓိခန့်ထားမှုတွင် နည်းလမ်းတကျ အကြောင်းကြားမှုမရှိခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို နည်းလမ်းတကျ ဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားခြင်းခံရသူသည် တစ်နည်းနည်းကြောင့် အမှုတွင်တင်ပြဖြေရှင်းခွင့် မရခြင်း၊
(၄) အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အနုညာတသဘောတူညီချက်တွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်များနှင့် အညီ ချင့်ချိန်သုံးသပ်မှုမပြုလုပ်ဘဲ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ရာတွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်အတွင်း ကျရောက်ခြင်းမရှိသည့် အနုညာတဆုံးဖြတ်ချက်ကိုချမှတ်ခြင်း သို့မဟုတ် အနုညာတခုံရုံးသည် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက် ဘောင်ထက်ကျော်လွန်၍ ဆုံးဖြတ်ခဲ့ခြင်း၊
(၅) အနုညာတခုံရုံးဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်သည့် လုပ်ထုံးလုပ်နည်းသည် အငြင်းပွားသူတို့၏ သဘောတူညီချက်နှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ် ထိုသဘောတူညီချက်တွင် အဆိုပါအချက်များနှင့် စပ်လျဉ်းသည့် မည်သို့မျှဖော်ပြထားခြင်းမရှိပါက အနုညာတစီရင်ဆုံးဖြတ်ရာ နိုင်ငံ၏ ဥပဒေနှင့်ကိုက်ညီမှုမရှိခြင်း၊
(၆) အနုညာတစီရင်ဆုံးဖြတ်ချက်သည် လျှောက်ထားသူများအပေါ် စည်းနှောင်မှုမရှိသေးခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ချက် ချမှတ်ရာနိုင်ငံ၏ အခွင့်ရအာဏာပိုင်က ဖြစ်စေ၊ ထိုနိုင်ငံ၏ ဥပဒေအရ အခွင့်ရအာဏာပိုင်က ဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီးဖြစ်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်း။
(ဂ) တရားရုံးက အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိလျှင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုနိုင်သည်-
(၁) အငြင်းပွားသည့် အကြောင်းခြင်းရာသည် နိုင်ငံတော်၏ဥပဒေအရ အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခွင့် မရှိခြင်း၊
(၂) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် ဆန့်ကျင်ခြင်း။
(ဃ) အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် သို့မဟုတ် ဆိုင်းငံ့ပေးရန် ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၆)တွင် ရည်ညွှန်းသော အခွင့်ရအာဏာပိုင်ထံ လျှောက်ထားဆဲဖြစ်ကြောင်း တင်ပြလျှင် တရားရုံးသည် သင့်လျော်သည်ဟုယူဆပါက အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် အမိန့်ချမှတ်ခြင်းကို ရွှေ့ဆိုင်းနိုင်သည်။ ထို့အပြင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသူ၏ လျှောက်ထားချက်အရ တစ်ဖက်အငြင်းပွားသူအား သင့်လျော်သည့်အာမခံငွေကို တင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

အယူခံဝင်ခွင့်

၄၇။ အငြင်းပွားသူတစ်ဦးဦးသည်-
(က) စီရင်ပိုင်ခွင့်ရှိသော တရားရုံးကချမှတ်သည့် အောက်ဖော်ပြပါ အမိန့်များအပေါ် အယူခံဝင်ခွင့်ရှိသည်-
(၁) ပုဒ်မ ၁၀ အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန် လွှဲအပ်ခြင်းကို ငြင်းပယ်သောအမိန့်၊
(၂) ပုဒ်မ ၁၁ ပါ အမိန့်တစ်ရပ်ရပ်၊
(၃) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ (ဂ)တို့အရ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်သောအမိန့် သို့မဟုတ် ပယ်ဖျက်ရန် ငြင်းပယ်သောအမိန့်။
(ခ) အောက်ဖော်ပြပါ အနုညာတခုံရုံး၏အမိန့်များကို စီရင်ပိုင်ခွင့် အာဏာရတရားရုံးသို့ အယူခံဝင်ရောက်နိုင်သည် -
(၁) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (င)အရ အနုညာတခုံရုံးက ၎င်း၌ စီရင်ပိုင်ခွင့်ရှိကြောင်း သို့မဟုတ် စီရင်ပိုင်ခွင့်မရှိကြောင်း ဆုံးဖြတ်သည့်အမိန့်၊
(၂) ပုဒ်မ ၁၉ အရ ကြားဖြတ်ဆောင်ရွက်ရန် နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့်ပြုသောအမိန့် သို့မဟုတ် ဆောင်ရွက်ရန် ငြင်းပယ်သောအမိန့်။

၄၈။ ဤအခန်းပါမည်သည့်ပြဌာန်းချက်ကမျှ ဤဥပဒေမပြဌာန်းမီက နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်ကိုရရှိပြီး မြန်မာနိုင်ငံတွင် အတည်ပြုဆောင်ရွက်ခွင့်ရှိမည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကို ဖြစ်စေ၊ ၎င်းအပေါ် အတည်ပြုဆောင်ရွက်ခွင့် ပျက်ပြယ်ပြီးဖြစ်သည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကိုဖြစ်စေ ထိခိုက်ခြင်း မရှိစေရ။

The Arbitration (Protocol and Convention) Act နှင့် သက်ဆိုင်မှုမရှိခြင်း

၄၉။ ဤအခန်းပါ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အတည်ပြုဆောင်ရွက်ခြင်းသည် The Arbitration (Protocol and Convention) Act, 1937 ပါ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အတည်ပြုဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

အခန်း (၁၁)

အထွေထွေ

၅၀။ (က) နယူးယောက်ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံ၏ အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန်အလို့ငှာ အနုညာတသဘောတူညီချက် သို့မဟုတ် အနုညာတဆုံးဖြတ်ချက်သည် စစ်မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးစေရန် သို့မဟုတ် တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံရန်အတွက် ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ အရာရှိတစ်ဦးဦးကို ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုမှ တာဝန်ရှိသူတစ်ဦးဦးကိုဖြစ်စေ အမိန့်ကြော်ငြာစာဖြင့် ခန့်ထားနိုင်သည်။
(ခ) ပုဒ်မခွဲ (က)အရ ခန့်ထားခြင်းခံရသူသည်-
(၁) ပြည်ထောင်စုတရားသူကြီးချုပ်က သတ်မှတ်ပေးသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။
(၂) အငြင်းပွားသူများ၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်မရရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အငြင်းပွားသူများ၏ ကိုယ်ရေးအချက်အလက်များ အပါအဝင် အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက်ပါ အချက်တစ်ရပ်ရပ်ကို အခြားသူသို့ ထုတ်ဖော်ခြင်းမပြုရ။

၅၁။ အနုညာတဆုံးဖြတ်ချက်တွင် ပေးချေရမည့်ငွေပမာဏကို ဖော်ပြထား သော်လည်း အခြားနည်းညွှန်ပြထားခြင်းမရှိလျှင် တရားရုံးက တရားမကျင့်ထုံးဥပဒေပါ ငွေဒီကရီအတွက် သတ်မှတ်သော အတိုးနှုန်းထားအတိုင်း အနုညာတဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ အတိုးပေးစေရမည်။

၅၂။ (က) အနုညာတခုံရုံးသည် အနုညာတခုံရုံးသို့ တင်သွင်းသော တောင်းဆိုမှုနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (စ)တွင် ရည်ညွှန်းထားသော ကုန်ကျစရိတ်များအတွက် ထိုက်သင့်သည်ဟု မှန်းဆသောငွေကို ကြိုတင်ပေးသွင်းစေရန် အာမခံငွေ သို့မဟုတ် အပိုဆောင်း အာမခံငွေပမာဏကို သတ်မှတ်နိုင်သည်။ သို့ရာတွင် တောင်းဆိုမှုအပြင် အပြန်အလှန်တောင်းဆိုမှုကို အနုညာတခုံရုံးသို့ တင်သွင်းတောင်းဆိုထားလျှင် ထိုသို့တောင်းဆိုမှုနှင့် အပြန်အလှန် တောင်းဆိုမှုအတွက် သီးခြားအာမခံငွေများကို ပေးသွင်းစေရန် သတ်မှတ်ပေးနိုင်သည်။
(ခ) ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော အာမခံငွေအတွက် အငြင်းပွားသူများက အညီအမျှ ပေးဆောင်ရမည်။ သို့ရာတွင် အငြင်းပွားသူတစ်ဦးက အာမခံငွေအတွက် ၎င်းပေးဆောင်ရမည့် အချိုးကျငွေကို ပေးဆောင်ရန်ပျက်ကွက်ပါက တစ်ဖက်အငြင်းပွားသူက ထိုငွေကို ပေးဆောင်နိုင်သည်။ ထို့အပြင် တစ်ဖက်အငြင်းပွားသူကလည်း တောင်းဆိုမှု သို့မဟုတ် အပြန်အလှန်တောင်းဆိုမှုအတွက် အထက်ဖော်ပြပါ အချိုးကျငွေကိုပေးဆောင်ခြင်း မရှိပါက အနုညာတခုံရုံးသည် ထိုတောင်းဆိုမှု သို့မဟုတ် အပြန်အလှန် တောင်းဆိုမှုနှင့် စပ်လျဉ်းသော အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည် သို့မဟုတ် ရပ်စဲနိုင်သည်။
(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုရပ်စဲလျှင် အနုညာတခုံရုံးသည် လက်ခံရရှိသောအာမခံငွေနှင့် ပတ်သက်သည့် စာရင်းရှင်းလင်းချက်ကို အငြင်းပွားသူများထံ ပေးပို့ရမည့်အပြင် ခုံရုံးကုန်ကျစရိတ်နုတ်ပြီး မသုံးစွဲရသေးသော လက်ကျန်ငွေကို ပြန်အမ်းရမည်။

၅၃။ (က) အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် မရရှိသေးသော စရိတ်များအတွက် ရထိုက်ခွင့်ရှိစေရမည်။
(ခ) အနုညာတခုံရုံးသို့ ပေးရန်ရှိသည့်စရိတ်ကို အငြင်းပွားသူတစ်ဦးဦးက ပေးရန်ငြင်းဆိုသဖြင့် အနုညာတခုံရုံးက အနုညာတဆုံးဖြတ်ချက် ချမှတ်ပေးခြင်းမပြုသည့်အတွက် တစ်ဖက်အငြင်းပွားသူတစ်ဦးက တရားရုံးသို့ လျှောက်ထားရာတွင် တရားရုံးသည် လိုအပ်သလို စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး သင့်လျော်သည်ဟု ယူဆသောစရိတ်ငွေကို အနုညာတခုံရုံးသို့ ပေးရန်တာဝန်ရှိသူက ပေးသွင်းစေရန်နှင့် အနုညာတခုံရုံးက အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ပေးစေရန် အမိန့်ချမှတ်နိုင်သည်။
(ဂ) တောင်းဆိုသော ကုန်ကျစရိတ်ငွေနှင့်စပ်လျဉ်း၍ အငြင်းပွားသူနှင့် အနုညာတခုံရုံးအကြား စာဖြင့်ရေးသားထားသည့် သဘောတူညီချက်မရှိလျှင် ပုဒ်မခွဲ(ခ)အရ လျှောက်ထားမှုကို အငြင်းပွားသူတစ်ဦးဦးက ပြုလုပ်နိုင်သည်။
(ဃ) အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ ပြဿနာပေါ်ပေါက်လျှင် သို့မဟုတ် လုံလောက်သော ဖော်ပြချက်မပါရှိလျှင် အဆိုပါကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ တရားရုံးက သင့်သည်ဟု ထင်မြင်သောအမိန့်ကို ချမှတ်နိုင်သည်။

၅၄။ (က) အနုညာတသဘောတူညီချက်တွင် ပါဝင်သော အငြင်းပွားသူတစ်ဦးဦး ကွယ်လွန်ခြင်းကြောင့် ထိုသူနှင့်ပတ်သက်၍သော်လည်းကောင်း၊ အခြားအငြင်းပွားသူတစ်ဦးနှင့် ပတ်သက်၍သော်လည်းကောင်း အနုညာတ သဘောတူညီချက်သည် ရပ်စဲခြင်းမရှိစေရ။ သို့ရာတွင် အငြင်းပွားသူတစ်ဦးဦး ကွယ်လွန်ပါက ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ်ကဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်အပေါ်ဖြစ်စေ အနုညာတသဘောတူညီချက်ကို အတည်ပြုဆောင်ရွက်ခွင့်ရှိစေရမည်။
(ခ) ခုံသမာဓိတစ်ဦးကိုခန့်ထားသော အငြင်းပွားသူတစ်ဦးဦး ကွယ်လွန်ခြင်းကြောင့် အဆိုပါခုံသမာဓိ၏ လုပ်ပိုင်ခွင့်သည် ရပ်စဲခြင်းမရှိစေရ။

၅၅။ ဤဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင်ဖြစ်စေ မည်သို့ပင် ပြဋ္ဌာန်းထားရှိစေကာမူ အနုညာတသဘောတူညီချက်တစ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးတစ်ရုံးသို့ ဤဥပဒေအရ လျှောက်ထားပြီးဖြစ်လျှင် ထိုတရားရုံးကသာလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းအပေါ် စီရင်ပိုင်ခွင့်ရှိစေရမည်။ အနုညာတသဘောတူညီချက်နှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းတို့မှ ပေါ်ပေါက်လာသော နောက်ဆက်တွဲ လျှောက်ထားမှုများကို ထိုတရားရုံး၌သာလျှင် လျှောက်ထားရမည်။ အခြားမည်သည့် တရားရုံးတွင်မျှ လျှောက်ထားခွင့်မရှိစေရ။

၅၆။ ကာလစည်းကမ်းသတ်အက်ဥပဒေတွင် ၁၉၄၄ ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း အက်ဥပဒေကို ရည်ညွှန်းထားသော အပိုဒ်များသည် ဤဥပဒေကို ရည်ညွှန်းဘိသကဲ့သို့ မှတ်ယူရမည်။

၅၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်လျှင် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့်လက်စွဲများကို ဤဥပဒေနှင့်အညီ ထုတ်ပြန်နိုင်သည်။

၅၈။ (က) အငြင်းပွားသူများက အနုညာတသဘောတူညီချက်တွင်ဖြစ်စေ၊ အခြားစာတမ်းအမှတ်အသားများတွင်ဖြစ်စေ အခြားနည်း သဘောတူထားခြင်းမရှိလျှင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မတိုင်မီက စတင်ဆောင်ရွက်ခဲ့သော အနုညာတသဘောတူညီချက်အရ ဆောင်ရွက်နေသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။
(ခ) ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်ကို အထောက်ထားပြု၍ ဤဥပဒေမပြဋ္ဌာန်းမီက အနုညာတစီရင်ဆုံးဖြတ်ခြင်းကို စတင်ဆောင်ရွက်ခဲ့လျှင် ဆောင်ရွက်ဆဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို အနုညာတသဘောတူညီချက်ပါ အငြင်းပွားသူများက ရွေးချယ်သတ်မှတ်ထားသော ဥပဒေအရသာ ဆက်လက်ဆောင်ရွက်ရမည်။

၅၉။ The Arbitration Act, 1944 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆ ။)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရာဇသတ်ကြီးပုဒ်မ ၅ တွင် ပါရှိသော “officers, soldiers, sailors or airmen in the service of the Government” ဆိုသည့် စကားရပ်ကို “Defence Services Personnel” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရာဇသတ်ကြီးပုဒ်မ ၁၉ ၏ ဥပမာ(ခ)နှင့်(ဃ)၊ ပုဒ်မ ၁၁၈ ၏ ဥပမာ၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၆၁ ၏ ဥပမာ(က)၊ ပုဒ်မ ၁၆၅ ၏ ဥပမာ (ဂ)၊ ပုဒ်မ ၁၇၇ ၏ ဥပမာ၊ ပုဒ်မ ၁၈၂ ၏ ဥပမာ(က)၊ ပုဒ်မ ၁၉၃ ရှင်းလင်းချက် ၂ ၏ ဥပမာ၊ ပုဒ်မ ၂၂၇၊ ပုဒ်မ ၄၉၉ စတုတ္ထကင်းလွတ်ချက်၏ ရှင်းလင်းချက်၊ ပုဒ်မ ၄၉၉ အဋ္ဌမကင်းလွတ်ချက်၏ ဥပမာနှင့် နဝမကင်းလွတ်ချက်၏ ဥပမာ(ခ)တို့တွင် ပါရှိသော “Magistrate” ဆိုသည့် စကားရပ်တို့ကို “Judge” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရာဇသတ်ကြီးပုဒ်မ ၂၀ ၏-

(က) ဒုတိယ၌ပါရှိသော“Military, Naval or Air Forces of the State” ဆိုသည့် စကားရပ်ကို “Defence Services” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပဥ္စမ၌ပါရှိသော “member of a village committee” ဆိုသည့် စကားရပ်ကို “administrator of ward or village-tract” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ဧကာဒသမ၊ ဥပမာ၌ပါရှိသော “A Municipal Commissioner” ဆိုသည့်စကားရပ်ကို “A member of Development Committee or Body”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ဧကာဒသမ၊ ရှင်းလင်းချက် ၃ ၌ ပါရှိသော“Union Parliament” ဆိုသည့် စကားရပ်ကို “the respective Hluttaw” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “any municipal” ဆိုသည့် စကားရပ်ကို “any Development Committee or Body” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၅။ ရာဇသတ်ကြီးပုဒ်မ ၄၉ တွင် ပါရှိသော “British calendar” ဆိုသည့် စကားရပ်ကို “Gregorian calendar” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရာဇသတ်ကြီးပုဒ်မ ၅၃ ၏ ဒုတိယနှင့် ပုဒ်မ ၁၂၀-ခ၊ ပုဒ်မခွဲ (၁)တို့တွင် ပါရှိသော “transportation” ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၅၀၆ ဒုတိယအပိုဒ်နှင့် ပုဒ်မ ၅၁၁ တို့တွင်ပါရှိသော “transportation or” ဆိုသည့် စကားရပ်တို့ကိုလည်းကောင်း ပယ်ဖျက်ရမည်။

၇။ ရာဇသတ်ကြီးပုဒ်မ ၅၅၊ ၇၅၊ ပုဒ်မ ၁၁၅ ပထမအပိုဒ်၊ ပုဒ်မ ၁၁၅ ၏ ဥပမာ၊ ပုဒ်မ ၁၁၈ ပထမအပိုဒ်၊ ပုဒ်မ ၁၁၉ စတုတ္ထအပိုဒ်၊ ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ (၁)နှင့် ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၂၅၊ ၁၂၈၊ ၁၃၀၊ ၁၃၁၊ ၁၃၂ ပုဒ်မ ၁၉၄ ပထမအပိုဒ်၊ ပုဒ်မ ၁၉၅၊ ပုဒ်မ ၁၉၅ ၏ ဥပမာ၊ ပုဒ်မ ၂၀၁ တတိယအပိုဒ်၊ ပုဒ်မ ၂၁၁ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၁၂ တတိယအပိုဒ်နှင့် ဥပမာ၊ ပုဒ်မ ၂၁၃ တတိယအပိုဒ်၊ ပုဒ်မ ၂၁၄ တတိယအပိုဒ်၊ ပုဒ်မ ၂၁၆၊ ပုဒ်မ ၂၂၁ တတိယအပိုဒ်၊ ပုဒ်မ ၂၂၂ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၂၅ ဒုတိယအပိုဒ်နှင့် ပဥ္စမအပိုဒ်၊ ပုဒ်မ ၂၃၂၊ ၂၃၈၊ ၂၅၅၊ ပုဒ်မ ၃၀၂ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) နှင့် ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၀၄၊ ၃၀၅၊ ပုဒ်မ ၃၀၇ ပထမအပိုဒ်နှင့် ဒုတိယအပိုဒ်၊ ပုဒ်မ ၃၁၁၊ ၃၁၃၊ ပုဒ်မ ၃၁၄ ဒုတိယအပိုဒ်၊ ပုဒ်မ ၃၂၆၊ ၃၂၉၊ ၃၆၄၊ ၃၇၁၊ ၃၇၆၊ ၃၇၇၊ ၃၈၈၊ ၃၈၉ ၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၄၀၀၊ ၄၀၉၊ ၄၁၂၊ ၄၁၃၊ ၄၃၆၊ ၄၃၈၊ ၄၄၉၊ ၄၅၀၊ ၄၅၉၊ ၄၆၀၊ ၄၆၇၊ ၄၇၂၊ ၄၇၄၊ ၄၇၅၊ ၄၇၇၊ ပုဒ်မ ၄၈၉-က၊ ပုဒ်မ ၄၈၉-ခ နှင့် ပုဒ်မ ၄၈၉-ဃတို့တွင်ပါရှိသော “transportation for life” ဆိုသည့် စကားရပ်တို့ကို “imprisonment for a term of twenty years” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၈။ ရာဇသတ်ကြီးပုဒ်မ ၅၇၊ ၅၈၊ ၅၉၊ ၂၂၆ နှင့် ပုဒ်မ ၂၆၃-က၊ ပုဒ်မခွဲ(၄)တို့ကို ပယ်ဖျက်ရမည်။

၉။ ရာဇသတ်ကြီးပုဒ်မ ၆၇၊ ၆၉ ၏ ဥပမာ၊ ၄၂၇ နှင့် ၄၂၉ တို့တွင်ပါရှိသော “fifty kyats”ဆိုသည့် စကားရပ်ကို “five thousand kyats”ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၀။ ရာဇသတ်ကြီး ပုဒ်မ ၆၇၊ ပုဒ်မ ၆၉ ၏ ဥပမာ၊ ပုဒ်မ ၁၆၀ နှင့် ၄၃၅ တို့တွင် ပါရှိသော “one hundred kyats” ဆိုသည့်စကားရပ်ကို “ten thousand kyats” ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၁။ ရာဇသတ်ကြီးပုဒ်မ ၆၉ ၏ ဥပမာတွင်ပါရှိသော “seventy- five kyats” ဆိုသည့်စကားရပ်ကို "seven thousand and five hundred kyats”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က တွင် ပါရှိသော “with transportation for life or any shorter term, to which fine may be added, or with imprisonment which may extend to three years, to which fine may be added, or with fine” ဆိုသည့် စကားရပ်ကို “with imprisonment for a term of twenty years, to which fine may be added, or with imprisonment which may extend to seven years, to which fine may be added, or with fine” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ရာဇသတ်ကြီးအခန်း ၆-က ခေါင်းစဉ်တွင်ပါရှိသော “OFFENCES RELATING TO CERTAIN PROVISIONS CONTAINED IN THE CONSTITUTION AND ACTS OF THE PARLIAMENT” ဆိုသည့် စကားရပ်ကို “OFFENCES RELATING TO CERTAIN PROVISIONS CONTAINED IN THE CONSTITUTION OF THE REPUBLIC OF THE UNION OF MYANMAR AND THE EXISTING LAWS” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ရာဇသတ်ကြီးပုဒ်မ ၁၃၀-က တွင် ပါရှိသော “in sections 15,17,19,20 or sub-sections (2) and (3) of section 23 of the Constitution of the Union of Myanmar or in any Act enacted by the Parliament of the Union of Myanmar”ဆိုသည့်စကားရပ်ကို “in sub-section (b) of section 36, sections 348, 349, 350, 351, 352, 353, 354, 355, 356, 357, 358, 359, 360, 368, 369, 370, 371, 372, 376, 380 and 381 of the Constitution of the Republic of the Union of Myanmar or in any existing laws”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ရာဇသတ်ကြီး အခန်း ၇ ခေါင်းစဉ်တွင် ပါရှိသော “OF OFFENCES RELATING TO THE ARMY, NAVY AND AIR FORCE” ဆိုသည့်စကားရပ်ကို “OF OFFENCES RELATING TO THE DEFENCE SERVICES” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ရာဇသတ်ကြီးပုဒ်မ ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၈ နှင့် ပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(က)တို့တွင်ပါရှိသော “an officer, soldier, sailor or airman, in the Army, Navy or Air Force” ဆိုသည့်စကားရပ်ကို “a member of the Defence Services”ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၇။ ရာဇသတ်ကြီးပုဒ်မ ၁၃၁ နှင့် ၁၃၆ တို့တွင်ပါရှိသော “any such officer, soldier, sailor or airman” ဆိုသည့်စကားရပ်ကို “any such member of the Defence Services” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၈။ ရာဇသတ်ကြီးပုဒ်မ ၁၃၇ တွင် ပါရှိသော “the Army, Navy or Air Force” ဆိုသည့် စကားရပ်ကို “the Defence Services” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၁၃၉ တွင်ပါရှိသော “the Myanmar Army Act, the Myanmar Naval Volunteer Reserve (Discipline) Act or the Myanmar Air Force (Discipline) Act, 1947” ဆိုသည့်စကားရပ်တို့ကို “the Defence Services Act, 1959” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၉။ ရာဇသတ်ကြီးပုဒ်မ ၁၃၇၊ ၁၄၀၊ ၁၇၁-ဇ၊ ၁၇၁-ဈ၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၈၀၊ ၁၈၄၊ ၁၈၆၊ ၁၈၇၊ ၂၇၇၊ ၂၇၈၊ ၂၇၉-က၊ ၃၃၄၊ ၃၃၆၊ ၃၄၁၊ ၃၅၂ နှင့် ၄၄၇ တို့တွင်ပါရှိသော “five hundred kyats” ဆိုသည့်စကားရပ်ကို “fifty thousand kyats” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၀။ ရာဇသတ်ကြီးပုဒ်မ ၁၄၀ တွင် ပါရှိသော “a soldier, sailor or airman, in the Military, Naval or Air force”ဆိုသည့်စကားရပ်နှင့် “a soldier, sailor or airman” ဆိုသည့်စကားရပ်တို့ကို “a member of the Defence Services” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၁။ ရာဇသတ်ကြီးပုဒ်မ ၁၄၁ ၏ ပထမနှင့် ပုဒ်မ ၁၆၁ တို့တွင်ပါရှိသော“Union Parliament” ဆိုသည့်စကားရပ်ကို “the respective Hluttaw” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ရာဇသတ်ကြီးပုဒ်မ ၁၅၄၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၇၉၊ ၁၈၂၊ ၁၈၃၊ ၁၈၈၊ ၂၂၈၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၉၊ ၂၈၀၊ ၂၈၂၊ ၂၈၄၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ပုဒ်မ ၂၉၄-က ဒုတိယအပိုဒ်နှင့် တတိယအပိုဒ်၊ ပုဒ်မ ၃၂၃၊ ၃၃၇၊ ၃၄၂၊ ၃၅၇ နှင့် ၄၄၈ တို့တွင်ပါရှိသော “one thousand kyats” ဆိုသည့် စကားရပ်တို့ကို “one hundred thousand kyats” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၃။ ရာဇသတ်ကြီးပုဒ်မ ၁၇၁၊ ၁၈၅၊ ၁၈၇၊ ၁၈၈၊ ပုဒ်မ ၂၆၃-က၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ဂဂ)၊ ပုဒ်မ ၂၈၃၊ ၂၉၀၊ ၃၅၈ နှင့် ၄၉၁ တို့တွင်ပါရှိသော“two hundred kyats” ဆိုသည့်စကားရပ်ကို “twenty thousand kyats” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၄။ ရာဇသတ်ကြီးပုဒ်မ ၁၇၁-စ ၏ ခြွင်းချက်ကို ပယ်ဖျက်ရမည်။

၂၅။ ရာဇသတ်ကြီးပုဒ်မ ၂၁၆ ပဥ္စမအပိုဒ်၌ပါရှိသော “extradition” ဆိုသည့် စကားရပ်ကို “extradition or the Mutual Assistance in Criminal Matters Law”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၆။ ရာဇသတ်ကြီးပုဒ်မ ၂၂၂ တတိယအပိုဒ်နှင့် ပုဒ်မ ၂၂၅ စတုတ္ထအပိုဒ်တို့တွင် ပါရှိသော “transportation for life or to transportation or imprisonment for a term of ten years or upwards;” ဆိုသည့် စကားရပ်ကို “imprisonment for a term of twenty years or imprisonment for a term of ten years which may extend to twenty years” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၇။ ရာဇသတ်ကြီးပုဒ်မ ၃၃၅ တွင်ပါရှိသော “two thousand kyats” ဆိုသည့် စကားရပ်ကို “two hundred thousand kyats"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၈။ ရာဇသတ်ကြီး ပုဒ်မ ၃၆၁ တွင်ပါရှိသော “under sixteen years of age if a female” ဆိုသည့်စကားရပ်ကို “under eighteen years of age if a female” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၉။ ရာဇသတ်ကြီးတွင်-

(က) ပုဒ်မ ၃၇၅ ၏ ပဥ္စမ၌ပါရှိသော“fourteen years of age”ဆိုသည့် စကားရပ်ကို “sixteen years of age” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃၇၅ ၏ ကင်းလွတ်ချက်၌ပါရှိသော “thirteen years of age” ဆိုသည့်စကားရပ်ကို “fifteen years of age” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ရာဇသတ်ကြီးပုဒ်မ ၄၁၇ တွင်ပါရှိသော“one year”ဆိုသည့်စကားရပ်ကို “three years”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၁။ ရာဇသတ်ကြီးပုဒ်မ ၁၇၁-ဇ ၏ ခြွင်းချက်၊ ပုဒ်မ ၄၂၈၊ ၄၃၅ နှင့် ၅၁၀ တို့တွင်ပါရှိသော “ten kyats” ဆိုသည့်စကားရပ်တို့ကို “one thousand kyats” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် လုမ်ဘန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသစ် လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင်လျန်းပေါင်နှင့် ပြည်နယ်ပညာရေးမှူး(ငြိမ်း) ဆရာကြီးထွကပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)

မိခင်နှင့်ကလေး အရေးပေါ်ပြုစုကုသနည်း သင်တန်းဆင်း

ကန်ပက်လက် ဇန်နဝါရီ ၁၅

မိခင်နှင့်ကလေး အခြေခံအရေးပေါ် ပြုစုကုသနည်း သင်တန်းဆင်းပွဲကို ကန်ပက်လက်မြို့နယ် ပြည်သူ့ဆေးရုံ ရုံးခန်းမ၌ ဇန်နဝါရီ ၁၃ ရက်က ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ပေါင်ရှန်းလျန်က သင်တန်းမှမှတ်သားသိရှိရသော အခြေခံပြုစုနည်းများဖြင့် မိမိကျေးရွာရှိ မိခင်များ၊ ကလေးငယ်များကို မိမိတတ်စွမ်းသမျှ ကူညီစောင့်ရှောက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ သားဖွားဆရာမ ၂၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11 တွင် 3D Seismic Survey လုပ်ငန်းများကို POLARCUS ASIMA (Call Sign: C6XK6) ရေယာဉ်ဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်မှ မတ် ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

3D Marine Seismic Survey ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Location	Latitude	Longnude
A	13˚ 48 ' 38.7"N	95˚ 45' 56.0"E
B	13˚ 48' 45.2"N	95˚ 51' 03.7"E
C	13˚ 24' 30.7"N	95˚ 51' 04.6"E
D	13˚ 24' 27.8"N	95˚ 20' 42.4"E

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11 တွင် 3D Seismic Survey လုပ်ငန်းများကို POLARCUS ASIMA (Call Sign: C6XK6) ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ မတ် ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်း သိရသည်။

(သတင်းစဉ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက်လိုအပ်သော လမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့်ပစ္စည်းများ၏ အရေအတွက်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၁၅-၁-၂၀၁၆ ရက်မှစ၍ လမ်းအထူးအဖွဲ့(၁၄)၊ အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၆၄၅၄၀၇ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၁-၂၀၁၆ ရက် ညနေ ၄ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၁-၁-၂၀၁၆ ရက် နံနက် ၁၀ နာရီ
တင်ဒါဖွင့်မည့်နေရာ - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
လမ်းအထူးအဖွဲ့(၁၄)
ရန်ကုန်မြို့

မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကျင်းပရန်နှင့် အလုပ်အမှုဆောင်များ ပြန်လည်ရွေးချယ်ရန်

အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်းရှိ ပလတ်စတစ်လုပ်ငန်းရှင်အသင်းသားအားလုံးတို့သည် အလုပ်အမှုဆောင်အသစ်များဖြင့် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူ အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ရန်အတွက် အမည်စာရင်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား၍ စာရင်းပေးကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၀၀ နာရီတွင် အောက်ဖော်ပြပါ အသင်းရုံးခန်းနေရာတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အမည်စာရင်းပေးပို့ထားသူများအနေဖြင့် မပျက်မကွက်တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း
အမှတ် ၂၉၊ ခုနစ်လွှာ၊ UMFCCI Tower၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၃၁၄၈၃၅၊ ၀၉-၇၉၉၈၄၆၈၀၆၊ ၀၉-၇၉၅၉၇၉၅၅၅
E-mail-myanmarpia2000@gmail.com

ရန်ကုန်နည်းပညာတက္ကသိုလ် (၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် နောက်ပိုင်းမှစ၍ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ခဲ့သော ဘွဲ့လွန်ဒီပလိုမာသင်တန်းများ(အင်ဂျင်နီယာ/ဗိသုကာ/အင်္ဂလိပ်စာ/အင်ဂျင်နီယာဘူမိဗေဒ)၊ မဟာသိပ္ပံဘွဲ့သင်တန်းများ(အင်ဂျင်နီယာ/ဗိသုကာ/အင်္ဂလိပ်စာ/အင်ဂျင်နီယာဘူမိဗေဒ)၊ မဟာဘွဲ့(အင်ဂျင်နီယာ/ဗိသုကာ) သင်တန်းများနှင့် ပါရဂူဘွဲ့ (အင်ဂျင်နီယာ/ဗိသုကာ)သင်တန်းများအသီးသီးမှ ဘွဲ့ရရှိခဲ့သူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

ကျင်းပမည့်ရက် - ၁၂-၃-၂၀၁၆ ရက် (စနေနေ့)
ကျင်းပမည့်နေရာ - ရန်ကုန်နည်းပညာတက္ကသိုလ်၊ စုဝေးခန်းမ
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ
ဘွဲ့နှင်းသဘင်ကြေး - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်
အဝေးရောက်ဘွဲ့ကြေး - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်
အစမ်းလေ့ကျင့်ရက် - ၁၁-၃-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ
လျှောက်လွှာတင်သွင်းရမည့်ရက် - ၂၅-၁-၂၀၁၆ ရက်မှ ၁၆-၂-၂၀၁၆ ရက်အထိ

၂။ ဘွဲ့လျှောက်လွှာတင်သွင်းလိုသူများသည် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် သုံးလအတွင်းရိုက်ကူးထားသော ၂လက်မ×၁လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် လျှောက်ထားရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

၃။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မတိုင်မီ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ခဲ့သော ဘွဲ့ရရှိခဲ့သူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားရမည်။

၄။ ဘွဲ့လျှောက်လွှာနှင့်အတူ ဘွဲ့လျှောက်ထားမည့်သူနှင့် မိဘနှစ်ပါး စုစုပေါင်းသုံးဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ မိတ္တူ တင်ပြလျှောက်ထားရမည်။

မှတ်ချက်။ ။အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း-၀၁-၆၄၂၄၁၃ တွင် စုံစမ်းနိုင်ပါသည်။

(ဒေါက်တာအေးအေးစန်း)
ဌာနမှူး(သင်တန်းရေးရာ)
ရန်ကုန်နည်းပညာတက္ကသိုလ်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၈၃၄၁၄ ဟွန်ဒါ ဝေ့ဖ် 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်ထွဋ် ၁၀/သဖရ(နိုင်)၀၇၀၆၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ကြေးမှုံရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၄ဃ၊ ဧရိယာ ၀ဒသမ ၈၀ဧကရှိ ဦးစန်းကို အမည်ပေါက်နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဒေါ်နှင်းရီထွန်း ၇/တငန(နိုင်)၀၀၀၉၄၅ (ဘ) ဦးကျော်ထွန်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဦးပိုင်ခွဲစိတ်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန၊ လေ့ကျင့်သင်ကြားရေးနှင့် အမှတ်(၁)မြေတိုင်းဌာနခွဲ၊ ပြင်ဦးလွင်မြို့ရှိ ပစ္စည်းနှင့် မှတ်တမ်းဌာနစိတ်အဆောက်အအုံ၏ ရှေ့အဆွယ်ကို သံပေါင်သွပ်မိုးဖြင့် မိုးကာခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
မြေတိုင်းဦးစီးဌာန၊ လေ့ကျင့်သင်ကြားရေးနှင့် အမှတ်(၁) မြေတိုင်းဌာနခွဲ၊
ပြင်ဦးလွင်မြို့၊ ဖုန်း-၀၈၅-၂၂၅၂၈၊ ၀၈၅-၂၂၁၀၇

တောင်ကြီးတက္ကသိုလ် နည်းပြ/သရုပ်ပြရာထူး ရေးဖြေ/လူတွေ့စာမေးပွဲစစ်ဆေးမည့် အစီအစဉ်ကြေညာခြင်း

၁။ **စာမေးပွဲဝင်ခွင့်ကတ်ပြား ထုတ်ပေးမည့်ရက်** - ၂၆-၁-၂၀၁၆ ရက် (ရုံးချိန်အတွင်း)
၂။ **ရေးဖြေ ဖြေဆိုရမည့်ရက်** - ၂၈-၁-၂၀၁၆ ရက် (ကြာသပတေးနေ့)
၃။ **ဖြေဆိုမည့်ဘာသာ** - မြန်မာစာ၊အင်္ဂလိပ်စာ၊အထွေထွေဗဟုသုတ
(၁) မြန်မာစာ - နံနက် ၈း၃၀ နာရီမှ ၁၀း၃၀ နာရီထိ
(၂) အင်္ဂလိပ်စာ - နံနက် ၁၁း၀၀နာရီမှ မွန်းလွဲ ၁း၀၀နာရီထိ
(၃) အထွေထွေဗဟုသုတ - မွန်းလွဲ ၁း၃၀နာရီမှ ညနေ ၃း၃၀နာရီထိ
၄။ **ရေးဖြေဖြေဆိုရမည့်နေရာ** - တောင်ကြီးတက္ကသိုလ်
၅။ **လူတွေ့/နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းထုတ်ပြန်မည့်ရက်** - ၃၀-၁-၂၀၁၆ ရက် (စနေနေ့)
၆။ **လူတွေ့/နှုတ်ဖြေစစ်ဆေးမည့်ရက်** - ၃၀-၁-၂၀၁၆ ရက် (စနေနေ့) ၃၁-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့)

မော်ကွန်းထိန်း
သင်တန်းရေးရာ

ပုသိမ်တက္ကသိုလ် နည်းပြ/သရုပ်ပြ ရာထူးရေးဖြေစာမေးပွဲ အစီအစဉ်ကြေညာချက်

နေ့ရက်	အချိန်	ဘာသာရပ်
၂၆-၁-၂၀၁၆ (အင်္ဂါနေ့)	၀၉း၀၀နာရီမှ ၁၁း၀၀နာရီထိ	မြန်မာစာ
	၁၂း၀၀နာရီမှ ၁၄း၀၀နာရီထိ	အင်္ဂလိပ်စာ
	၁၅း၀၀နာရီမှ ၁၇း၀၀နာရီထိ	အထွေထွေဗဟုသုတ

သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများအတွက် စာမေးပွဲ ခုံအမှတ်စာရင်းများကို ၂၄-၁-၂၀၁၆ ရက်တွင် ပုသိမ်တက္ကသိုလ်၌ ကြေညာထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၂၄-၁-၂၀၁၆ ရက်မှစ၍ ပုသိမ်တက္ကသိုလ် စီမံ/ဝန်ထမ်းဌာနတွင် ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်သတင်းပို့ထုတ်ယူနိုင်ပါသည်။

နည်းပြ/သရုပ်ပြရွေးချယ်ခန့်ထားရေးနှင့် အရည်အချင်းစစ်ဆေးရေးအဖွဲ့
ပုသိမ်တက္ကသိုလ်

အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ မြို့နယ်အသီးသီးရှိ အိမ်ရာစီမံကိန်းများ၏ လက်ကျန် Commercial Area နှင့် လူနေခန်းများအား ဆက်လက်ရောင်းချပေးမည်ဖြစ်ပါသဖြင့် ဝယ်ယူလိုသူများအနေဖြင့် ကိုယ်တိုင်ရေးလျှောက်လွှာဖြင့် ဝယ်ယူလျှောက်ထားနိုင်ပါသည်-
(က) မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်းရှိ **ရွှေမြယာ(၂)အဆင့်မြင့်အိမ်ရာ**
(ခ) အလုံမြို့နယ်၊ ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်ရှိ **River View Point Condominium**
(ဂ) အလုံမြို့နယ်၊ ကမ်းနားလမ်းရှိ **Shwe Zabu River View Complex**
(ဃ) ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်ရှိ **ရွှေမိုးကောင်းအဆင့်မြင့်အိမ်ရာ**
(င) ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်းရှိ **ရန်ကင်းအဆင့်မြင့်အိမ်ရာ**

၂။ ဝယ်ယူလျှောက်ထားလိုသူများအနေဖြင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ) ၁၀ ထပ်ရုံး၊ ရှစ်လွှာ၊ ဖုန်း-၀၉-၉၇၉၇၅၂၀၀၆ နှင့် ၀၉-၉၇၉၇၅၂၀၂၆ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ၉-မိုင်၊ ပြည်လမ်း၊ မ-၁၆၉ (A) နေ ဒေါ်သင်းသင်းအိ ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းအိ (၉/မမန (နိုင်)၀၈၇၄၆၀)သည် မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ (၉)မိုင်၊ သီရိရိပ်သာအဆင့်မြင့်အိမ်ယာ၊ တိုက်ခန်းအမှတ် (C-917) ကွန်ဒို(၉)လွှာ တိုက်ခန်းအား ဦးဇေယျာတင်ထွန်း (၁၂/မရက (နိုင်) ၁၄၅၁၃၈)ထံမှ ဝယ်ယူထားရာ စရန်ငွေ တစ်စိတ်တစ်ပိုင်းပေးချေထားပါသောကြောင့် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်စပ်သူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -
ဒေါ်နွယ်နီတင် (တရားလွှတ်တော်ရှေ့နေ)
စဉ် - ၆၉၃၉
ဖုန်း - ၀၉-၅၁၉၈၇၉၅
မ-၄၉၃၊ နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။

တစ်ဦးတည်းဖြစ်ပါကြောင်း

လောင်းလုံးမြို့နယ်၊ အထက (ကမြောကင်း)၊ နဝမတန်းမှ မောင်အောင်ကိုချစ်၏ဖခင် ဦးကျော်စိုးနှင့် ဦးအောင်ကျော်စိုး ၆/လလန(နိုင်)၀၇၁၅၂၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်စိုး(ခ)ဦးအောင်ကျော်စိုး ၆/လလန(နိုင်)၀၇၁၅၂၄**

အမည်ဖြည့်စွက်ခေါ်ပါရန်

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရက်ကွက်၊ နယ်မြေ(၁၅)၊ အမှတ်(၅၈၀)နေ ဦးဘရန်အောင် ၁/မကန(နိုင်)၀၇၇၉၄၈ အား ဦးဘရန်အောင်(ခ)ဦးကရိုင်ဘရန်အောင် ဟု ဖြည့်စွက်ခေါ်ပါရန်။

မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အထက(၂၂) နဝမတန်း(က)မှ (ဘ) ဦးဇော်လွင်၏သမီး မချိုဇင်သန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၉-၂၀၀၁ ဖြစ်ပါသည်။

မချိုဇင်သန့်

ဖခင်အမည်မှန်

ပေါင်မြို့၊ အထက(ခွဲ)၊ မင်းတန်း၊ ပဥ္စမတန်းမှ မောင်ဘုန်းညီထွဋ်၏ ဖခင်အမည်မှန်မှာ ဦးလင်းကျော်သူ ၁၀/ပမန(နိုင်)၁၄၅၀၇၃ ဖြစ်ပါသည်။

ဦးလင်းကျော်သူ

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၆)၊ သတ္တမတန်း(ခ)မှ မထူးသဥ္ဇာထွေးအား ယနေ့မှစ၍ မနှိုင်းယုယဟု ပြောင်းလဲခေါ်ပါရန်။

မနှိုင်းယုယ

အမည်ပြောင်း

ဦးမာန်ဟောက်လျှင်၏သား လှိုင်ကော်မြို့၊ အထက(၁)၊ ဒုတိယတန်း(ခ)မှ မောင်ကောင်းသီဟအား မောင်ကောင်းဆက်လွင် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းဆက်လွင်

အမည်မှန်

ဦးခင်မြင့်၏သမီး ၁၂/မဂတ(နိုင်)၀၇၅၄၁၉ ၏ အမည်မှန်မှာ မခင်စော(ခ) မခင်ဝင်း ဖြစ်ပါကြောင်း။

မခင်စော

အမည်ပြောင်း

ဦးခိုင်ဇော်ထွန်း၏သမီး အထက(၂)၊ မင်္ဂလာဒုံ၊ အောင်ဆန်းသူရိယလှသောင်း၊ တပ်မတော် အထက်တန်းကျောင်း၊ ပထမတန်း(က)မှ မသံစဉ်စုဝေအား မမေသံစဉ်ထက် ဟု ပြောင်းလဲခေါ်ပါရန်။ **မမေသံစဉ်ထက်**

No-1 (၈)ပေါက် စက်အုတ်

အရည်အသွေးမြင့်
အထူးအာမခံအုတ်များ
လက်လီလက်ကား
ရောင်းချပေးနေပါသည်
ဆက်သွယ်ရန် (ရုံး)
ဖုန်း-၀၉-၉၆၈၇၉၈၂၀၀၊
၀၉-၇၈၈၁၆၁၁၂၂၊
၀၉-၇၈၈၁၆၁၁၃၃၊
(စက်ရုံ) ဖုန်း-၀၉-၉၇၀၁၆၁၁၂၂၊
၀၉-၉၇၀၁၆၁၁၃၃

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်စွာမင်း(၁၀/မလမ(နိုင်)၁၅၅၀၅၉)ပိုင် စိုးရာဇာလင်း(၂)အေးချမ်းငြိမ်းကျော်(၁၃၄၁၁)ရေယာဉ်၏ လုပ်ငန်းလိုင်စင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၇၃၀၄၀၂၁၄

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ပတ္တမြားရတနာ(၂)လမ်း၊ အိမ်အမှတ်(၅၂၂/ခ)နေ ကျွန်တော် ဦးကျော်ဇင်၏ သားဖြစ်သူ မောင်ဝင်းမင်းထွန်း ၈/မကန(နိုင်)၁၁၈၅၇၃ သည် မိဘနှင့် ဆွေမျိုးသားချင်းတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)
ဖခင်-ဦးကျော်ဇင်
၇/ကကန(နိုင်)၀၀၁၄၈၆

hange
The way your
Fixed Deposits grow
10.00% 365 days
9.00% 30 days
9.10% 60 days
9.25% 90 days
9.30% 120 days
9.40% 150 days
9.50% 180 days
9.60% 210 days
9.70% 240 days
9.75% 270 days
9.85% 300 days
9.90% 330 days
Flexi Fixed Deposit
UAB မှ Customer များအားလုံးအကျိုးစီးပွားပိုမိုတိုးတက်စေရန် နှင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများအသုံးပြုနိုင်ရန် Flexi Fixed Deposit account ကိုမိတ်ဆက်ပေးလိုက်ပါပြီ။
• မြန်မာကျပ်ငွေ (၁) သိန်းဖြင့် မိမိကြိုက်နှစ်သက်ရာအချိန်ကာလအတွက် ဖွင့်လှစ်စုဆောင်းနိုင်ခြင်း။
• သက်တမ်းပြည့်ချိန်တွင် အတိုးငွေများကို မိမိကြိုက်နှစ်သက်ရာ ကိုယ်ပိုင်စာရင်းသို့လွှဲပေးရန်လျှောက်ထားနိုင်ခြင်း (သို့) အတိုးရင်းပေါင်းကို မိမိနှစ်သက်ရာ အချိန်ကာလဖြင့်ဆက်လက်စုဆောင်းသွားနိုင်ခြင်း။
• Flexi Fixed Deposit စာရင်းဖွင့်လှစ်ရာမှရရှိသော Certificate ကိုအာမခံအဖြစ်ထားရှိပြီး ဘဏ်ချေးငွေရယူခြင်း (သို့) Bank Guarantee နှင့်အခြားဝန်ဆောင်မှုများရယူနိုင်ခြင်း။
UAB, with you on your journey of life!
UAB
United Amara Bank
Call centre: 01-8603305
www.unitedamarabank.com
www.facebook.com/unitedamarabank
Safe, Sound & Trustworthy

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် ဦးစိုးမင်းထိုက်၏ချစ်ဇနီး **ဒေါ်နှင်းမြတ်ထွေး** အား **သုဓမ္မသီဂိ** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး၊ ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ပြုပါသည်။

ဒေါ်ရီရီသာ
သား- ကိုပိုင်သာထူး @ Patrick
(Executive Director, Yangon Academy International School)

Our heartiest congratulations to **Ms.Hnin Myat Htwe,** CEO of Royal Golden Point Industries Ltd, for being conferred Myanmar President's office awards for her contributions towards charitable causes & donations in Myanmar.

From, **BYG Architecture Pte Ltd (Malaysia)**
Mr.Michael Ong

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အခြေစိုက် Shining Myanmar Company Limited ၏ (Managing Director) **ဦးကျော်စွာထွဋ်** အား

၉-၁-၂၀၁၆ ရက် (စနေနေ့)တွင် ပြုလုပ်သော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(MES)၏ အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲ၊ ဂုဏ်ပြုလွှာများ ပေးအပ်ပွဲနှင့် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကြီး၌ Honorary Member Award ဆုကို ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်းနှင့် အင်ဂျင်နီယာပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် စွမ်းဆောင်ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Shining Myanmar Co.,Ltd, ဝန်ထမ်းများ
လားရှိုးမြို့

အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ၄-၁-၂၀၁၆ ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဒေါက်တာကျော်စော (စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း-ပြင်ဦးလွင်)၏ဇနီး **ဒေါ်မေမျိုးမြတ်**အား **သုဓမ္မသီဂိ** ဘွဲ့တံဆိပ် ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးသက်ကြည်(ပန်းချီ)-ဒေါ်ငယ်ငယ်တင် ရန်ကုန်
ဦးစိုးမင်း-ဒေါ်အေးအေးကြူ
အောင်သီဟစာတိုက်နှင့် ငွေမိုးဆေးတိုက်၊ မန္တလေး
ဦးမြင့်ဌေး-ဒေါ်စပယ် မန္တလေး

ရုပ်ရှင်ဗီဒီယိုလောကသားများ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အသင်းဝင်ကတ်ပြားများကို သက်တမ်းကုန်ဆုံးသွားသူများအား အစည်းအရုံးဝင်ကတ် အသစ်ပြုလုပ်ပေးလျက်ရှိသော်လည်း အစည်းအရုံး မဝင်ရသေးသည့် ရုပ်ရှင်နှင့်ဗီဒီယို အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများ၊ အစည်းအရုံး မဝင်ရသေးပါက အမြန်ဆုံး အသင်းဝင်ပုံစံဖြင့် လျှောက်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

တန်းမြင့်ကျောင်း (ပန်းခြံကျောင်း)
အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အောင်လံမြို့
(၅၁)ကြိမ်မြောက် ရွှေရတုအလွန်
မြတ်ဆရာပူဇော်ပွဲ

အောင်လံမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (၅၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး/ရပ်နီး အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရပ်ဝေး ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံပါရန် ရိုသေလေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့)
၁၃၇၇ ခုနှစ် (ပြာသိုလပြည့်နေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ - အထက(၁) ရွှေရတုခန်းမ

ဆက်သွယ်လှူဒါန်းနိုင်ပါရန်

ကိုဗဟိမ်း	ဖုန်း-၀၉-၄၀၁၆၇၂၉၅၆	ကိုအောင်တင်ဝင်း	ဖုန်း-၀၉-၂၅၉၁၅၀၄၂၅
ကိုဌေးမောင်	ဖုန်း-၀၉-၇၉၉၀၁၇၁၁၀	ကိုရွှေကို	ဖုန်း-၀၉-၇၉၄၇၇၀၆၇၂
ကိုမြင့်ဆွေ	ဖုန်း-၀၉-၅၀၇၄၅၇၃	ကိုဌေးဝင်း	ဖုန်း-၀၉-၅၃၃၀၅၁၃
ကိုငြိမ်းချမ်း	ဖုန်း-၀၉-၅၀၅၀၄၉၀	ကိုကြည်ဝင်း	ဖုန်း-၀၉-၃၁၈၃၂၃၃၈(ရန်ကုန်)
ဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)	ဖုန်း-၀၁-၅၃၀၄၇၁(ရန်ကုန်)	ရဲမှူးသာဌေး	ဖုန်း-၀၉-၅၀၅၄၄၂၆(ရန်ကုန်)
ကိုဝင်းသောင်း	ဖုန်း-၀၉-၅၁၈၉၄၄၆(ရန်ကုန်)		

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ခင်ပွန်း သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းအား ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆) ဖြင့် **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ပြုပါသည်။

ဦးစိုးမင်းထိုက်-ဒေါ်နှင်းမြတ်ထွေး

အလက(၃)မိတ္ထီလာ/ယခင်မော်ဒန်ကျောင်း တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ နှိုးဆော်ဖိတ်ကြားလွှာ

မိတ္ထီလာမြို့၊ အလက(၃)ယခင်မော်ဒန်ကျောင်း ကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၃-၂-၂၀၁၆ ရက် စနေနေ့ နံနက် ၉ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် (၆၀)ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဝမ်းမြောက်စွာ ကန်တော့ခံကြွရောက်ပါရန်နှင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများမှလည်း မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း၊ ဆေးဝါးများထည့်ဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ရောဝတီဘဏ်၊ မိတ္ထီလာမြို့၊ စာရင်းအမှတ် ၀၀၀၆၂၀၂၀၁၁၂၃၉၆၈၀

ဒေါ်ခင်ချိုအေး	**(ကျောင်းအုပ်ကြီး)**	**ဖုန်း-၀၉-၇၉၇၈၇၇၆၈၉**
ဒေါ်အေးမြစိုး	**(မိတ္ထီလာမြို့)**	**ဖုန်း-၀၉-၂၅၆၁၉၂၈၉၀**
ဦးမြင့်မောင်		**ဖုန်း-၀၉-၄၉၂၀၅၉၅၁**
ဦးထွန်းဇော်	**(ရန်ကုန်မြို့)**	**ဖုန်း-၀၉-၅၁၂၄၆၉၈**
ဦးညွန့်ဇော်	**(မန္တလေးမြို့)**	**ဖုန်း-၀၉-၂၀၅၁၆၈၃**

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် ''မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရပါသော **သဒ္ဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာ ဦးစိုးသိန်း** (မန်နေဂျင်းဒါရိုက်တာ)၊ ရွှေခနေအောင်ကုမ္ပဏီလီမိတက်အား အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဇနီးဖြစ်သူ **အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း** (လက်ထောက်ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)နှင့်အတူ ဘဝခရီးတွင်စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းပြည့်စုံစွာဖြင့် နှစ်ဦးသဘောတူကြည်ဖြူစွာဆောင်ရွက်လျက်ရှိသော ဘာသာ၊ သာသနာအကျိုးတိုးတက်စေရန် လှူဒါန်းမှုများ၊ လူမှုရေးပရဟိတလုပ်ငန်းများတွင် လှူဒါန်းကူညီမှုများအား ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကာ ဂုဏ်ပြုအပ်ပါသည်။

ညီလေး ကိုသန်းနိုင် (Goody)- ညီမလေး စန္ဒာ
လှသီတာရွှေဆိုင်

အထူးလှိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် ဆရာတော် ဘဒ္ဒန္တကေတု(မဟာဂန္ထဝါစကပဏ္ဍိတ)မြို့မ ပရိယတ္တိစာသင်တိုက် မောင်တောမြို့ ရခိုင်ပြည်နယ်အား **''အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်''** ဆက်ကပ်ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် ဆရာတော်နှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းသာဂုဏ်ယူမိပါသည်။

မဏ္ဍလာကံယုံကျောင်း၊ သာသနာလင်္ကာရစာသင်တိုက်၏ ဂေါပကအဖွဲ့၊
မောင်တောမြို့နယ်အသင်း (ရန်ကုန်)နှင့် ဒါယကာ ဒါယိကာမများ (ရန်ကုန်)

စလင်းမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအား ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ စလင်းပရိယတ္တိစာသင်တိုက်ရှိ ဂန္ဓကုဋိဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် မတ်လ၌ ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သား၊ သမီးများစာရင်းကို ၂၃-၁-၂၀၁၆ ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ အကြောင်းကြားပါရန်နှင့် အသင်းသူ အသင်းသားများ၊ မိသားစုများနှင့် စလင်းမြို့နယ် သူ/သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်မှာ ဦးငွေကြွယ် ဖုန်း-၂၉၉၇၂၆၊ ဦးမျိုးချစ် ဖုန်း-၀၉-၂၅၄၇၈၉၉၃၃၊ ဦးစိုးညွန့် ဖုန်း-၀၉-၇၃၀၉၅၀၁၉၊ ဦးဝင်းလှိုင် ဖုန်း-၀၉-၆၄၅၇၃၃၊ ဦးစန်းညိုအောင် ဖုန်း-၂၅၀၁၅၄၀၄၈၊ ဗိုလ်မှူးသန်းအေး(ငြိမ်း) ဖုန်း-၀၉-၅၀၇၉၄၇၁၊ ဒေါ်မေခင်ညွန့် ဖုန်း-၀၉-၂၅၄၉၅၅၂၈ တို့ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့

ရန်ကုန်စက်မှုတက္ကသိုလ် EP & EC ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ဆဌမအကြိမ်မြောက် EP & EC ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယ ပူဇော်ပွဲကို ၁၄-၂-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီမှ မွန်းလွဲ ၁း၀၀နာရီအထိ ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပပါမည်။ EP & EC ကျောင်းသား ကျောင်းသူဟောင်းများအားလုံး စုံညီစွာတက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်ကြပါရန် နှိုးဆော်လိုက်ပါသည်။ FaceBook Account:Epec RitYit

၁။ ဦးအေးဝင်း EP-76	ဖုန်း-၀၉-၂၅၄၂၇၈၇၃၇	၁၀။ ဒေါ်ရွှေအေး EC-84	ဖုန်း-၀၉-၄၅၀၀၀၀၀၃၁
၂။ ဦးခင်မောင်ဇော် EP-77	ဖုန်း-၀၉-၅၁၄၀၅၈၂	၁၁။ ဒေါ်အယ်ခေါန်တောင် EC-84	ဖုန်း-၀၉-၅၁၃၅၃၆၅
၃။ ဦးသိန်းထွေး EC-77	ဖုန်း-၀၉-၂၆၀၄၅၅၃၂၄	၁၂။ ဦးမျိုးနိုင် EC-86	ဖုန်း-၀၉-၅၀၁၂၆၀၁
၄။ ဦးတင်အောင် EP-78	ဖုန်း-၀၉-၅၁၄၃၈၈၃	၁၃။ ဒေါ်နိုင်နိုင်မွန် EC-86	ဖုန်း-၀၉-၇၃၀၆၀၄၂၅
၅။ ဒေါ်ကြည်ကြည်ဝင်းEC-79	ဖုန်း-၀၉-၅၁၄၈၃၇၉	၁၄။ ဦးသော်တာ EC-87	ဖုန်း-၀၉-၅၀၁၅၃၈၅
၆။ ဦးမျိုးဆွေ EC-80	ဖုန်း-၀၉-၇၃၀၃၁၉၁၄	၁၅။ ဦးသန်းတူးကျော် EC-91	ဖုန်း-၀၉-၂၀၄၂၁၉၈
၇။ ဦးအောင်နိုင်မြင့် EC-81	ဖုန်း-၀၉-၇၃၁၀၅၇၁၄	၁၆။ ဦးအောင်ဇော်လင်း EC-91	ဖုန်း-၀၉-၅၁၃၆၈၁၄
၈။ ဒေါ်ညိုညိုသက် EC-82	ဖုန်း-၀၉-၇၃၀၉၅၃၅၈	၁၇။ ဦးအေးမင်းလှိုင် EC-95	ဖုန်း-၀၉-၅၀၂၁၀၈၅
၉။ ဦးကိုကိုနိုင် EC-83	ဖုန်း-၀၉-၅၀၁၇၁၄၆	၁၈။ ဒေါ်ညိုညိုခိုင် EC-95(Sept)	ဖုန်း-၀၉-၅၁၀၁၃၃၁

၁၉၆၉ခုနှစ်၊ U.T.C ကျောင်းသားများ၏ ပဉ္စမအကြိမ် တွေ့ဆုံပွဲဖိတ်ကြားခြင်း

အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ် ရန်ကုန်သို့ ၁၉၆၉ခုနှစ်တွင် ဝင်ရောက်ခဲ့ကြသောသူငယ်ချင်းများ၏ ပဉ္စမအကြိမ်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ။)

အစီအစဉ်

ကျင်းပမည့်ရက်	-	၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-	ညနေ ၅း၃၀နာရီ
ကျင်းပမည့်နေရာ	-	တော်ဝင်နှင်းဆီ အဆင့်မြင့်စားသောက်ဆိုင် ၂၂၁/၂၂၃၊ ရွှေဂုံတိုင်၊ ဗဟန်း၊ ရန်ကုန်မြို့။

ဆက်သွယ်ရန် ကျော်ဇေယျ ဖုန်း-၀၉-၅၀၀၇၈၄၉၊ စိုးညွန့် (တော်ဝင်နှင်းဆီ) ဖုန်း-၀၉-၅၀၁၃၆၂၃၊ ဇော်ယု ဖုန်း-၀၉-၅၅၀၅၀၈၄၊ ထွန်းဝင်းဖုန်း-၀၉-၅၁၂၉၀၅၂၊ အောင်ငွေး ဖုန်း-၀၉-၇၃၁၇၂၃၉၆

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၇ယ/၇၈၆၀၅ HONDA WAVE MCHJA ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြင့်မြင့်အေး ၉/မလန(နိုင်) ၀၈၂၇၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

၁၉၇၅-၁၉၇၉ ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ကျောင်းသား/သူများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက်

အစည်းအဝေးဖိတ်ကြားခြင်း

သူငယ်ချင်းတို့ရေ

အာစရိယပူဇော်ပွဲအတွက် တိုင်ပင်ဆွေးနွေးကြဖို့ ဖိတ်ခေါ်အပ်ပါတယ်၊ မပျက်မကွက်ဆက်ဆက်လာခဲ့ကြပါ။

နေ့ရက်	-	**၂၄-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့)**
နေရာ	-	TG Bar, Golden Hill **ကမ္ဘာအေးဘုရားလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့**
အချိန်	-	**မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၄း၀၀ နာရီ**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၇၉၇၅ HONDA DREAM ND 125 M ယာဉ်လက်ဝယ်ရှိသူ ဦးအင်ဖျာအဲ ၁၃/တခလ(နိုင်) ၀၁၆၀၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ မော်စက်ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၉၁၄/က)၊ မြေအကျယ် ၂၀'×၆၀'နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသည့် အုပ်ညှပ်သွပ်မိုးနှစ်ထပ်တိုက်(၁)လုံးကို ဒေါ်အေးစန္ဒာ(၁၂/ဒလန(နိုင်)၀၇၁၅၉၂)မှ ၎င်းပိုင်ဆိုင်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုထားသည့်အတွက်

အဆိုပါမြေနှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်အေး(၁၂/ဒလန(နိုင်) ၀၁၅၅၇၄) အမှတ်(၁၃၂၃)၊ ဗိုလ်ဥတ္တမလမ်း၊ မော် စက်ရပ်ကွက်မှ ဝယ်ယူရန်သဘောတူခဲ့ပြီး စရံငွေအချို့ကို ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်ခင်အေးထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်မြင့်
အထက်တန်းရှေ့နေ (စဉ်-၂၁၇၂၃)
အမှတ်(၁၃၂)၊ မေတ္တာကာရီလမ်း၊အမှတ်(၆)ရပ်ကွက်၊ ဒလမြို့။
ဖုန်း ၀၉-၄၂၁၀၀၀၀၃၁၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/9416 ယာဉ်လက်ဝယ်ရှိသူ မောင်လင်းစက်ရောင်စိုး (အုပ်ထိန်းသူ) ဒေါ်တင်ထွေး ၁၂/မရက(နိုင်)၁၀၀၈၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

အထက(၂) မော်ဘီ အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အထက(၂) မော်ဘီတွင်ပညာသင်ကြားပေးခဲ့ကြသော ၁၉၆၆ မှ ၁၉၇၅ ခုနှစ်အထိ ထက်၊ လယ်၊ မူ ဆရာ ဆရာမကြီးများနှင့် ၁၉၇၆ မှ ၁၉၈၅ခုနှစ်အထိ အထက်တန်းပြ (သက်ပြည့်အငြိမ်းစား)ဆရာ ဆရာမကြီးများအား နဝမအကြိမ်အာစရိယပူဇော်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက် တနင်္ဂနွေနေ့တွင် အထက(၂)မော်ဘီမေတ္တာရောင်ခြည် ခန်းမ၌ ကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး (မည်သည့်ခုနှစ်မဆို)ကြွရောက်ပူဇော်ကန်တော့ကြပါရန်ဖိတ်ကြားအပ်ပါသည်။ လာမည့် ၂၀၁၇ ခုနှစ်တွင် အထက(၂)မော်ဘီကျောင်းတော်ကြီး၏ သက်တမ်း နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူဟောင်းများက သိန်း(၂၃၀၀) ခန့်တန်ဖိုးရှိသော ''ဘက်စုံဖွံ့ဖြိုးရေးခန်းမ''ကို လှူဒါန်းတည်ဆောက်နေပြီဖြစ်ပါ၍ တတ်နိုင်သမျှ ပညာဒါနကုသိုလ်ပါဝင်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလှူငွေများလှူဒါန်းလိုပါက

ဒေါက်တာဦးစောကလယ်ရှု	ဖုန်း-၀၉-၅၁၆၅၈၁၄
ဒေါ်အေးအေးစိုး	ဖုန်း-၀၉-၇၉၁၄၃၂၇၁၇၊ ၀၉-၄၂၀၁၉၂၂၈
ဦးမောင်မောင်ဦး	ဖုန်း-၀၉-၇၉၀၁၄၁၃၆၅၊ ၀၉-၂၅၃၀၆၉၇၁၇

ငွေစာရင်းအမှတ် ၀၇၉၁၂၂၀၀၀၈၇၂၂
ကမ္ဘောဇဘဏ် (ထောက်ကြန့်) သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၏ (၅၆)ကြိမ်မြောက် ဇန်နဝါရီလ(၉၊ ၁၀) ဦးရေ(၇၁၀၀)ပြည့် အလင်းဒါနအစီအစဉ်တွင်

သီတဂူဦးဟန်၏ (၉၁)နှစ်ပြည့်မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မေတ္တာစင်တာ ဖောင်ဒေးရှင်းနှင့် အောင်ကျော်သူ ဖောင်ဒေးရှင်း၊စင်ကာပူ-ရန်ကုန် ဓမ္မမောင်နှမများက ခွဲစိတ်လူနာဦးရေ(၁၀၀) အတွက် ကျပ်ငွေသိန်း (၄၀)ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူ၍ ရွှေပြည်ဟိန်း ဆရာတော်ထံ လှူဒါန်းကြသည်ကို ဂုဏ်ပြု မှတ်တမ်းတင်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာန – ရွှေပြည်ဟိန်းကျောင်း

သီတဂူ–ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ – ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊ [ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၁၄၉၁၊ ၀၉–၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်ခေမာသီရိလင်္ကာရ (AccountNo.00730200701690301)

မြောက်ဦးဆရာတော်၏ (၅၂)ကြိမ်မြောက် (ရန်ကုန်)
အထူးအလုပ်ပေးတရားစခန်း

နေရာ - ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ (အမှတ် ၃ လမ်းမကြီး၊ ရခိုင်ကျောင်း မှတ်တိုင်တွင် ဆင်းပါ။)

တရားစခန်းရက် - (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော်၇ ရက်မှ တပို့တွဲလဆန်း၂ရက်ထိ) (၃၁-၁-၂၀၁၆ ရက်မှ ၁၀-၂-၂၀၁၆ ရက်ထိ)

စာရင်းလက်ခံမည့်ရက် - (၁၃၇၇ ခုနှစ် ပြာသိုလဆန်း ၁၃ ရက်) ၂၂-၁-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီ (ဦးရာလူစနစ်ဖြင့် လက်ခံပါမည်)

မှတ်ချက် ။ ။ တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ၅၀၀၀ိ/-ကို တစ်ပါ တည်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ကျန်းမာရေးမကောင်းသူများ လက်မခံပါ)

ဓမ္မဝန်ဆောင်အဖွဲ့ (ရန်ကုန်)

ဖုန်း-၀၉-၄၂၁၁၄၃၂၁၀၊ ၀၉-၄၄၈၀၃၂၂၇၈

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားခြင်း

ကြော်ငြာစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၆ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃
(ကွယ်လွန်သူ ဦးခင်အောင်၏ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း)

ဒေါ်စန်း **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၂၆၅)တွင် နေထိုင်သော ဒေါ်စန်းက ကွယ်လွန်သူ ဦးခင်အောင်၏ ဇနီးဖြစ် သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၂၆၅)နေ ၄င်းကွယ်လွန်သူ ဦးခင်အောင်၏ ကျန်ရှိရစ်သော ပစ္စည်းများအနက် အင်းစိန်မြို့နယ်၊ သမဝါယမဘဏ်(C.B Bank)ခွဲတွင် စုဆောင်းကျန်ရှိထားသော ဘဏ်စုငွေ-၃၀၀၉၂၂၉၀ိ/အား ထုတ်ယူနိုင်ရန်အတွက် အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်ရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည် ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးခင်အောင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရှိရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၂၆ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော်၂ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၄င်းနေ့ရက်တွင် အထက်အမည်ပါ လျှောက်ထားသူ၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်ကို ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မြင့်)
ခရိုင်တရားသူကြီး(၃)
မြောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုန်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
တောင်ကြီးခရိုင်တရားရုံးတော်
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် ၈၀

ဒေါ်ချင်းရင်(ခ) မချင် **နှင့်** ဒေါ်ကြူကြူ

တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ကန်အောက်ရပ်၊ အနော်ရထာလမ်း၊ အမှတ် (၂၇/က) (ယခုနေရပ် လိပ်စာမသိ)နေ ဒေါ်ကြူကြူသိစေရမည်။

သင်အပေါ်၌ တရားလိုက ချေးငွေကျပ် ၁၇၀၀၀၀၀၀ိ/နှင့် နိုင်ငံတော်မှ သတ်မှတ်သော အတိုးနှုန်းဖြင့် လျော်ကြေးငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၈ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုအဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၁ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်ဝေ)
ဒုတိယခရိုင်တရားသူကြီး(၃)
တောင်ကြီးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၇

၁။ ဦးရဲလွင်ဦး **နှင့်** ဦးမောင်တိုး
၂။ ဦးအောင်လင်း

တရားလိုများ **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၀)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် ၈နေ တရားပြိုင်ဖြစ်သော ဦးမောင်တိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဋိညာဉ်စာချုပ်အတိုင်း တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် သင်၏အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၅ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်ခင်လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရီရီခင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လက်ပံတန်းမြို့နယ်တရားရုံး
၂၀၁၆ခုနှစ် တရားမ မူလမှုအမှတ်-၃

ဒေါ်ကြည်ကြည်ဝင်းခိုင် **နှင့်** ဦးမျိုးနိုင်(ဘ)ဦးလှမြင့်

တရားလို **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မအူကုန်ရပ်ကွက်၊ ကံကြီးလမ်းနေ ဦးမျိုးနိုင် ကာယလုပ်သား (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကြည်ကြည်ဝင်းခိုင်က တရားဝင်အကြင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နန္ဒမျိုး)
တွဲဖက်မြို့နယ်တရားသူကြီး
လက်ပံတန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ရုံးရပ်၊ မြေကွက်/ဦးပိုင်အမှတ် (၅)၊ ဧရိယာ ၂၁သမ၁၆၈ ဧကရှိ စက်ရှင်ရုံး အမည်ပေါက် အစိုးရမြေကွက်အား မြို့နယ်တရားသူကြီးရုံးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀တောင်၊ မြေကွက်အမှတ် ၂၄၃၄/ခ၊ မြေကွက်တည်နေရာအမှတ် ၂၄၃၄/ခ၊ ဇေယျဝတီ(၃)လမ်း၊ ၁၀ တောင်၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ ဦးမြသန်း ၁၂/သကတ(နိုင်)၀၃၆၅၃၂၊ ၂။ ဒေါ်စိန်ရီ ၁၂/သကတ(နိုင်)၀၃၆၅၀၂ အမည်ပေါက် နှစ် ၆၀ဂရန်မြေကို ဦးမြသန်း၊ ဒေါ်စိန်ရီတို့မှ (ဂရန်)မူရင်းပျက်စီးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် (သကတ/၁၀(တ) ၀၄၈၄/၉၃(၁၁-၁၀-၉၃) ဦးမြသန်း၊ ဒေါ်စိန်ရီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေငှားစာချုပ် ဂရန်(မူရင်း) စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်

အမှတ် (၇၂)၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်ရှိ ပင်လုံ ထိပ်ထားစံအိမ် ကွန်ဒိုတွင် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ ဝန်ထမ်းနေရာများအတွက် ကိုယ်ရေးရာဇဝင်အကျဉ်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာများဖြင့် ၁၅-၂-၂၀၁၆ ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

(၁) ဒုတိယမန်နေဂျာ (၁) ဦး လစာ တစ်သိန်းငါးသောင်း
(၂) လုံခြုံရေးဝန်ထမ်း (၁)ဦး လစာ တစ်သိန်း

ရေပိုက်လုပ်ငန်းနှင့် လျှပ်စစ်လုပ်ငန်းကျွမ်းကျင်သူများအား ဦးစားပေးရွေးချယ်ပါမည်။

ဖုန်း-၀၉-၂၅၂၈၉၃၄၆၄၊ ၀၉-၃၃၃၉၀၃၅၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/1019 Mazda Familia VAY 12 S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်နိုင် ၁၂/မဂတ(နိုင်) ၀၂၃၁၁၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံး သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

" ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်"

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် (၁၈/အေ) တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော THA MOE HNYE' CHAIN THAR WOOD BASED INDUSTRY COMPANY LIMITED (တာမိုးညဲချမ်းသာသစ်အခြေခံစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်) သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိတို့ကုမ္ပဏီ၏ မူပိုင်အဖြစ်ပြုလုပ်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

TMH | TMH

မှတ်ပုံတင်စာချုပ်အမှတ် ၄/၁၆၃၉၆/၂၀၁၅ | မှတ်ပုံတင်စာချုပ်အမှတ် ၄/၁၆၃၉၅/၂၀၁၅

တာမိုးညဲချမ်းသာသစ်အခြေခံစက်မှု လုပ်ငန်းကုမ္ပဏီလီမိတက်
ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၅၅/၂၀၀၁-၂၀၀၂

တာမိုးညဲချမ်းသာသစ်အခြေခံစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်သည် အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ကွန်ကရစ် တိုင်ထစ်မျိုးတည်းကိုသာ အရွယ်အစားအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုးပြုလုပ်ပြီး အဆိုပါ ကွန်ကရစ်ကျောက်တိုင်ပေါ်တွင် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို အသားတံဆိပ် ရိုက်နှိပ်၍ ဖိနှိပ်၍ ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချီရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း။ ထင်ယောင်ထင်မှားတုပပြုလုပ်သုံးစွဲ၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း။ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း။ လက်ဝယ်ထားခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်မျိုးထက် (LL.B)
အထက်တန်းရှေ့နေ
အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၇၈၆၀၁

မြေးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ စောလှတော်လမ်း၊အမှတ်(၃၇၄)တွင်နေထိုင်သော ဦးဝင်းကြည်(၁၂/ဗဟန(နိုင်)၀၇၂၁၁၈)ကိုင်ဆောင်သူကျွန်ုပ်၏မိတ်ဆွေနှင့်၎င်း၏ဇနီး(ဒေါ်စန်းတင့်)တို့မှမွေးဖွားသော သမီးဖြစ်သူ(ဒေါ်လှဲ့လှဲ့နွယ်)မှာကွယ်လွန်သွားပြီဖြစ်၍ ၎င်း၏အမွေခံစားခွင့်ရှိသောမြေးတော်စပ်သူ မခွာညိုလှိုင်(၁၂/ဒဂဆ(နိုင်)၉၁၅၉၃၁)သည် အဖိုးဖြစ်သူ၏စီမံခန့်ခွဲပြောဆိုဆုံးမမှုများအား နာခံခြင်းမရှိဘဲအဖိုးဖြစ်သူကို ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင်ပြုမူဆောင်ရွက်နေသည့်အတွက် အမွေစားအမွေခံမြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

ဦးဝင်းကြည်၏လွှဲအပ်ညွှန်ကြားချက်အရ –

ဦးဇော်မိုးလွင် LL.B | ဦးသိန်းထူး LL.B
အထက်တန်းရှေ့နေ(စဉ်– ၄၃၁၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၁၅)
ဖုန်း –၀၉ ၂၅၆၂၈၆၃၉၁ | ဖုန်း – ၀၉ ၇၃၀၁၄၄၁၄

ယနေ့ခေတ်တွင် Flavour ဟုခေါ်သော
အရသာတုများကို အစားအသောက်များတွင် ထည့်သွင်းလာကြပါတယ်။
ဒီတော့ ကျန်းမာရေး အတွက် မကောင်းဘူးပေါ့ ...။
သောက်သုံးသူ မိဘပြည်သူများ ယုံကြည်စိတ်ချစွာသောက်သုံးနိုင်ရန်
ဓါတုပစ္စည်း အရောအနှော လုံးဝမပါဝင်တဲ့ ...

ရင်တုန်ကင်းဝေး ... ဆိမ့်သက်လေးမို့ လူတိုင်းရင်မှာ
Gold Roast ပါ။

www.facebook.com/GoldRoastMyanmar

ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ နနွင်း၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ ခရမ်းချဉ်သီး၊ မန်ကျည်းသီး၊ အာလူး၊ ကြက်ဟင်းခါးသီး၊ ဂေါ်ဖီထုပ် ဂေါ်ဖီပွင့်၊ ပဲပိစပ်၊ ပဲမျိုးစုံ၊ ရွှေဖရုံသီး၊ ကြက်ဥ၊ ဒန့်သလွန်၊ မုန်လာဥနီ၊ နာနတ်ပွင့်၊ တညင်းသီး၊ အချိုမှုန့် စသည်တို့ကို ကျန်းမာရေးရှုထောင့်မှ စုံလင်စွာရေးသားဖော်ပြထားသည့်

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော . . .

"မီးဖိုချောင်သုံးအစားအစာများနှင့် ကျန်းမာရေး"

ဖြန့်ချိရေး - FAME Publishing House
အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့။ ဖုန်း - ၀၁ - ၆၈၅၆၀၉၊ ၆၈၂၁၉၉၊ ၆၈၅၀၈၃
Fax: 95-1-680122, E-mail : marketing@famepharma.com, FAME Pharmaceuticals

"ရွှေဝါဝင်း အဆင့်မြင့် မန္တလေးဖိနပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

မန္တလေးမြို့၊ မင်းသားစု၊ ဝါးတန်းရပ်၊ ၈၆ လမ်း၊ ၄၂×၄၃ လမ်းကြားနေ ဦးကျော်လင်းဌေး (ဘ) ဦးဌေးမောင် ၅/ခတန(နိုင်)၀၀၂၁၁၈နှင့် ဒေါ်သူသူဝင်း (ဘ) ဦးရီမောင် ၉/မနတ(နိုင်)၀၀၆၈၂၅ ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများက **ရွှေဝါဝင်း**အမည်အမှတ်အသားဖြင့်"အဆင့်မြင့် မန္တလေး ဖိနပ်"အမျိုးမျိုးကိုထုတ်လုပ်၍ မန္တလေးမြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။"**ရွှေဝါဝင်း**" အမည်အမှတ်အသားနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ သက်သေအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူများမရှိပါက **ရွှေဝါဝင်း** အမည်အမှတ်အသားဖြင့် "အဆင့်မြင့်မန္တလေးဖိနပ်" အမျိုးမျိုးကို ကျွန်ုပ်၏မိတ်ဆွေများက တရားဝင် မှတ်ပုံတင်သွင်း၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပပ	**ဒေါ်အေးသီတာအောင်**	**ဒေါ်သန်းသန်းဝင်း**
LL.M	**LL.M**	**LL.B**
(စဉ်-၃၆၈၆၅)	**(စဉ်-၃၆၉၅၄)**	**(စဉ်-၃၅၉၄၇)**

အထက်တန်းရှေ့နေများ
၈၆ လမ်း၊ ၄၅×၄၆ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၇၉၈၆၉၉၅၄၄၊ ၂၅၇၃၈၆၀၀၆

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရွှေအင်ကြင်းရိပ်မွန်၊ တိုက်(B)၊ အခန်း(၆) (Penthouse)အပါအဝင်ကို ဝယ်ယူမည် ဖြစ်ကြောင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေမှ အထက်ဖော်ပြပါတိုက်ခန်းဝယ်ယူရန် ရောင်းချသူ ဦးတင်ဦး (၁၂/တမန(နိုင်)၀၃၃၄၆၀)သို့ စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ ရှိပါက ကျွန်ုပ်ထံသို့အထောက်အထားအစုံအလင်ဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်က အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်လှဲ့လှဲ့ဝင်းဟန် (LL.B)	**ဒေါ်ဆုလှဲ့ဝေ (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၆၃)	**အထက်တန်းရှေ့နေ (စဉ်-၂၇၄၇၁)**

ဖုန်း - ၀၉ ၅၀၀၆၈၄၃
တိုက်-၉/၁၁၊ အခန်း(၁၀၁-A)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ အကွက်အမှတ် ၉၊ ဈေးပိုင်း၊ မြေကွက်အမှတ် ၁၄၄၊ ၁၂၈[B]၊ ဦးပိုင်အမှတ် ၉၅၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၂၆၃ ဧကရှိ ဦးမောင်တင်အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၄×၅)ပင် ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ နှစ်ထပ်အိမ်အဆောက်အအုံတစ်လုံးအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ညောင်လေးပင်မြို့ မှတ်ပုံတင်စာချုပ်အမှတ် ၇/၂၀၁၆ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အရ တရားဝင်လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသည့် ဒေါ်တင်တင်အေး၊ ဦးမြင့်အောင်၊ ဒေါ်ခင်ခင်အေး၊ ဒေါ်ခင်လေး၊ ဒေါ်နီနီလွင်၊ ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်စန်းစန်းချို၊ ဒေါ်ဌေးဌေးမြင့်၊ ဒေါ်သီတာဦး၊ ဒေါ်ဖြူပြာဦး၊ ဒေါ်နန္ဒာဦး၊ ဒေါ်သန္တာဝင်း၊ ဒေါ်တင်တင်မွေးတို့မှ ဝယ်ယူသူထံသို့ အပိုင်ရောင်းချရန်အတွက် စရန်ငွေ ရယူထားပြီးဖြစ်ပါသည်။

ယင်းသို့ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ရောင်းချသူများထံသို့ဖြစ်စေ ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရောင်းချသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကောင်းထင်လင်းစိုး LL.B
အထက်တန်းရှေ့နေ(စဉ်-၄၁၉၂၅)
အမှတ်-၇၊ ကြားတောရ ၁ လမ်း၊ မြို့မ(၂)ရပ်ကွက်၊ ညောင်လေးပင်မြို့၊
ပဲခူးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၈၂၀၈၆၆၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

